ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့၊ (3-2-2015) (၈၁၀၅)

အနှစ်ရှိသော တရား

သာရဉ္စသာရတော ဉတွာ၊ အသာရဉ္စ အသာရတော၊
တေ သာရံအဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍ လည်းကောင်း၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ လည်းကောင်း သိမြင်ကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှု၊ အာရုံရှိရကား အနှစ်ရှိသောတရားကို ရရှိနိုင်ကြကုန်၏။

(ယမကဝဂ်၊ ဓမ္မပဒ)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စာမျက်နှာ » ၅

“ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးကို အထူးအလေးထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ထမ်းများအငြိမ်းစားယူပါက ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေမည့်အစီအစဉ်များလည်း ဖော်ဆောင်ပေးမည်”

သတင်း စာမျက်နှာ » ၈

သပြေထွန်း

နွေစပါးစိုက်ပျိုးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို မြှင့်တင်လျက်ရှိ

ဖျာပုံ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင်သည် မိုးစပါးဖြစ်သည့် ပေါ်ဆန်းမွှေး (ဘေးကျားလေး) အဓိကစိုက်ပျိုးခြင်းနှင့် နွေစပါးသီးထပ်ရင် (ရက်-၁၀၀) သုံးလခွဲမျိုးစပါးများ အဓိကစိုက်ပျိုးဖြစ်ထွန်းသောဒေသ ဖြစ်သည်။ ယခုနှစ်များအတွင်း နွေစပါးစိုက်ပျိုးမှုပမာဏမှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၆၇၂၈၇ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၇၁၀၂၂ ဧကနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဇန်နဝါရီလ နောက်ဆုံးပတ် (ထွန်တုံးမပိတ်မီ)အထိ ၃၄၂၅၀၀ ဧက အသီးသီးရှိခဲ့ရာ အဆိုပါနှစ်များ၏ နွေစပါးစိုက်ပျိုးမှုပမာဏမှာ တစ်နှစ်ထက်တစ်နှစ် ကွာခြားမြင့်တက်လာသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ နွေစပါးစိုက်ဧကများ မြင့်မားတိုးတက်လာခြင်း၏ အခြေခံအကြောင်းအရင်းများသိလို၍ မေးမြန်းကြည့်ရာ “အဓိကကတော့ စိုက်ပျိုးရေပဲဗျ။ ရေမရှိရင် စပါးစိုက်လို့မရဘူး။ ရေရှိရင် စိုက်လို့ရနိုင်တယ်။ ကျွန်တော်ကိုယ်တိုင်က စပါးဧက ၁၀၀ ကျော် လုပ်ပါတယ်။ ဧကများလာတာနဲ့အမျှ အဓိကကြုံတွေ့ရတဲ့အခက်အခဲက စိုက်ပျိုးရေရရှိမှုခက်ခဲတာနဲ့ လုပ်သားရှားပါးမှုပြဿနာပါ။ နောက်တစ်ချက်က ရိတ်သိမ်းချိန်မှာ ရိတ်သိမ်း၊ ခြွေလှေ့၊ အခြောက်လှန်းစက်စတဲ့ ဆက်စပ်ကိရိယာအင်အားလည်း လိုတယ်ပေါ့။ ပြီးတော့ ဓာတ်မြေဩဇာလည်း လိုတယ်။ ဓာတ်မြေဩဇာကိုလည်း ကုမ္ပဏီတွေကပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာဌာနကပဲဖြစ်ဖြစ် ခေါ်က်ပြန်ကြေးသဘောမျိုး ဒါမှမဟုတ်လည်း စပါးပေါ်ပေးသဘောမျိုးသတ်မှတ်ပြီး ရောင်းချပေးမယ်ဆိုရင်တော့ ဓာတ်မြေဩဇာအတွက် တစ်ကဏ္ဍစိတ်အေးရသေးတာပေါ့။ ဒီနှစ်တွေမှာ ထိုင်ဝမ်ခရုလို့ ခေါ်တဲ့ ရွှေခရုကျားတွေကလည်း အရမ်းကိုက်တယ်။ နှိမ်နင်းလို့လည်း မလွယ်ဘူး။ အချို့ဆို ခရုကိုက်လို့ လယ်လေးငါးဧက မရိတ်လိုက်ရဘူး။ အကုန်လုံး ငုတ်တုတ်ပဲ။ အဓိကကတော့ ရေရရှိရေးပါပဲဗျာ။ ကျွန်တော်တို့ ဒေးဒရဲမြို့နယ်မှာ ကျွန်တော်သိရသလောက်တော့ မဂွမ်းပုံရေတံခါးတစ်ခုပဲ ရှိတယ်။ ဒါကလည်း သက်ဆိုင်ရာဌာနက ဟိုတုန်းကစိုက်ဧကနဲ့ ဟိုးတုန်းကအခြေအနေအရ လုံလောက်မှုရှိလို့ ဒီရေတံခါးတစ်လုံးပဲ ဆောက်ခဲ့တာနေမှာပေါ့။ ဒီဘက်နှစ်တွေမှာ တကယ်တမ်း နွေစပါးတွေသူတင်ကိုယ်တင်စိုက်လာကြတဲ့အခါ သူ့လယ်၊ ကိုယ့်လယ်ထဲ ရေရောက်ဖို့တော်တော်ကြိုးစားရတာဗျ။ လက်ရှိအခြေအနေကတော့ ဒီကျိုဘုတ်ချောင်းက ရေနဲ့ပဲ အဆင်ပြေသလောက် သုံးနေကျတာပါပဲ။ အရင်နှစ်လောက်တုန်းက **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းအနီး ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တည်ဆောက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းအနီး(သိမ်ဖြူကွင်းအနီး)တွင် ကန်သာယာစင်တာ တည်ဆောက်မှုစီမံကိန်းအတွင်း ကြယ်ငါးပွင့်အဆင့်ရှိသော ဟိုတယ်အဆောက်အအုံတစ်ခုကို စီစဉ်လျက်ရှိကြောင်း သိရသည်။

ထိုဟိုတယ်အဆောက်အအုံနှင့်ပတ်သက်၍ Asia Myanmar Shining Star Co., ltd. နှင့် အမေရိကန်အခြေစိုက် Wyndham Hotel Group တို့၏ Operation ကန်ထရိုက်လက်မှတ်ရေးထိုးပွဲကိုလည်း ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ပြုလုပ်ခဲ့ကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီလုပ်ငန်းရှင်များလည်း တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅၊ ၁၆၊ ၁၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပါရှိပါသည်။

သာမန် သမရိုးကျခြင်လုံဇကာ ၏ အားနည်း ချက် အားလုံး ကို ဖြည့် စွက် ပေး နိုင် သော

အသွင်သစ်! Roll-Up ရှိုလာ ခြင်လုံဇကာ

မိမိ နဂို ရှိပြီးသား တံခါး ပေါက်၊ ပြတင်းပေါက်၊ ကျည်းဘောင် များ ပြောင်းလဲရန် မလို ဘဲ အလွယ်တကူ တပ်ဆင် နိုင် သည်။

ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်သောကြောင့် နေရာယူ သက်သာသည်။

ပြတင်း/တံခါး ဆိုဒ် မျိုးစုံ ကို အိမ်အရောက်တပ်ဆင်ပေးသည်။

လက်ကားဝယ်ယူလိုသူများ ချိုသာသောဈေးဖြင့် ရရှိနိုင်ပါပြီ။

☎ - 09-25 991 8812 ,09-25 991 8813 , 09-4200 97588

Show Room 1 : အမှတ် N 8 / အခန်း (၀၀၁)၊ လေးဒေါင့်ကန် လမ်းမကြီး၊ တာမွေလေး ရပ်ကွက်၊ (Super One & ILBC အနီး)၊ တာမွေမြို့နယ်။ Show Room 2 : အမှတ် E- 21 ၊ သီရိရတနာ လက္ကားဈေး၊ သုဝဏ္ဏလမ်း၊ မြောက်ဥက္ကလာ၊ (အောင်မင်္ဂလာ အဝေးပြေး အနီး)

ကြေးမုံစာတည်းရှုထောင့် ၃-၂-၂၀၁၅၊ အင်္ဂါနေ့

ကျေးလက်ကျန်းမာရေး

မိမိတို့နိုင်ငံတွင် နိုင်ငံလူဦးရေ ၅၁ သန်းကျော်သည် မြို့ပေါင်း ၃၃၀ နှင့် ကျေးရွာပေါင်း ခြောက်သောင်းလေးထောင်ကျော်တွင် ပြန့်ကျဲနေထိုင်လျက်ရှိသည်။ မြို့ပြနှင့် ကျေးလက်နေလူဦးရေအချိုးသည် မြို့ပြတွင် ၃၀ ရာခိုင်နှုန်းရှိနေပြီး ကျေးလက်တွင် ၇၀ ရာခိုင်နှုန်းပြန့်ကျဲနေထိုင်လျက်ရှိသည်။ တောင်ပေါ်မြေပြန့်အနှံ့ အခြေချနေကြသော ကျေးလက်နေပြည်သူများမှာ သဘာဝရိုးသားကြသည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေနပ်ရောင့်ရဲကြသည်။ ဒေသအသိမှအပ ဒေသန္တရဗဟုသုတ အားနည်းကြသည်။

အထူးသဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သောကျန်းမာရေးနှင့် ပညာရေး၊ ပညာရေးတွင် ရွာတစ်ရွာ မူလတန်းကျောင်းတစ်ကျောင်း၊ ဆရာငါးဦးရှိလာစေရေး ဆောင်ရွက်နေသည်မှာ ယခုအခါ အတိုင်းအတာတစ်ခုထိ ခရီးပေါက်နေပြီဟု ဆိုနိုင်ပါသည်။ ဝေးလံဒေသများတွင် တာဝန်ထမ်းဆောင်ရေးအတွက် ဒေသခံများကို ဦးစားပေးလျက်ရှိနေရာ ဒေသခံများပီပီ ဒေသကို စွဲမြဲချစ်ခင်တတ်သည့်စိတ်ဓာတ်က တစ်ချက်ခုတ်နှစ်ချက်ပြတ် အကျိုးဖြစ်ထွန်းစေပါသည်။

ကျန်းမာရေးတွင်ကား အထူးသဖြင့် ကျေးလက်ဒေသများတွင် အားနည်းချက်များ ရှိနေသေးသည်။ သားဖွားဆရာမများ တစ်ရွာတစ်ဦး ခရီးမပေါက်နိုင်သေး။ မြို့ပြလူဦးရေ ၇၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေပြည်သူ ၃၀ ရာခိုင်နှုန်းသာရှိသော ရန်ကုန်တိုင်းဒေသကြီးတွင်ပင်လျှင် သားဖွားဆရာမ တစ်ရွာတစ်ဦး မရှိသေးချေ။ ရန်ကုန်စည်ပင်နှင့် အနီးကပ်ဆုံးနေရာတစ်ခုဖြစ်သည့် လူဦးရေလေးသောင်းကျော် နေထိုင်လျက်ရှိသော လှိုင်မြစ်တစ်ဖက်ကမ်း တိုးချဲ့ကြည့်မြင်တိုင်တွင် ဒေသန္တရဆေးခန်းလေးခုနှင့် သားဖွားဆရာမလေးဦးဖြင့် ကျန်းမာရေးအတွက် ဖြည့်ဆည်းပေးနေသည်။

နေပြည်တော်ကောင်စီနယ်မြေတွင်လည်း ကျေးလက်ဒေသများသို့ နယ်လှည့်ကျန်းမာရေးနှင့် ရောဂါရှာဖွေနှိမ်နင်းရေးဆေးတပ်ဖွဲ့မှ လစဉ်ပုံမှန်လှည့်ကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပေးနေသည်။ နယ်စွန်နယ်ဖျား အရပ်ဒေသနေ ပြည်သူများအတွက်မူကား ဒေသခံတိုင်းရင်းဆေးဆရာများ ရှိနေကြပါသည်။ ဒေသမှာသားစဉ်မြေးဆက်လက်ဆင့်ကမ်း ပညာအမွေခံယူဆေးကုသမှုပြုပေးနေကြရသူများဖြစ်သည်။ ကျန်းမာရေးတွင် ဒေသခံများနှင့် ဤဆေးဆရာများ တစ်သားတည်းဖြစ်နေတတ်ကြသည်။ မိသားစုပမာ နွေးနွေးထွေးထွေးရှိနေကြသည်။ လူနာအတွက် ဆေးဖိုးဝါးခမတတ်နိုင်သေးလည်း သည်းခံပေးသည်။ စပါးပေါ်ချိန် စပါးပေးလည်း လက်ခံပေးသည်။ ဆေးကုသမှုတွင် ကျေးလက်၏ "ဘာသာစနစ်" တစ်မျိုးဟု ဆိုရမည်။

ကျေးလက်ဒေသတွင် အနည်းဆုံး တစ်ရွာတစ်ဦးရှိနေကြသော ဤဆေးဆရာများကို စနစ်တကျ သင်တန်းပို့ချပေးကာ လိုအပ်သော ဆေးဝါးများကို တစ်နိုင်တစ်ပိုင် ပံ့ပိုးပေးသွားခြင်းဖြင့် ကျေးလက်ကျန်းမာရေး နေရာလွတ် ဖြည့်ဆည်းပေးသွား၍ ရနိုင်ပါသည်။ ဒေသခံများပီပီ ဒေသအပေါ် စေတနာဗရပွနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေကြသူများဖြစ်ရာ မူကောင်းတစ်ခုအတွင်းမှာ တရားဝင်စေခြင်းဖြင့် ကျေးလက်ကျန်းမာရေးတွင် သားရွှေအိုးထမ်းလာကိန်းဆိုက်သွားစေမည်မှာ အမှန်ဖြစ်ပါသည်။

ယခုနှစ်တွင် မိမိတို့နိုင်ငံ၏ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၀ထိရှိလာပြီး တစ်နှစ်လျှင် သူနာပြု ၂၀၀၀ အထိ မွေးထုတ်လာနိုင်တော့မည်ဟု သိရသည်။ လက်ရှိတွင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကုန်ဖွင့်လှစ်ထားကြောင်း၊ နယ်စပ်ဒေသမှာဆိုလျှင်လည်း သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သုံးကျောင်းထိ ဖွင့်လှစ်လျက်ရှိနေကြောင်း သိရသည်။

အနာဂတ်မိမိတို့နိုင်ငံ၏ ကျေးလက်ကျန်းမာရေးတွင် အားကိုးလောက်သူများ မွေးထုတ်ပေးနေသော ဤသင်တန်းကျောင်းများ တိုးပွားလာပါစေဟု ဆန္ဒပြုရင်း တစ်ဖက်မှာလည်း ဒေသခံတိုင်းရင်းဆေးဆရာများကို မြေတောင်မြှောက်ပေးရင်း နယ်လှည့်ဆေးအဖွဲ့များမှာလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပေးရင်းနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ပီပြင်လာနိုင်ပါစေဟု ကြေးမုံက ဆန္ဒပြုလိုက်ရပါသည်။ ။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းသည် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း အုပ်စု(၁) ကော်မရှင်စုပေါင်းရုံးခန်းမ၌ ကျင်းပသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၅) သို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်၏ ရုံးလုပ်ငန်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ ဘာသာရပ်များ လေ့လာသိရှိစေရန် အရာထမ်း၊ အမှုထမ်းများ အရည်အသွေးပြည့်ဝပြီး လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း လေးကြိမ် ဖွင့်လှစ်ကာ အရာထမ်း၊ အမှုထမ်း ၈၂ ဦးအား သင်ကြားပေးခဲ့ပြီးဖြစ်သည်။

ယခုဖွင့်လှစ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်အစဉ် (၁/၂၀၁၅)သို့ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကော်မရှင် ဥပဒေဘာသာရပ်၊ စီမံဘာသာရပ်၊ မြန်မာနိုင်ငံရဲလုပ်ငန်းနှင့် အထူးစုံစမ်းစစ်ဆေးရေးဘာသာရပ်များအား သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် အရာထမ်း၊ အမှုထမ်း၊ သင်တန်းသားများ စုစုပေါင်း ၁၂၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်	ရွှေဈေး	၆၉၆၄၀၀	-	၆၉၇၄၀၀
မန္တလေး	ရွှေဈေး	၆၉၆၄၀၀	-	၆၉၇၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၄၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၅၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၅. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၅၉. ၀
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၄. ၀၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၃၃၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၂. ၃၃
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၅၂၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၇၃. ၁၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၁၀၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၇၉၇. ၃၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၇. ၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကမ္ဘာ့မိုးလေဝသနေ့ အလွတ်တန်းဆောင်းပါးပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ မတ် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို "ရာသီပြောင်းမှုတုံ့ပြန်ဖို့ ဘက်စုံအသိဖြင့် ဆောင်ရွက်စို့" "Climate Knowledge for Climate Action" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးကော်မတီ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ဆောင်းပါးနှင့်အတူ မိမိတို့၏ ကိုယ်ရေးအချက်အလက်၊ ဆက်သွယ်ရမည့် လိပ်စာတို့ကို မတ် ၃ ရက်ထက် နောက်မကျဘဲ အရောက်ပေးပို့ရမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၂၀၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀နှင့် နှစ်သိမ့်ဆု နှစ်ဆုကို ငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားကို ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သော မတ် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၆ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၂၁၁ ဦး စုစုပေါင်းပညာသင် ၂၄၇ ဦးကို ပြည်ပနိုင်ငံ ၁၆ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဇန်နဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ပညာသင် အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့



ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၁၄-၂၀၁၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းတွင် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆု၊ လိုင်းနှင့်အနီးဆုံးရိုက်ချက်ဆုရရှိသူများအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေက Most Par, Most Birdie, Most Eagle, Longest Drive ဆုများနှင့် ကွင်းအလိုက်တစ်ဦးချင်း(အကျော့ပေး၊ အကျော့မဲ့)အကောင်းဆုံးဆုရရှိသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက တစ်ဦးချင်း(အကျော့ပေး၊ အကျော့မဲ့)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအားလည်းကောင်း၊ အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲများတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့် တတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းတို့အား လည်းကောင်း၊ အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲများတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အသင်းလိုက်(အကျော့ပေး၊ အကျော့မဲ့)ပြိုင်ပွဲများတွင် ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ဆုများပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ရွှေကြာပင်ရပ်ကွက် အောင်ရတနာကျောင်းတိုက်အနီး မိုးကောင်းဘုရားဥပစာရှိ မြေကွက်လပ်၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၊ ပုဗ္ဗသီရိမြို့နယ် ကိုယ်စားပြုအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ် ဖြစ်သော ထမနဲထိုးပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးလိုသည့် ဧည့်ပရိသတ်များ၊ ပြိုင်ပွဲအကဲဖြတ်အဖွဲ့၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ထမနဲထိုးပြိုင်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင်အသင်းများ၏ အားကြိုးမာန်တက်ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ဧည့်ပရိသတ်များကလည်း ရှမ်းအိုးစည်၊ အိုးစည်၊ ဒိုးပတ်၊ ကြွေအကနှင့် ရိုးရာအကများဖြင့် တပျော်တပါး တီးမှုတ်သီဆိုကခုန်အားပေးကြသည်။

ယင်းနောက်ပြိုင်ပွဲကို အစီအစဉ်အလိုက် ဆက်လက်ကျင်းပရာပြိုင်ပွဲဝင်အသင်းများကလည်း အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အဆိုပါ ထမနဲများကို ပြိုင်ပွဲသို့ လာရောက်အားပေးကြသည့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရာ လူကြီး၊ ကလေး ဧည့်ပရိသတ်များက စုစည်းဝိုင်းဖွဲ့ မြိန်ရှက်စွာ အားပေးသုံးဆောင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် အသင်းအမှတ်(၅)ရွှေကြာပင်လူငယ်အသင်း၊ ဒုတိယဆုရရှိသည့် အသင်း အမှတ်(၄)အမျိုးသမီးရေးရာအသင်းနှင့် တတိယဆုရရှိသည့် အသင်း အမှတ်(၃) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် နှစ်သိမ့်ဆုများနှင့် အထူးဆုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် နေပြည်တော်ကောင်စီဝင်များက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဇမ္ဗူသီရိမြို့နယ် စတုတ္ထအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အငြိမ့်၊ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

❖ ရန်ကုန်မြို့မှ

ရန်ကုန်မြို့၏ အချက်အချာနေရာဖြစ်သော ကန်တော်ကြီးအနီးတွင်ရှိသည့် မြေဧက ၃ ဒသမ ၅၃ ဧကပေါ်တွင် ရုံးလုပ်ငန်းများနှင့် ဈေးဝယ်စင်တာများအဖြစ် အထပ်မြင့်အဆောက်အအုံတစ်ခု၊ လူနေအိမ်ရာတိုက်ခန်းများအဖြစ် ကွန်ဒိုအထပ်မြင့်အဆောက်အအုံတစ်ခု၊ ပြည်တွင်းတွင် လာရောက်နေထိုင်လုပ်ကိုင်ကြမည့် နိုင်ငံခြားသားများ နေထိုင်နိုင်သော အဆင့်မြင့် အထပ်မြင့်အဆောက်အအုံတစ်ခုနှင့် ကြယ်ငါးပွင့်အဆင့်ရှိသော ဟိုတယ်အထပ်မြင့်အဆောက်အအုံတစ်ခုတို့ကို စီမံကိန်းတွင် စီစဉ်တည်ဆောက်နေကာ လာမည့် ၂၀၁၇ ခုနှစ် မေလတွင် စီမံကိန်းပြီးစီးရန် မျှော်မှန်းထားရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသားများပိုင်ဆိုင်သော Asia Myanmar Consortium Development Co.,ltd. နှင့် ဟောင်ကောင်အခြေစိုက် Shining Star Investment Company တို့ ပူးပေါင်းကာ Asia Myanmar Shining Star Company အဖြစ် ဒေါ်လာ သန်း ၁၂၀ မြှုပ်နှံပြီး တည်ဆောက်နေသော အထပ်မြင့်အဆောက်အအုံ လေးခုအနက် ကြယ်ငါးပွင့် အဆင့်ရှိသော Wyndham Grand Yangon Royallake Hotel ကို ထည့်သွင်းတည်ဆောက်ရန် Operation ကန်ထရိုက်လက်မှတ်ရေးထိုးခြင်းကို ပြုလုပ်ခြင်းဖြစ်သည်။

ထိုစီမံကိန်းမှ ရရှိသော အမြတ်၏ နှစ်ရာခိုင်နှုန်းကို CSR ဟု ခေါ်သော ပတ်ဝန်းကျင် ဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုတည်ဆောက်မှု စီမံကိန်းများ ပြီးစီးပါက Residence Tower တွင် ၁၃၂ ခန်း၊ Office Tower တွင် ၁၆၈ ခန်း၊ Service Apartment တွင် ၁၇၈ခန်းနှင့် ဟိုတယ်အဆောက်အအုံတွင် ၂၅၈ ခန်း ပေါ်ထွက်လာမည်ဖြစ် ကြောင်း သိရသည်။

သတင်း- ထက်ခိုင်(စမ်းချောင်း)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ထင်သာမြင်သာ ပြုပြင်စရာ

မီးပွိုင့်အချက်ပြမီးများ ကောင်းမွန်ထင်ရှားစွာဖြင့် ရှိစေချင်

တောင်ကြီး ဖေဖော်ဝါရီ ၂

တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်းပေါ်ရှိမီးပွိုင့်တစ်ခု၏ အချက်ပြမီးများမှာ LED မီးလုံးများဖြင့် တပ်ဆင်ထားသော်လည်း တပ်ဆင်ထားပုံမသေသပ်ခြင်းတို့ကြောင့် အဆိုပါမီးပွိုင့်၏ အချက်ပြမီးများကို အဝေးမှ မြင်တွေ့နိုင်ရန်ခက်ခဲပြီး လိုက်နာနိုင်ရန် များစွာအခက်အခဲဖြစ်ပေါ်နေလျက်ရှိနေပါသည်။

အဆိုပါမီးပွိုင့်အနီးသို့ ရောက်မှသာအချက်ပြ မီးနီ/မီးစိမ်းကို မြင်တွေ့ရသဖြင့် တစ်ခါတစ်ရံယာဉ်များသည် မီးနီကို ဖြတ်မောင်းသွားသည်ကိုလည်း တွေ့ရရာ အလွန်အန္တရာယ်များပါသည်။ အဆိုပါ မီးပွိုင့် အချက်ပြမီးများကို စနစ်တကျ ပြန်လည်ပြုပြင်ပြီး ပြင်ဆင်တပ်ဆင်ပေးရန် လိုအပ်နေပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ **KZLM(တောင်ကြီး)**

ဖခင်နှင့်ကိုယ်ဝန်ဆောင်မိခင်တို့ကို လမ်းလျှောက်တတ်စကလေးက သေနတ်ဖြင့် ပစ်ခတ်

နယူးယောက်　ဖေဖော်ဝါရီ ၂

အသက်သုံးနှစ်အရွယ်ကလေးက မိခင်၏ ပိုက်ဆံအိတ်ထဲမှ ipad ရှာဖွေစဉ် တွေ့ရှိခဲ့သော ကိုးမိလီမီတာ ပစ္စတိုဖြင့် ဖခင်နှင့်ကိုယ်ဝန်ဆောင်မိခင်တို့အား ပစ်ခတ်ရာ ဒဏ်ရာရရှိခဲ့ကြောင်း နယူးမက်ဆီကို ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။

ဖခင်ဖြစ်သူ၏ တင်ပါးတွင်ဒဏ်ရာရရှိပြီး မိခင်၏ ပခုံးတွင် ကျည်ဆန်ထိမှန်ခံခဲ့ရပြီး အသက်အန္တရာယ် စိုးရိမ်ဖွယ်မရှိသော်လည်း ဆေးရုံတွင် ဆေးကုသရန် လိုအပ်ကြောင်း ရဲအရာရှိ ဆိုင်မွန်ဒဂိုဘစ်ကပြောခဲ့သည်။

ကိုယ်ဝန် ရှစ်လရှိပြီဖြစ်သော မိခင်ဖြစ်သူကို လေ့လာစမ်းသပ်နိုင်ရန် ဆေးရုံတင်ထားခဲ့သည်။ အယ်ဘူကွာကွိမိုတယ်၌ ဖြစ်ပွားခဲ့သော အဆိုပါအမှုတွင် ဆေးရုံသို့ ရှေးဦးစွာ ရောက်ရှိခဲ့သော ဖခင်ဖြစ်သူကို ပြန်ဆင်းခွင့်ပေးခဲ့ကြောင်း ၎င်းရဲအရာရှိက ပြောခဲ့သည်။



ယင်းအမှုနှင့်ပတ်သက်၍ ကလေးအနေဖြင့်ကြည့်မည်ဆိုလျှင် အဖြစ်အပျက်သည် အလွန်ထိတ်လန့်ဖွယ်ကောင်းပြီး မိဘနှစ်ပါးစလုံးတွင် တာဝန်ရှိကြောင်း၊ မိဘနှစ်ပါးအနေဖြင့် သေနတ်ကို လုံလုံခြုံခြုံသိမ်းဆည်းသင့်ကြောင်း ပြောခဲ့သည်။ ကလေးသည် ရာဇဝတ်ပြစ်ဒဏ် မခံရသော်လည်း မိဘနှစ်ပါးအနေနှင့် ကြီးလေးသောပြစ်မှုကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ပြောခဲ့သည်။

မိခင်ဖြစ်သူက ထိုသေနတ်ကို အခင်းမဖြစ်ပွားမီ တစ်ရက်က ဝယ်ယူခဲ့ကြောင်း ၎င်းရဲအရာရှိက ပြောခဲ့သည်။ ထို့ပြင် ဖခင်ဖြစ်သူမှာ ယခင်ကကြီးလေးသော ပြစ်မှုဖြင့် စီရင်ချက်ချထားခြင်းခံရသောကြောင့် ၎င်းကို တရားဝင် လက်နက်ကိုင်ဆောင်ခွင့်မပြုကြောင်းသိရှိခဲ့ရသည်။

(ရိုက်တာ)

ဗန်ကောက်မြို့၌ လက်လုပ်ဗုံးနှစ်လုံးပေါက်ကွဲ

ဗန်ကောက်　ဖေဖော်ဝါရီ ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ နာမည်ကျော် ကုန်တိုက်တစ်ခုအနီးတွင် လွန်ခဲ့သည့်ညက အိမ်တွင်းဖြစ် လက်လုပ်ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုသည် ပြည်ပခရီးသွားဧည့်သည်များနှင့် ဒေသခံများ အများဆုံးလာရောက်လေ့ရှိသည့် ဈေးဝယ်စင်တာတစ်ခုအနီး ည ၈ နာရီဝန်းကျင်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

"အိမ်တွင်းဖြစ် လက်လုပ်ဗုံးနှစ်လုံးက ဆိုင်ယမ်ဘီတီအက်စ် (မိုးပျံရထား)နဲ့ ဆိုင်ယမ်ပါရာဂွန်ကုန်တိုက်ကြားက လူသွားလမ်းမှာ ပေါက်ကွဲခဲ့တာပါ။ အမျိုးသားတစ်ဦး အသေးစားထိခိုက်ဒဏ်ရာ ရရှိသွားပါတယ်။ ပေါက်ကွဲမှုနဲ့ ပတ်သက်လို့ စုံစမ်းစစ်ဆေးနေပါတယ်" ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်ဟောင်း ယင်လပ်အစိုးရ နုတ်ထွက်သွားစေခဲ့သည့် လမ်းမပေါ်ထွက်ဆန္ဒပြမှုများ လအတော်ကြာဖြစ်ပွားနေမှုကြောင့် ထိုင်းတပ်မတော်က လွန်ခဲ့သောနှစ် မေလပိုင်းတွင် အာဏာသိမ်းပြီးကတည်းက ဗန်ကောက်မြို့၌ တည်ငြိမ်အေးချမ်းမှုအတွက် စိုးရိမ်နေရဆဲဖြစ်သည်။

အေအက်ဖ်ပီ။

အမေရိကန်ပြည်နယ်(၁၈)ခုတွင် ဆီးနှင်းမုန်တိုင်း သတိပေးချက်ထုတ်ပြန်

ချီကာဂို　ဖေဖော်ဝါရီ ၂

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၁၈ ခုတွင် ဆီးနှင်းမုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားရကြောင်း၊ ချီကာဂိုမြို့၌ ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုနှင့်အတူ ၁၅ လက်မရှိ ဆီးနှင်းထု ဖွဲ့စည်းဖြစ်ပေါ်နိုင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ချီကာဂိုမြို့၌ ဆီးနှင်းမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ဆီးနှင်းထုကို ရှင်းလင်းဖယ်ရှားနိုင်ရန် မြို့တစ်ခွင်တစ်ပြင်တွင် ဆီးနှင်းရှင်းလင်းရေး စက်ကိရိယာများကို ဖြန့်ကြက်ထားကြောင်း မြို့တော်ဝန် ရမ်အီမာန်ျူယယ်လ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိုင်အိုဝါ၊ အီလီနွိုက်စ်၊ မီချီဂန်နှင့် ဝစ္စကွန်ဆင်ပြည်နယ်များရှိ ဒေသအချို့၌ ဆီးနှင်းထုတစ်ပေခန့်အထိ ကျဆင်းနိုင်ကြောင်း၊ နီဘရာစကာနှင့် တောင်ဒါကိုတာပြည်နယ်မှသည် မြောက်အမေရိကတိုက်၏ မဟာလွင်ပြင်ဒေသအထိ ဆီးနှင်းမုန်တိုင်း သတိပေးချက်များ ထုတ်ပြန်ထားကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။

ပီတီအိုင်။

လီဆိုသိုဝန်ကြီးချုပ်၏ သက်တော်စောင့်နှစ်ဦး တိုက်ခိုက်ခံရမှုတွင် အပြစ်မဲ့ပြည်သူတစ်ဦးသေ

ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၂

လီဆိုသိုဝန်ကြီးချုပ် တွမ်သာဘာနီ၏ သက်တော်စောင့်နှစ်ဦး ဖေဖော်ဝါရီ ၁ ရက်က ပစ်ခတ်တိုက်ခိုက်ခံခဲ့ရပြီး အပြန်အလှန်ပစ်ခတ်မှုများအတွင်း အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးသွားကြောင်း ဒေသခံသတင်းမီဒီယာများက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြကြသည်။

ဝန်ကြီးချုပ်၏ လုံခြုံရေးတာဝန်ယူထားရသော အဆိုပါသက်တော်စောင့်နှစ်ဦး တိုက်ခိုက်ခံရသည့်နေရာတွင် ဝန်ကြီးချုပ်ရှိမနေခဲ့ဟု သိရသည်။ အဆိုပါစစ်သားဟောင်း သက်တော်စောင့်နှစ်ဦး ပစ်ခတ်တိုက်ခိုက်ခံရမှုမှာ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ၎င်းတို့နှစ်ဦးက သစ္စာဖောက်သွားသောကြောင့်ဟု ယူဆရသည်။

လီဆိုသိုစစ်တပ်က ဝန်ကြီးချုပ်၏နေအိမ်ကို တိုက်ခိုက်ပြီး အာဏာသိမ်းရန် ကြိုးပမ်းစဉ် ၎င်းတို့နှစ်ဦးက ဝန်ကြီးချုပ် တွမ်သာဘာနီ ရှောင်တိမ်းနိုင်ရန် ကူညီခဲ့ကြသည်ဟု ယူဆရသည်။

လီဆိုသိုနိုင်ငံ၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

ဆင်ဟွာ။

ကမ္ဘောဒီးယားအာဏာရပါတီက ဝန်ကြီးချုပ်၏ သားများကို ရာထူးတိုးမြှင့်ပေး

ဖနွမ်ပင်　ဖေဖော်ဝါရီ ၂

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ သားသုံးဦးအား တနင်္ဂနွေနေ့တွင် အဆင့်မြင့်ရာထူးများသို့ တိုးမြှင့်ခန့်ထားခဲ့ကြောင်း သိရသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ခေါင်းဆောင်မှုအပိုင်း၌ သစ်လွင်လာစေရန်နှင့် ပြီးခဲ့သောရွေးကောက်ပွဲအတွင်း၌ ဆုံးရှုံးခဲ့သော ထောက်ခံမှုကို ပြန်လည်ရရှိစေရန်ဖြစ်သည်။

ဟွန်ဆင်၏သားများအား ကမ္ဘောဒီးယားပြည်သူ့ပါတီက ရွေးချယ်လိုက်ခြင်းသည် နှစ် ၃၀ ကြာ အုပ်ချုပ်ခဲ့သော ဟွန်ဆင်၏နေရာကိုဆက်ခံရန် ပြုလုပ်ခြင်းဖြစ်သည်ဟု ထင်ကြေးပေးကြပြီး ထိုသို့ပြုလုပ်ခြင်းသည် ဆွေမျိုးကောင်းစားရေးဝါဒကို အခြေခံသည်ဟု အများက စွပ်စွဲကြသည်။

လူ့အခွင့်အရေးအုပ်စုများက ပြောကြားရာတွင် ကမ္ဘောဒီးယားပြည်သူ့ပါတီ ဗဟိုကော်မတီ၏ အဖွဲ့ဝင် ၃၀၆ ဦးအနက် အချို့မှာ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်နှင့် ပြန်ကြားရေးဝန်ကြီးဖြစ်သူ ခီယူကန်ဟာရိတ်က ပါတီ၏ ဆုံးဖြတ်ချက်ပေးနိုင်သောအပိုင်း၌ ငယ်ရွယ်သောအဖွဲ့ဝင်များလိုအပ်ကြောင်း ပြောကြားသည်။

ဟွန်ဆင်၏သားအကြီးဆုံး ဟွန်မနက်(၃၇ နှစ်)သည် အမေရိကန်နိုင်ငံ ဝက်(စ်)ပွိုင့် စစ်တက္ကသိုလ်မှ ၁၉၉၉ ခုနှစ်တွင် ဘွဲ့ရခဲ့ပြီး ယခုအခါတွင် ကမ္ဘောဒီးယား အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့ကို ဦးဆောင်လျက်ရှိသည်။

ဒုတိယသားဟွန်မနစ်(၃၄ နှစ်)သည် ကြည်းတပ်ဗိုလ်မှူးချုပ်တစ်ဦးဖြစ်ပြီး အငယ်ဆုံးသား ဟွန်မနေ(၃၁ နှစ်)သည် လွှတ်တော်အမတ်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ လူငယ်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌဖြစ်သည်။

(ရိုက်တာ)

ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသောအပျော်စီးရထားပေါ် မီးလောင်မှုဖြစ်

ဗန်ကောက်　ဖေဖော်ဝါရီ ၂

ထိုင်းနိုင်ငံ အနောက်ပိုင်း၌ ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသော အပျော်စီးရထားတစ်စင်းပေါ်တွင် ဖေဖော်ဝါရီ ၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အရှေ့တိုင်း အမြန်ရထားဟု အမည်ပေးထားသော အပျော်စီးရထားသည် ထိုင်းနိုင်ငံ အနောက်ပိုင်းရှိ ကန်ချနာဘူရီမြို့မှ ထွက်ခွာလာခဲ့ပြီးနောက် ရထားပေါ် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကာလက ကွေမြစ်ကို ဖြတ်သန်းကာ တည်ဆောက်ခဲ့သော နာမည်ကျော်တံတားနှင့် အနီးအပါးရှိ အမျိုးသားဥယျာဉ်တို့၏ အလှအပကို ကြည့်ရှုခံစားရန် ယင်းရထားပေါ်တွင် ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ သမိုင်းဝင်တံတားကို ဇာတ်အိမ်ပြုကာ ရိုက်ကူးခဲ့သော "ကွေမြစ်ပေါ်မှ တံတား" အမည်ရှိ ရုပ်ရှင်ဇာတ်ကားသည် နာမည်ကျော် ဇာတ်ကားတစ်ကားဖြစ်သည်။

ပီတီအိုင်။

ဗင်နီဇွဲလားတွင် ပြည်သူများအချိန်ကြာမြင့်စွာတန်းစီရစေသဖြင့် ဆိုင်ပိုင်ရှင်များကို ဖမ်းဆီး

ကာရာကတ်(စ်) ဖေဖော်ဝါရီ ၂

ဗင်နီဇွဲလားနိုင်ငံတွင် ဈေးဝယ်သူများ ရှည်လျားစွာတန်းစီစောင့်ကြစေရန် တမင်ရည်ရွယ်၍ ဖန်တီးထားကြသော အမည်မဖော်ပြသည့် လက်လီဆိုင်ခွဲများ၏ ပိုင်ရှင်များကို ထိန်းသိမ်းလိုက်ကြောင်း သမ္မတနီကိုလပ်မာဒူးဗိုက ပြောသည်ဟု ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဗင်နီဇွဲလားပြည်သူများ တန်းစီစောင့်ရသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ကြစေရန်အတွက် ပိုင်ရှင်များသည် ငွေကိုင်ဝန်ထမ်းများကို လျှော့ချခဲ့ကြသည်ဟု သမ္မတက ပြောသည်။

ဗင်နီဇွဲလားထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များသည် ၎င်း၏ အစိုးရအဖွဲ့ကို သပိတ်မှောက်နေကြသည်ဟု ၎င်းက စွပ်စွဲသည်။

အတိုက်အခံများက နိုင်ငံ၏ စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် ဆိုရှယ်လစ်မူဝါဒများကို အပြစ်တင်သည်မှာ ၁၆ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

နာမည်ကြီးစတိုးဆိုင်တစ်ခုက လူများစိတ်ဆိုးဒေါသထွက်စေရန် ပူးပေါင်းကြံစည်ခြင်းကို ဖေဖော်ဝါရီ ၁ ရက်တွင် စစ်ဆေးခဲ့ကြောင်း မစ္စတာမာဒူးဗိုက ပြောသည်။

အစိုးရက ပုံမှန်အတိုင်းရောင်းချစေကြောင်း၊ ဆိုင်ပိုင်ရှင်များကို ဆင့်ခေါ်၍ ဖမ်းဆီးခဲ့ကြောင်း၊ ပြည်သူများကို ဒေါသထွက်စေရန် ပြုမူသည့်အတွက် ဖမ်းဆီးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်တွင် မြို့တော်ကာရာကတ်(စ်)၌ ပြည်သူထောင်ပေါင်းများစွာသည် ဘာမျှမပါသော အိုးအလွတ်များကို တီး၍ ချီတက်ဆန္ဒပြခဲ့ပြီး ၎င်းတို့က အခြေခံစားကုန်အများအပြား ရှားပါးခြင်းကို ထုတ်ဖော်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေကြေးဖောင်းပွမှု မြင့်မားခြင်း၊ ရာဇဝတ်မှုထူပြောခြင်းနှင့် အချိန်ကြာမြင့်စွာ တန်းစီရခြင်းတို့ကို မကျေနပ်ကြောင်းလည်း ဆန္ဒပြသူတို့က ပြောကြားခဲ့သည်။

ကုန်ပစ္စည်းများ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာရရှိရေးကို ကန့်သတ်သည့် ငွေကြေးထိန်းချုပ်ထားခြင်းက ကုန်ပစ္စည်းအများအပြား ရှားပါးရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း လေ့လာသူများက ထောက်ပြသည်။

သို့သော် သမ္မတ မာဒူးဗိုက အဆိုပါထောက်ပြချက်ကို ငြင်းပယ်ခဲ့သည်။ ၎င်း၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန် နိုင်ငံရေးအတိုက်အခံများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့၏ ပူးပေါင်းကြံစည်မှုဟုဆိုသည်။

စူပါမားကက်လေးခုသည် ကုန်ပစ္စည်းအချို့ကို လျှို့ဝှက်စွာ သိုလှောင်၍ ပြည်ပသို့ ခိုးထုတ်ရောင်းချကြသည်ဟု သမ္မတက စွပ်စွဲပြီး ၎င်းတို့၏ စတိုးဆိုင်များကို အသုံးပြု၍ ပြည်သူများကို ထိခိုက်စေသဖြင့် အကျဉ်းကျခံ၍ ပေးဆပ်ရမည်ဟု ပြောကြားခဲ့သည်။

ဘီဘီစီ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **"၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏အရအသုံး စာရင်းများ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ"** နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ(၃/၂၀၁၅)ကို ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးက ဖတ်ကြားတင်ပြသည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအခန်း(၁၈)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် ကော်မတီတစ်ရပ်ကို လွှတ်တော်က ဖွဲ့စည်းပေးရမည်ဟုပါရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်အဖြစ် တာဝန်ပေးအပ်မည်ဆိုပါက လွှတ်တော်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် လွှမ်းမိုးသည့် သဘောသက်ရောက်နေပါကြောင်း၊ ကော်မရှင်အနေဖြင့် လုပ်ငန်းသဘောအရ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်သည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိပါကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် နိုင်ငံသားဟု သတ်မှတ်ချက်ခံရပြီးသူများ မဟုတ်၍ ဤဥပဒေကြမ်း၏ ဆန္ဒမဲပေးခွင့်ရှိသူများ စာရင်းမှာ မဖြစ်သင့်ဟုဆိုလျှင် တစ်နိုင်ငံလုံးရှိ ၁၅ သိန်းသော ပြည်သူများအတွက် နိုင်ငံသားအခွင့်အရေး ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် နိုင်ငံတော်သမ္မတမှ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို မဲစာရင်းတွင်ထည့်သွင်းရေး သဘောထားမှတ်ချက်ပေးပို့ခြင်းဖြစ်သည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က မိမိတို့ အရပ်ဒေသတွင် မှတ်ပုံတင်ရရှိရေး ခက်ခဲပါကြောင်း၊ အလားတူ တောင်ပေါ်ဒေသများတွင်လည်း မှတ်ပုံတင်ရရှိရေးမှာ ခက်ခဲနေပါကြောင်း၊ နိုင်ငံသားဖြစ်သော်လည်း မှတ်ပုံတင်မရှိ၍ မဲပေးခွင့်မရှိခြင်းသည် နိုင်ငံသားအခွင့်အရေးဆုံးရှုံးပါကြောင်း၊ နယ်စပ်ဒေသတွင် နေထိုင်သူများအတွက် မိမိတို့ နိုင်ငံသားဖြစ်သည်၊ မဖြစ်သည်ကို စိစစ်ရန်ခက်ခဲပြီး မှတ်ပုံတင်ပေးနိုင်ရန်အတွက် စိစစ်ပေးရန် ခက်ခဲပါကြောင်း၊ ယာယီသက်သေခံလက်မှတ်သည် မှတ်ပုံတင်အစား ယာယီထုတ်ပေးခြင်းဖြစ်ပြီး ခိုင်မာမှုရှိသည့်အတွက် နိုင်ငံတော်သမ္မတ၏ သဘောထားချက်သည် သင့်လျော်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက နိုင်ငံသားဟု အသိအမှတ် မပြုနိုင်သေးသဖြင့် မစစ်ဆေးနိုင်ခင်ကာလအတွင်း ယာယီထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများကို တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် ဆုံးဖြတ်ခွင့်မပေးသင့်ပါကြောင်း၊ ယာယီထုတ်ပေးထားသည့် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်သူများကို ဆန္ဒမဲပေးမည်ဆိုပါက နိုင်ငံသားဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့် ဆန့်ကျင်နေပါကြောင်းဖြင့် ဆွေးနွေးသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က နိုင်ငံသားမဟုတ်သူများသည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့်မရှိပါကြောင်း၊ မည်သည့်နိုင်ငံမှ နိုင်ငံသားမဟုတ်သူများကို မဲပေးခွင့်မပြုထားပါကြောင်း၊ ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်သူများသည် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဟု သတ်မှတ်ခြင်းခံရသေးသူများမဟုတ်သဖြင့် နိုင်ငံသားများသာ ရသင့်သောအခွင့်အရေးများဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်အခွင့်အရေးကို မပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပိုမိုရင်းနှီးစွာဆက်ဆံနိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံအမတ်ကြီး H. E. Mr. Zenon Kuchciak အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိမ်း၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်းပိုမိုရင်းနှီးစွာ ဆက်ဆံနိုင်ရေးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဘောဂရပ်ကွက် စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၏ တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်နှင့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် ဘောဂရပ်ကွက် သားငယ်၊ သမီးငယ်လေးများက ဗိုလ်ချုပ်မွေးနေ့ကဗျာကို ရွတ်ဆိုသရုပ်ပြသခဲ့ကြသည်။ ထို့နောက် ဆရာညီမင်းညိုက စာပေဗဟုသုတများ ဟောပြောပေးခဲ့ပြီး ရပ်ကွက်မှ ကလေးငယ်များက "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ဟူသော အော်ပရာတစ်ခန်းရပ်ကလေးကို တင်ဆက်ပြသခဲ့သည်။ ဆက်လက်၍ ဆရာမင်းကိုနိုင်က ဘဝအတွေ့အကြုံ စာပေဗဟုသုတများကို ဟောပြောခဲ့သည်။

(ရွှေတိုင်လွင်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်မွေးနေ့ဂုဏ်ပြုဆောင်းပါး

ဗိုလ်ချုပ်လို သူရဲကောင်းမျိုး

အေးမြင့်အောင်

ဘယ်နေရာရောက်ရောက် ကျွန်တော်တို့နောက်ကို အမြဲတစေလိုက်ပါနေတဲ့ စာတွေ၊ ကဗျာတွေများစွာထဲက အခုတစ်လော လွမ်းလွမ်းဆွေးဆွေး ရွတ်ဆိုခံစားကြည့်မိနေတာက ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့ စာ၊ ကဗျာတွေပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အာဇာနည်ဗိမာန်ဋီကာထဲက

“သြော်. . . တောင်နန်း မြောက်နန်း
အဆောင်တော်ကြြငှန်းနဲ့
အခေါင်မမြန်းရခင်က အောင်ပန်းညှိုးရရှာတဲ့
အောင်ဆန်းတို့သေပုံနှမြော. . .” ဆိုတဲ့ ဆရာကြီးရဲ့ ဝမ်းနည်းကြေကွဲဖွယ် အဖွဲ့အနွဲ့တွေကို မှန်းရော်ခံစားကြည့်မိသလို တစ်ခါတစ်ရံမှာတော့ ဆရာတင်မိုးရဲ့

“သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ သက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။” ဆိုတဲ့ ကဗျာအဖွဲ့အနွဲ့မျိုးတွေနဲ့ ဆရာမကြီး နုယဉ်ရဲ့ . . .

“အသက်သုံးဆယ်၊ ဝန်းကျင်ဝယ်၌
အရွယ်စက၊ ခေါ်တုံကြလည်း
သူကသတ္တိ၊ ရဲရဲငြိလျက်
အမိမြန်မာ၊ ရတနာအား
ဇာနည်ဖွားဟု၊ ထင်ရှားပီပီ ရှေ့သို့ချီ၏။” ဆိုတဲ့ ကဗျာအဖွဲ့အနွဲ့မျိုးတွေကိုလည်း ရွတ်ဆိုခံစားပြီး အားမာန်တက်ကြွနိုးထလာခဲ့ရပါတယ်။

နိုင်ငံရေးဆိုတာ စွန့်လွှတ်အနစ်နာခံသူများ၊ အမြော်အမြင်ကြီးမားသူများရဲ့ ကြီးမြတ်တဲ့ဆောင်ရွက်မှုလို့ ကျွန်တော်တို့ဆရာ့ ဆရာသမားများက သင်ကြားမျှဝေပေးခဲ့ပါတယ်။ အဲဒီလို အမြော်အမြင်ကြီးမားပြီး စွန့်လွှတ်အနစ်နာခံခဲ့တဲ့ နိုင်ငံရေး သူရဲကောင်းများစွာ မြန်မာ့မြေပေါ်မှာ အမှန်တကယ် ရှိခဲ့ဖူးတယ်လို့လည်း သူတို့တစ်တွေကပဲ မျှဝေပေးခဲ့ကြပါတယ်။

ပြောရမယ်ဆိုရင် မြောက်မြားစွာသော နိုင်ငံရေးသူရဲကောင်းများစွာထဲက အားကျအတုယူလောက်တဲ့ နိုင်ငံရေး သူရဲကောင်းကြီးတစ်ဦးကို ကျွန်တော်တို့ရင်ထဲ၊ ထာဝစဉ်ကိန်းအောင်းနေအောင် ထုဆစ်ပုံဖော်ပေးခဲ့ဖူးပါတယ်။ အဲဒါကတော့ ကျွန်တော်တို့အသွေးထဲ၊ အသားထဲ၊ နှလုံး သည်းပွတ်ထဲထိတိုင် စွဲခိုင်အောင် ပန္နက်ရိုက်ထည့်ပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ လွတ်လပ်ရေးဖခင်ကြီးပါပဲ။

စင်စစ် ကျွန်တော်တို့ အသည်းပန္နက်မှာ စွဲမက်နေလောက်အောင် နှစ်ပေါင်းများစွာဖြစ်တည်နေဖို့ဆိုတာ လွယ်လွယ်ကူကူဖြစ်တည်လာခဲ့သည်တော့မဟုတ်။ အသက်(၃၀)သာသာရှိတဲ့ ဗိုလ်ချုပ်မှာ သူမတူအောင် သာလွန်စွာရှိနေတဲ့ အရည်အချင်းကတော့ Honesty လို့ခေါ်တဲ့ ရိုးသားပွင့်လင်းမှုပဲ ဖြစ်ပါတယ်။ အဲဒီ ရိုးသားပွင့်လင်းမှုကြောင့် အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝီလျံဆလင်းရဲ့ယုံကြည်မှုတွေရခဲ့ပါတယ်။ အဲဒီရိုးသားမှုကြောင့် လွတ်လပ်ရေးအတွက် လမ်းခင်းပေးနိုင်ခဲ့သလို အဲဒီရိုးသားမှုတွေကြောင့်လည်း ပြည်သူတွေရဲ့ ရင်ထဲကို စွဲဝင်ငြိတွယ်နေခဲ့တာပဲဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် **ကျွန်တော်တို့လေးစားအားကျရတဲ့ ဗိုလ်ချုပ်ဟာ ရိုးသားတယ်။ မျိုးချစ်စိတ်ဓာတ်ရှိတယ်။ နိုင်ငံရေးအတွက် အကွက်မထွင်သလို နိုင်ငံကိုဆူပူအောင် လုပ်ပြီးတော့လည်း အကွက်မဆင်ခဲ့ပါဘူး။** နိုင်ငံရေးအတွက် စိတ်ဝမ်းကွဲအောင်မလုပ်သလို နိုင်ငံရေးအတွက် အမြတ်ထုတ်ကိုယ်ကျိုးမရှာခဲ့ပါဘူး။ အဲဒါတွေကြောင့်လည်း ကျွန်တော်တို့ရဲ့စံတော်ဝင်ခေါင်းဆောင်တစ်ဦးအဖြစ် ကမ္ဘာတည်သရွေ့တည်ရှိနေမှာဖြစ်ပါတယ်။

“သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည့်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူ့ကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏”

ဆရာတင်မိုးရဲ့ **‘အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့’** ဆိုတဲ့ ကဗျာထဲကလိုပဲ ဗိုလ်ချုပ်ဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် စွန့်လွှတ်အနစ်နာခံတဲ့၊ မျိုးချစ်စိတ်ဓာတ်ထက်သန်တဲ့၊ မှန်ရာကို ရဲရဲဝံ့ဝံ့လုပ်ကိုင်တတ်တဲ့ သူရဲကောင်းတစ်ဦးဆိုတာ ဘယ်သူမှငြင်းနိုင်မှာမဟုတ်ပါဘူး။

ဗိုလ်ချုပ်ရဲ့ ရိုးသားမှုနဲ့ပတ်သက်ပြီး အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝီလျံဆလင်းကိုယ်တိုင် ချီးကျူးမှတ်တမ်းတင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်ဝီလျံဆလင်းကိုယ်တိုင် ရေးသားတဲ့ Defeat Into Victory ဆိုတဲ့ စာအုပ်မှာ ဗိုလ်ချုပ်ရဲ့ရိုးသားမှုတွေ၊ ပွင့်လင်းမှုတွေ၊ ရဲရင့်မှုတွေကို တွေ့ရတဲ့အတွက် ဂုဏ်ယူစရာမြန်မာသူရဲကောင်းတစ်ဦးအဖြစ် ကျွန်တော်တို့ ထာဝစဉ် ဦးညွှတ်အလေးပြုနေရမှာပဲဖြစ်ပါတယ်။

၁၉၄၅ ခုနှစ် မေ ၁၅ ရက်တွင် ဗိုလ်ချုပ်ဝီလျံဆလင်းက ဗိုလ်ချုပ်အောင်ဆန်းအား မိတ္ထီလာမြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ထိုအချိန်က မြန်မာ့တပ်မတော်ခေါင်းဆောင်များနှင့်ပတ်သက်၍ အင်္ဂလိပ်စစ်ဗိုလ်ချုပ်များထံ မဟုတ်မမှန်လုပ်ကြံအပုပ်ချ သတင်းပို့ထားချက်များ ရှိခဲ့ပါတယ်။ အဲဒီလို မဟုတ်မမှန်သတင်းပို့ကြရာမှာ ဗိုလ်ချုပ်ဦးဆောင်တဲ့ တပ်မတော်ဟာ ယုံကြည်စိတ်ချလို့မရကြောင်း၊ ပညာမတတ်သူ အလုပ်လက်မဲ့သူများ ပါဝင်ကြပြီး တကယ့်တိုက်ပွဲများတွင် အားကိုးလို့မရနိုင်ကြောင်းစတဲ့ မဟုတ်မမှန်သတင်းတွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့တပ်မတော်ခေါင်းဆောင်တွေကို အင်္ဂလိပ်တို့က အထင်အမြင်သေးနေကြပါတယ်။

အဲဒီလို အထင်အမြင်သေးနေခြင်းကြောင့်လည်း ဗိုလ်ချုပ်ကိုတွေ့ဆုံချိန်တွင် ဝီလျံဆလင်းက “ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်တိုက်ခိုက်ခဲ့သူ တစ်ဦးအနေနဲ့ပဲဖြစ်ဖြစ်၊ စစ်အတွင်းက လူသတ်ခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေ အခိုင်အမာရှိနေတဲ့အတွက် တရားခံတစ်ဦးအနေနဲ့ပဲဖြစ်ဖြစ် ဖမ်းဆီးချုပ်နှောင်ခံရမှာကို မစိုးရိမ်ဘူးလား”ဟု မေးခဲ့ပါတယ်။

ဗိုလ်ချုပ်က **“မစိုးရိမ်ပါဘူး”** ဟု ခပ်တည်တည်ပြန်ဖြေခဲ့ပါတယ်။

“ဘာဖြစ်လို့ မစိုးရိမ်တာလဲ” ဟု ဝီလျံဆလင်းက မေးမြန်းခဲ့ရာ

“ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ ဗြိတိသျှလူမျိုးစစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်နေလို့ပါပဲ”လို့ပြောခဲ့ပါတယ်။ အဲဒီလိုဗိုလ်ချုပ်ရဲ့ အဖြေစကားကိုကြားလိုက်တဲ့ ဝီလျံဆလင်းဟာ ဟက်ဟက်ပက်ပက်သဘောကျခဲ့ပြီး. . .

“ဗြိတိသျှတွေကို ဒီလောက်အထင်ကြီးနေရင်လည်း ဘာဖြစ်လို့ ဗြိတိသျှတွေကို မောင်းထုတ်ဖို့ကြိုးပမ်းနေရတာလဲ” ဟု မေးခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှတွေကို မုန်း၍တိုက်ထုတ်ရန်ကြိုးစားနေခြင်းမဟုတ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို ဗြိတိသျှပဲဖြစ်စေ၊ ဂျပန်ပဲဖြစ်စေ၊ အခြားမည်သည့်နိုင်ငံမဆို လာပြီးအုပ်စိုးနေခြင်းကို မလိုလား၍သာ မောင်းထုတ်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းပြန်လည်ပြောဆိုခဲ့တယ်လို့ သိရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် အဲဒီလိုရဲဝံ့စွန့်စားတဲ့စိတ်နဲ့ ပရိယာယ်မပါရိုးသားပွင့်လင်းစွာပြောဆိုလုပ်ကိုင်တတ်မှုတွေကလည်း ဒီနေ့အထိ ကျွန်တော်တို့လေးစားချစ်ခင်နေရတဲ့ အကြောင်းအရင်းတွေပါပဲ။

တကယ်တမ်းပြောရရင် ဗိုလ်ချုပ်ဟာ နယ်ချဲ့အင်္ဂလိပ်ကိုသာ တိုက်ပွဲဝင်နေရတာ မဟုတ်ဘဲ Factional Politics လို့ခေါ်တဲ့ အုပ်စုဖွဲ့နိုင်ငံရေးတွေကြားမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပါ ခက်ခက်ခဲခဲ ထမ်းဆောင်ခဲ့ရသူဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလန်ကို သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်ရောက်ရှိချိန်မှာ ဗိုလ်ချုပ်ကိုယ်တိုင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအိမ်ကိုသွားရောက်ပြီး **“ဆရာကြီးမျှော်မှန်းလာခဲ့တဲ့လွတ်လပ်ရေးကို တစ်နှစ်အတွင်းရအောင် ကျွန်တော်တို့ကြိုးစားနေပါတယ် ဆရာကြီး။ တစ်နှစ်လောက်တော့ စောင့်ကြည့်ပါဦး။ ဒီအတွင်းဆရာကြီး ဘာမှမလုပ်ပါနဲ့ဦး”**လို့ တောင်းပန်ခဲ့ပါတယ်။

အဲဒီလို ပြောခံရတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ **“ဟေ့ အောင်ဆန်း မင်းကဆရာလား၊ ငါက ဆရာလား”** ဟု ဗိုလ်ချုပ်ကို ပြန်မေးခဲ့ပါတယ်။ အတော်ပင် ဆရာကြီးစိတ်ဆိုးသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ဗိုလ်ချုပ်က **“ဆရာကြီး ဒီပြင်လူ ဘာပြောပြော ကျွန်တော်တို့ မထိခိုက်ဘူး။ ဆရာကြီးက ကျွန်တော်တို့ကို ဆန့်ကျင်တဲ့စကားတစ်ခွန်းပြောရင် တစ်ခွန်းထိခိုက်ပါတယ်။ ကျွန်တော်ကတိပေးတဲ့အတိုင်း တစ်နှစ်ပြည့်လို့ ဘာမှဖြစ်မလာဘူးဆိုရင် ဆရာကြီးလုပ်ချင်တာလုပ်ပါ။ ကျွန်တော်လည်း နိုင်ငံရေးမလုပ်တော့ဘူး။ အေးအေးဆေးဆေးပဲနေတော့မယ်”**ဟု ဇွတ်တောင်းပန်ခဲ့ရဖူးပါတယ်။

အဲဒီအချိန်ဟာ အောင်ဆန်းအက်တလီစာချုပ်ကို အတည်ပြုဖို့အတွက် ခက်ခက်ခဲခဲကြိုးစားနေရတဲ့အချိန်ဖြစ်ပြီး ကွန်မြူနစ်များက ဗြိတိသျှတို့၏ လိုက်လျောချက်ဟာ မူလတောင်းဆိုချက်များထက် များစွာလျော့နည်းနေတယ်ဟုဆိုပြီး ဆန့်ကျင်အုံကြွနေတဲ့အချိန်ဖြစ်ပါတယ်။

အဲဒီလို အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရှာခဲ့ရသလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း ဘယ်လောက်စိတ်ရှည်သည်းခံ ဆောင်ရွက်ခဲ့ရတယ်ဆိုတာ လေ့လာကြည့်ရင်သိရမှာအမှန်ပါပဲ။

လွတ်လပ်ရေးအတွက် အင်္ဂလန်ကို သွားရောက်အရေးဆိုနေတဲ့ ဗိုလ်ချုပ် ကို **“ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားပြည်သူလူထု၏ ကိုယ်စားလှယ် မဟုတ်ပါ။ ရှမ်းတိုင်းရင်းသားတို့၏ အနာဂတ်ရေးရာများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခွင့် ဗိုလ်ချုပ်အောင်ဆန်းထံ၌ မရှိ”**ဟု နန်းရင်းဝန် အက်တလီထံ ကြေးနန်းရိုက်၍ တားမြစ်ခံခဲ့ရပါတယ်။

အဲဒီကြေးနန်းစာကို ချေဖျက်ဖို့အတွက် ရှမ်းတိုင်းရင်းသား လူငယ်ခေါင်းဆောင် ဦးတင်အေး၊ ဦးထွန်းမြင့်နှင့် ပြည်သူလူထု ထောင်သောင်းချီ၍ ပြန်လည်ထောက်ခံပြန်ကြားခဲ့ရတာကို ကြည့်ပြီး ကျွန်တော်တို့ဗိုလ်ချုပ်အနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဘယ်လောက်ပေးဆပ်ဆောင်ရွက်ခဲ့ရတယ်ဆိုတာကို ပေါ်လွင်နေခဲ့ပါတယ်။

ဒါတင်မကပါဘူး။ ၁၉၄၇ ခုနှစ် မေလ ၃၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ သတင်းစာကွန်ဖရင့်မှာ **“ကျုပ်တို့အစိုးရ အခုလုပ်နေတာဟာ ဆန်စင်ရာ ကျည်ပွေ့လိုက်ဆိုသလို ဟိုကဆူရင် ဟိုလိုက်လုပ်၊ ဒီကဆူရင် ဒီလိုက်လုပ်ဆိုသလိုဖြစ်နေပြီ”**လို့ ပြောကြားခဲ့တဲ့ ဗိုလ်ချုပ်မိန့်ခွန်းကိုကြည့်လျှင် တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးအတွက် ဘယ်လောက်စိတ်ညစ်ခံပြီးဆောင်ရွက်ခဲ့ရတယ်၊ ဘယ်မျှစိတ်ရှည်သည်းခံခဲ့ရတယ်ဆိုတာကို သိနိုင်ကြမှာဖြစ်သလို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှာ ကျင်းပခဲ့တဲ့ တောင်သူလယ်သမားညီလာခံတွင် ပြောကြားခဲ့တဲ့ မိန့်ခွန်းကို ကြည့်ရုံဖြင့်လည်း နိုင်ငံရေးသမားများရဲ့ နိုင်ငံရေးအယူအဆအမျိုးမျိုး၊ ယုံကြည်ချက်ခံယူချက်အမျိုးမျိုးကြားမှာ ဘယ်လောက်စိတ်ဆင်းရဲခံ လုပ်ကိုင်ခဲ့ရတယ်ဆိုတာ သိမြင်နိုင်မှာပဲဖြစ်ပါတယ်။

“သပိတ်ကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ တိုင်းပြည်ကိစ္စတွေနဲ့ ဟိုပြေးရ ဒီပြေးရနဲ့ အင်မတန်ခေါင်းကိုက်နေပါတယ်။ တိုင်းပြည်ခေါင်းဆောင်လုပ်တာ သိပ်စည်းစိမ်ရှိတယ်လို့တော့ မထင်ကြပါနဲ့၊ ကျုပ်အဖို့တော့ ကျားမြီးဆွဲမိလို့သာ ဆက်လုပ်နေရတာဗျ”

တကယ်တော့ ဗိုလ်ချုပ်ဟာ ကျွန်တော်တို့ စိတ်နှလုံးမှာ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဆိုတာထက် နိုင်ငံ့ဦးသျှောင်တစ်ဦး၊ သူရဲကောင်းတစ်ဦး၊ စွန့်လွှတ်ပေးဆပ်သူတစ်ဦး၊ ပရိယာယ်မပါ ရိုးသားပွင့်လင်းသူတစ်ဦးဆိုတာကို ကျွန်တော်တို့အားလုံးက သိမှတ်လက်ခံထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်လို တိုင်းပြည်အတွက် ရိုးရိုးသားသား ကိုယ်ကျိုးစွန့် ဆောင်ရွက်ခဲ့သူပင်လျှင် အဖျက်ပယောဂအမျိုးမျိုး၊ ဘေးထိုးခြေရှုပ်မှုအဖုံဖုံ၊ သပ်လျှိုသွေးခွဲမှုအပြားပြားဖြင့် ကြုံခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

နိုင်ငံရေးမှာ ရိုးသားမှုထက် ကောင်းတဲ့လက်နက်မရှိဘူး ဆိုတဲ့ ယုံကြည်ချက်နဲ့ ရိုးရိုးသားသား ဖြူဖြူစင်စင် စိတ်ရှည်သည်းခံ ဆောင်ရွက်ခဲ့ရပါတယ်။ ဗိုလ်ချုပ်အပေါ် နောက်ထပ်စာနာနားလည်မှုတစ်ခုအနေနဲ့ ရှုမြင်ကြည့်မယ်ဆိုလျှင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလအတွင်းမှာ ထိပ်တိုက်ရင်ဆိုင်မှုနည်းလမ်းတွေကို ရှောင်ရှားပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှာ တပ်ပေါင်းစုညီညွတ်ရေးလမ်းကြောင်းကိုအခြေခံပြီး ပင်လုံညီလာခံကဲ့သို့သော အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်နိုင်ခဲ့ခြင်းတို့ကို တွေ့ရမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ချစ်ခင်မြတ်နိုးရတဲ့ ဗိုလ်ချုပ်ကို မွေးဖွားသန့်စင်ပေးခဲ့တာဟာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပါပြီ။ ယခုအချိန်မှာ သက်ရှိထင်ရှား မရှိတော့ပေမယ့် ဗိုလ်ချုပ်ရယူပေးခဲ့တဲ့ လွတ်လပ်ရေးအသီးအပွင့်တွေ၊ ဗိုလ်ချုပ်ရဲ့ ရိုးသားပွင့်လင်းမှုတွေ၊ စွန့်လွှတ်အနစ်နာခံတတ်မှုတွေ၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာမှုတွေ၊ အမျိုးဂုဏ် ဇာတိဂုဏ်ထိန်းသိမ်းမှုတွေ၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် တည်ဆောက်ပေးခဲ့မှုတွေကတော့ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပြောစမှတ်တွင်ရစ်နေဦးမှာ ဖြစ်ပါတယ်။

အမှန်စင်စစ် ကျွန်တော်တို့အားလုံး သတိပြုရမှာက ဗိုလ်ချုပ်ကို သတိရရုံ၊ တမ်းတရုံနဲ့ မပြီးဆုံးဘဲ ကျွန်တော်တို့မြေပေါ်မှာ ဗိုလ်ချုပ်လို အာဇာနည်သူရဲကောင်းများစွာ ပေါ်ထွန်းလာအောင် ထုဆစ်ပုံဖော်ပေးနိုင်ကြရမှာဖြစ်သလို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဗိုလ်ချုပ်လို စိတ်ရှည်သည်းခံ စေ့စပ်ညှိနှိုင်း အဖြေရှာပေးတတ်တဲ့ နိုင်ငံရေးသမားများစွာ ပေါက်ဖွားရှင်သန်လာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းပေးကြရမှာ ဖြစ်ပါတယ်။

မည်သို့ဆိုစေ မြန်မာ့နိုင်ငံရေးလမ်းကြောင်းပေါ်မှာ ဗိုလ်ချုပ်လို ပကတိရိုးသားဖြူစင်တဲ့ နိုင်ငံရေးခေါင်းဆောင်များ ဘယ်သို့ဘယ်ပုံ နိုးထပုံပေါ်လာလိမ့်မလဲဆိုတာ မျှော်လင့်တွေးဆရင်း ဆရာဇော်ဂျီရဲ့ **သခင်အောင်ဆန်းတရား** ကဗျာလေးတစ်ပိုဒ်ကို ရေရွတ်သတိရမိနေပါတယ်. . .။

“ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်သက်လှယ်ကို
အဘယ်တရား ဟောမည်နည်း. . .
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ
ဆန်း၏ပညာ၊ ဟောစရာကား
အလွန်များ၏။
မင့်သားအရွယ်၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊ ပန်ဆင်တင့်သို့
မင့်သား သိစေချင်လှ၏။” ။

မှီငြမ်း။ ။ ဗန်းမော်တင်အောင် ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း၊ တက္ကသိုလ်နန္ဒမိတ်၏ မြန်မာပြည်စစ်မြေပြင်၊ တက္ကသိုလ်နေဝင်း ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေကြမ်းကို အခန်း(၁၁)အထိ ရေးဆွဲဆောင်ရွက်ပြီးဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြီး မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **"ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ လယ်သမားများထံမှ (န. စ. က)တပ်စခန်းက သိမ်းယူထားသောမြေများအနက် တပ်ခြံစည်းရိုးပြင်ပရှိ ပိုလျှံသည့်လယ်မြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က မေးခွန်းပါမြေနေရာသည် စခန်းဧရိယာအတွင်း၌ တပ်ပိုင်မြေသိမ်းဆည်းစဉ်က ပါဝင်ခဲ့သော မြေဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို ဖျက်သိမ်းခဲ့ပြီး ကွပ်ကဲမှုဌာနချုပ်အပါအဝင် တပ်ပိုင်မြေနှင့် အဆောက်အအုံများကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ ရဲတပ်ရင်းသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးရဲတပ်ရင်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များကို အခြေပြုဆောင်ရွက်ရန်အတွက် အဆိုပါမြေ၌ အဆောက်အအုံများ အခိုင်အမာတည်ဆောက်ထားခြင်းကြောင့် ပိုလျှံမြေများမရှိပါသဖြင့် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **"အချို့မြို့နယ်များနှင့် ကျေးရွာများတွင် မြို့အမည်၊ ကျေးရွာအမည်များအား ပါတီအမည်တပ်၍ ဆိုင်းဘုတ်တပ်ထားခြင်းကို ခွင့်ပြုထားခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ယခုအခါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ခု အပါအဝင် ခရိုင်(၇၃)ခု၊ မြို့နယ် (၃၃၀)၊ မြို့ (၄၁၇)မြို့၊ ရပ်ကွက် (၃၁၅၄)၊ ကျေးရွာအုပ်စု (၁၃၆၁၀)နှင့် ကျေးရွာ(၆၃၈၉၉)တို့ကို မှတ်တမ်းတင် သတ်မှတ်ထားပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ

ပုလဲ
မဲဆန္ဒနယ်မှ
ဒေါ်ခင်စန်းလှိုင်။

ရသေ့တောင်
မဲဆန္ဒနယ်မှ
ဒေါ်ခင်စောဝေ။

ထုတ်ပြန်သတ်မှတ်ထားသော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအမည်များကိုသာ တရားဝင်အသိအမှတ်ပြု မှတ်တမ်းတင်ထားရှိပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အချို့မြို့နယ်များနှင့် ကျေးရွာများတွင် ပါတီအမည်တပ်၍ မြို့အမည်၊ ကျေးရွာအမည်များအား ဆိုင်းဘုတ်တင်ထားခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအမည်များကိုသာ မှတ်တမ်းတင် အသိအမှတ်ပြုထားပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက **"မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုများ လျော့နည်းစေရေးအတွက် လိုအပ်ချက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အမျိုးသမီးများအပေါ် ကာယိန္ဒြေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု မပြုနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေတို့တွင် ပြစ်မှုအမျိုးအစားအလိုက် အကာအကွယ်ပေးထားပါကြောင်း၊ အနိမ့်ဆုံးပြစ်မှုဖြစ်သည့် မိန်းမကာယိန္ဒြေကို စော်ကားရန်ရည်ရွယ်သော စကား၊ ကိုယ်အမူအရာတို့ဖြင့် ကျူးလွန်ပါက ထောင်ဒဏ်(၁)နှစ်အထိ ချမှတ်နိုင်ပြီး အမြင့်ဆုံးပြစ်မှုများ ဖြစ်သည့် မုဒိမ်းမှု၊ အတင်းအဓမ္မထိမ်းမြားပေးစားရန် သွေးဆောင်ခိုးယူမှု၊ (၁၈)နှစ်အောက် မိန်းမကို ပြည့်တန်ဆာအဖြစ် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်း၊ လက်ခံခြင်းပြုလုပ်မှုတို့အပြင် လူကုန်ကူးမှုကိုကျူးလွန်ပါက ထောင်ဒဏ် (၁၀)နှစ်မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်သည့် ကော်မတီ(၃)ရပ်ဖွဲ့စည်းပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေကြမ်းကို ရေးဆွဲလျက်ရှိရာ အခန်း(၁၁)အထိ ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုအားအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ကျန်ရှိသောလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြထား

နေပြည်တော် ဖေဖော်ဝါရီ ၂

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးဂမ်ဆိုင်း၏ **"ဝိုင်းမော်မြို့နယ် မြို့ဦးဖြစ်သော အမှတ်(၁) ရပ်ကွက်၏ ဧရာဝတီမြစ်ကမ်းပါးအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် အလျား(၄၇၂)ပေရှိ ကျောက်စီမြစ်ကမ်းထိန်းနံရံ အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဝိုင်းမော်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သော ဒီဇိုင်းပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ်အား သက်ဆိုင်ရာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြစေပြီး နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ တောင်းခံ၍သော်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၌ ထည့်သွင်းရေးဆွဲတောင်းခံ၍သော်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။



ကချင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၂) မှ
ဦးဂမ်ဆိုင်း။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်၏ **"ရာဇဂြိုဟ်ဆည်အား ပြီးစီးအောင် တည်ဆောက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၃ ခုနှစ်၊ မေလမှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် တမံတည်ဆောက်ခြင်းလုပ်ငန်း (၉၆)ရာခိုင်နှုန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း (၁၀၀) ရာခိုင်နှုန်း၊ ရေအားလျှပ်စစ် အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်း (၆၅)ရာခိုင်နှုန်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်း (၂၇)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျန်ရှိသောလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးကော်မရှင်မှ စိစစ်ခွင့်ပြုသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြထားပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ
ဦးသိန်းလှိုင်။

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မွန်အမျိုးသားနေ့ကျင်းပရေး သတင်းမီဒီယာများအား တွေ့ဆုံအသိပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်(ဖေဖော်ဝါရီ ၄ ရက်)တွင် ကျရောက်မည့် (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား (ရန်ကုန်) ကျင်းပရေးစီစဉ်ဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား တွေ့ဆုံရှင်းလင်းအသိပေးပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပသည်။

ရှင်းလင်းအသိပေးပွဲတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက နိုင်မောင်တိုး၊ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်နှင့် အတွင်းရေးမှူး နိုင်စိုးကြည်တို့က (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်)ကျင်းပရန် စီစဉ်ဆောင်ရွက်ထားပုံတို့ကို ရှင်းလင်းတင်ပြကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား(ရန်ကုန်)ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားအကြိုအဖြစ် ဖေဖော်ဝါရီ ၃ ရက် ည ၇ နာရီခွဲတွင် နိုင်ငံတော်ရွှေတံဆိပ်နှစ်ဆုရှင် မွန်ဇာတ်ပွဲချမ်းညီချမ်း(ဆာန်ညီဆာန်)ဇာတ်အဖွဲ့ဖြင့် ကပြဖျော်ဖြေမည်။ ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီတွင် (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားနှင့် မွန်ရိုးရာယဉ်ကျေးမှုပဒေသာကပွဲကို ကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပါရက်များတွင် မွန်ရိုးရာအစားအသောက်ရောင်းချပွဲကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကိုချစ်)

ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ချောင်းဆုံ ဖေဖော်ဝါရီ ၂။ ။၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးနှင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃၁ ရက်က မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့် တာဝန်ရှိသူများကွင်းဆင်း၍ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ချောင်းဆုံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်း(၄/၄)မိုင်၊ ကျေးရွာချင်းဆက်မြေသားလမ်း(၆/၄)မိုင်၊ ကျေးလက်ကုန်ထုတ်တံတား သုံးစင်း၊ ကျေးရွာရေပေးရေးလုပ်ငန်း ရှစ်ခု၊ ဆိုလာမီးလင်းရေးလုပ်ငန်းတစ်ခုတို့ကို ကုန်ကျငွေကျပ် ၅၅၅ ဒသမ ၆ သန်းဖြင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ပြည်တွင်းရေးရာ

အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးရှိ နိုင်ငံ့ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးတွေ့ဆုံ

ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးကို အထူးအလေးထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ထမ်းများအငြိမ်းစားယူပါက ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေမည့်အစီအစဉ်များလည်း ဖော်ဆောင်ပေးမည်

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်ရန်စီစဉ်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဲခူး ဖေဖော်ဝါရီ ၂

နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် အခြေအနေများကိုသိရှိနားလည်စေရန် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမောင်မောင်သိမ်း၊ဒေါ်သိန်းသိန်းဌေးနှင့် ဒေါ်ဝင်းမော်ထွန်းတို့သည် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အရာထမ်းနှင့် အမှုထမ်းများအား ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်သမ္မတကိုယ်စား အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှဆောင်ရွက်လျက်ရှိသော အခြေအနေများကို အရာထမ်း၊ အမှုထမ်းများအား ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ရေး မူဝါဒကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံ၏ထိပ်ပိုင်းအဆင့်မှ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြမှုရှိရုံဖြင့် အောင်မြင်နိုင်မည်မဟုတ်ဘဲ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်ကို တာဝန်ယူအကောင်အထည်ဖော်နေသည့် ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်က ပြုပြင်ပြောင်းလဲလိုသည့် သန္နိဋ္ဌာန်စိတ်ခိုင်မာမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့အောင်မြင်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်အဖြစ် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် လိုအပ်ချက်များဖြစ်သော လစာတိုးမြှင့်ပေးနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ဝန်ထမ်းမိသားစုများ၏ ပညာသင်ထောက်ပံ့ကြေးတို့ကို နှစ်အလိုက် တိုးတက်ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရသစ်လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်ခြင်း၊ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်နှင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်များတွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများအား ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ခြင်းကိစ္စရပ်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အသေးစိတ်တွက်ချက်ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်စကားအဖြစ် ပြောကြားလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ခြင်းပြုသည့်အခါတိုင်း ကုန်ဈေးနှုန်းများမြင့်တက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပုံမှန်ဝင်ငွေရရှိနေသူများဖြစ်သော်လည်း ယင်းတို့၏ ဘဝနောင်ရေးအတွက် အငြိမ်းစားလစာကိုသာ မှီခိုအားထားနေရသူများဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများသည်လည်း အငြိမ်းစားလစာမရရှိသော်လည်း ပုံမှန်ဝင်ငွေရရှိသူများဖြစ်ကြောင်း။

ဝန်ထမ်းမဟုတ်သည့် လယ်သမား၊ အလုပ်သမား၊ လက်လုပ်လက်စားစသည့် အခြေခံလူတန်းစားအမျိုးမျိုးတို့သည် နေ့စဉ်ရှာဖွေလုပ်ကိုင်နိုင်မှုအပေါ်မူတည်၍ ဝင်ငွေရရှိကာ ခြိုးခြံချွေတာသုံးစွဲနေရသည့်အတွက် အခြေခံစားသောက်ကုန်များ မြင့်တက်လာမှုဒဏ်ကို ခံနိုင်ရည်ရှိရန်ကိစ္စရပ်မှာ ခန့်မှန်းရခက်ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍများတွင် ရပ်တည်နေသည့် အလုပ်သမားများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိနိုင်သောကြောင့် ပုဂ္ဂလိကကဏ္ဍရှိ လုပ်ခ၊ လစာအခြေအနေအပြင် ပြည်သူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေသည် ဖြစ်ပေါ်လာမည့် အခြေအနေနှင့် လိုက်လျောညီထွေမှုရှိရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တစ်တိုင်းပြည်လုံးတွင်ရှိသော နိုင်ငံ့ဝန်ထမ်းအင်အားသည် တစ်တိုင်းပြည်လုံး၏ နှစ်ရာခိုင်နှုန်းမျှသာရှိပြီး ကျန် ၉၈ ရာခိုင်နှုန်းသည် ပြည်သူများဖြစ်၍ ကုန်ဈေးနှုန်းတက်လျှင် ခံစားရမည်မှာ ပြည်သူများသာဖြစ်သည့်အတွက် စာနာနားလည်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူအများစု၏အကျိုးစီးပွား မထိခိုက်စေရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းကို ဆောင်ရွက်ရမည်မှာ လွန်စွာအရေးကြီးသည့်အချက်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးကို အထူးအလေးထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ထမ်းများ အငြိမ်းစားယူပါက ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေမည့် အစီအစဉ်များလည်း ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ဖော်ဆောင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် ရေရှည်ခိုင်မာသည့် အုတ်မြစ်ကောင်းတစ်ခုချမှတ်နိုင်ရန်ဖြစ်ကြောင်း။

နိုင်ငံတကာ၌ အောင်မြင်စွာကျင့်သုံးနေသည့် ဝင်ငွေစုဆောင်းသည့်ရန်ပုံငွေစနစ်တစ်ခုကို ထူထောင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လူတစ်ဦးချင်း ဝင်ငွေစုဆောင်းသည့်စနစ် (Myanmar Provident Fun)အား နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာဖြင့် နေထိုင်နိုင်ရေးအတွက် ဦးတည်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းအကျိုးဆက်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ထောက်ပံ့မှုကို ပြည့်ဝစွာခံစားနိုင်မည်ဖြစ်ပြီး စုဆောင်းငွေနှင့်ပင် မိမိတို့၏ ရင်သွေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေးစသည့်ကိစ္စရပ်များအတွက် စိတ်ချမ်းမြေ့ဖွယ် လူမှုဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်သည် ကျန်းမာရေးကဏ္ဍအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကျင့်သုံးလျက်ရှိပြီး နှစ်စဉ် ဘတ်ဂျက်များအား ပိုမိုခွဲဝေချထားသည်ကို အသိပေးလိုကြောင်း၊ ထို့အပြင် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်များကို ထားရှိဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း လူမှုဖူလုံရေးအဖွဲ့တွင် အဖွဲ့ဝင်ခြင်းဖြင့် လက်တွေ့ဘဝအတွက် ထိရောက်သည့်အကျိုးခံစားမှုများ ရရှိမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်လည်း ဝန်ထမ်းများ၏ သားသမီးများအပါအဝင် ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်၍ အခမဲ့မူလတန်းပညာသင်ကြားရေး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်းပညာသင်ကြားရေးတို့ကို တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဘဏ္ဍာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးကဏ္ဍများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက အကျယ်တဝင့်ပြောကြားရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက ဘဏ္ဍာရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအရာများနှင့် မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်နေသည့် စတော့ရှယ်ယာအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သိန်းသိန်းဌေးက အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်ကျန်းမာရေးအသုံးစရိတ်ကို နှစ်စဉ် ပိုမိုမြှင့်တင်သုံးစွဲနေမှုနှင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ထမ်းများအတွက် လူမှုဖူလုံရေးစနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများအကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် လူမှုဖူလုံရေးစီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ပြောစရာများရှိသလို အစိုးရသစ်လက်ထက်တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင် ဘဏ္ဍာငွေအမြောက်အမြားသုံးစွဲလျက်ရှိသည်ကို ပြည်သူလူထုကို အသိပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ အဓိကကျသော အခန်းကဏ္ဍကို တာဝန်ယူဆောင်ရွက်နေသူများဖြစ်ကြောင်း၊ မည်သည့်အစိုးရပင်ပြောင်းပြောင်း ဝန်ထမ်းများသည် ပြည်သူအား တာဝန်ခံရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် ချမှတ်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကျေညက်စွာနားလည်မှ ပြည်သူအား ထိရောက်စွာအလုပ်အကျွေးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ နောင်တက်လာမည့် အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးရှိ အရာထမ်း၊ အမှုထမ်းပေါင်း ၆၀၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

❋ နှမ်းစပါးမှ

ဆည်မြောင်းကစက်ကြီးတွေနဲ့ ကျွန်တော်တို့လယ်သမားတွေချည်း စုပြီးတူးထားခဲ့တဲ့ မြောင်းဟောင်းကိုပြန်တူးဖော်ပေးလို့ ရေစီးရေလာတော်တော်လေး အဆင်ပြေသွားတယ်။ ကျွန်တော်တို့ကွင်းက မိုးစပါး၊ နှမ်းစပါး ကွင်းပြည့်စိုက်တဲ့ဒေသပါ။ တည်ကုန်းတစ်အုပ်စုတည်းတောင် နှမ်းစပါးစိုက်ဧက ၁၈၄၀ လောက်ရှိတယ်ဆိုတော့ ဘယ်နည်းမဆို လယ်တိုင်းရေရရှိဖို့ လိုတာပေါ့ဗျာ။ အခုအတိုင်းရော စိုက်ပျိုးလို့ မရဘူးလားလို့မေးရင် ရတယ်လို့ပဲဖြေရမယ်။ ဒါပေမယ့် ရှိရင်းစွဲသဘာဝကျုံးဘုတ်ချောင်းနဲ့ လယ်သမားမြောင်းတွေကို ပြင်ဆင်တူးဖော်ပေးပြီး မြောင်းသစ်တွေ ထပ်မံတူးဖော်ပေးဦးမယ်ဆိုရင်တော့ အလှမှာအယဉ်ဆင့်ဆိုသလို လက်ရှိထက်ပိုပြီး စိုက်ဧကတိုးပြီး အကျိုးဖြစ်ထွန်းလာနိုင်ပါတယ်။ ရေတော်မိုးတော်ဖြစ်ပြီး အထွက်နှုန်းလည်းပိုတိုးလာမယ်။ ရေကြောင့်စိတ်ဆင်းရဲနေရတဲ့ လယ်သမားတွေရဲ့ ဒုက္ခတွေလည်း သက်သာလာမယ်လို့ ပြောချင်ပါတယ်”ဟု ဒေးဒရဲမြို့နယ် တည်ကုန်းကျေးရွာမှ လယ်သမား ဦးကျော်ညွန့်က ပြောသည်။

ဆန်စပါးသည် နိုင်ငံသားအားလုံး၏ အသက်သွေးကြော၊ နိုင်ငံ၏စီးပွားရေးတစ်ရပ်ဖြစ်သည်နှင့်အညီ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရေးသည်လည်း အဓိကဖြစ်သည်။

“အရင်တုန်းထဲက ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလာခဲ့တာကတော့ ပေါ်ဆန်းမွှေး (ဘေးကျားလေး)စပါးပေါ့။ အခုနှမ်းစပါးစမ်းသပ်စိုက်ပျိုးပြီး အောင်မြင်လာလို့ စီးပွားဖြစ်စိုက်ပျိုးလာကြတာကတော့ နှစ်(၂၀)လောက် ရှိပါပြီ။ ကျွဲတွေ၊ နွားတွေနဲ့ပဲ လက်မှုလယ်ယာလုပ်လာကြတာပါ။ ဒီချောင်းရေနဲ့ မြောင်းဟောင်းပြန်ဖော်ပေးတဲ့ ရေလောက်နဲ့ပဲ လည်ပတ်အောင်သုံးစွဲနေကြရတာဆိုတော့ ကျွန်တော့်အမြင်ပြောရရင် လေးပေ အကျယ်၊ သုံးပေ အနက်လောက်ရှိတဲ့ ကျွန်တော်လယ်သမားမြောင်းတွေမှာ ဆည်ရေသောက်စနစ်မှာ အသုံးပြုလေ့ရှိတဲ့ မြောင်းထိပ်အဆောက်အအုံနဲ့ ဂိတ်တံခါးလေးတွေလုပ်ပေးစေချင်တာရယ်၊ ခြောက်လက်မ၊ ကိုးလက်မ၊ ၁၂ လက်မ အစားစားရှိတဲ့ ရေပေးပြွန်လေးတွေ သင့်တော်သလို ဆောက်ပေးစေချင်တာရယ်၊ အဲဒီနှစ်ချက်ကိုဆောင်ရွက်ပေးမယ်ဆိုရင်တော့ စိုက်ဧကတွေ တစ်ဧက ၁၀ တင်းပိုထွက်တယ်ပဲထားဦး။ ဧက ၅၀၀၀၀ ဆို တင်းငါးသိန်းပိုထွက်လာနိုင်တယ်။ နှမ်းစပါးတစ်ဧကကို စပါးတင်း ၉၀၊ ၁၀၀ နဲ့ ၁၀၀ ကျော်ထိထွက်ပါတယ်။ ဈေးကတော့ စပါးတင်း ၁၀၀ ကို လေးသိန်းဝန်းကျင်နဲ့ရောင်းရပါတယ်။ ဈေးကွက်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲတော့ရှိတာပေါ့။ ဓာတ်မြေဩဇာသုံးစွဲမှုအနေနဲ့ကတော့ ပုလဲဓာတ်မြေဩဇာ၊ တီစူပါဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးပါဝင်တဲ့ ပိုတက်ဓာတ်မြေဩဇာတွေကို အချိုးကျသုံးပါတယ်”ဟု တောင်သူ ဦးညိုဝင်းက ပြောသည်။

ယခုနှစ်နှမ်းစပါးထွန်တုံးမပိတ်သေးမီ ဇန်နဝါရီလ နောက်ဆုံးပတ်အထိ ဖျာပုံခရိုင်အတွင်း နှမ်းစပါးစိုက်ပျိုးပြီးစီးမှုပမာဏမှာ ဖျာပုံမြို့နယ်တွင် ၆၁၈၂၄ ဧက၊ ကျိုက်လတ်မြို့နယ်တွင် ၁၂၅၃၀၈ ဧက၊ ဘိုကလေးမြို့နယ်တွင် ၈၀၄၆၉ ဧကနှင့် ဒေးဒရဲမြို့နယ်တွင် ၇၄၈၉၉ ဧက စုစုပေါင်း ၃၄၂၅၀၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ခရိုင်တွင်း နှစ်စဉ်ထွန်တုံးပိတ် (ကွင်းပိတ်)ကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်ဝန်းကျင်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ပြည်တွင်းရေးရာ

၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးဇေယျာအောင်တို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့တွင် ကျင်းပသည့်ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)သို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ တက်ရောက်ခဲ့သည်။

ထိုဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်၊ ဘုရင်မ၊ အာဖရိက ခေါင်းဆောင်များ၊ နော်ဝေနိုင်ငံဝန်ကြီးချုပ်၊ ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ IMF မှ ခရစ္စတင်လာဂတ်၊ အခြား ထင်ရှားသော ခေါင်းဆောင်များ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်များတွင် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းသည် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ စီးပွားရေး လုပ်ငန်းကြီးများ၏ ခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community)၏ လက်တွေ့အကောင်အထည် ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ ဘုရင်မ Queen Maxima of the Netherland နှင့် ဇန်နဝါရီ ၂၃ ရက်တွင်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ညနေပိုင်းတွင် "Energy Reforms: New Models for Sustained Growth" ခေါင်းစဉ်ဖြင့် ကျင်းပသော အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အတွင်း World Economic Forum မှ Managing Director Mr. Philipp Rosler ၊ နော်ဝေနိုင်ငံခြားရေး ဝန်ကြီး Brende ဝန်ကြီးဟောင်း Espen International Finance Corporation မှ Asia-Pacificဆိုင်ရာ Vice President Mr. Karin Finkelston, HEINEKEN မှ Global CEO Mr. Jean Francols Van Boxmeer တို့နှင့် တွေ့ဆုံခဲ့၍ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များအကြောင်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းမှ စတင်၍ လေကြောင်းခရီးဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း နေပြည်တော် အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်)သို့ အသီးသီးဆက်လက်ရောက်ရှိလာကြသည်။

အဆိုပါအဖွဲ့များအား ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယနေ့ ရောက်ရှိလာကြသည့် ကိုယ်စားလှယ်များမှာ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့မှဖြစ်ကြပြီး ညပိုင်းတွင် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှအဖွဲ့များလည်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းအောင်(သတင်းစဉ်)

မြန်မာ့သဘာဝသယံဇာတ အင်ကြင်းကျောက်ပြပွဲဖွင့်

နွားထိုးကြီး ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံတွင် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်မှ အများဆုံး ထွက်ရှိသော သဘာဝသယံဇာတဖြစ်သည့် အင်ကြင်းကျောက်ကို မြန်မာသာမက ကမ္ဘာကသိရှိနိုင်ရန်အတွက် အင်ကြင်းကျောက်ကို သဘာဝနှင့်လက်မှုစက်မှုဖြင့် ဖန်တီးအလှဆင်ထားသော အနုပညာလက်ရာ အင်ကြင်းကျောက်ပြပွဲကို ဖေဖော်ဝါရီ ၁ ရက်က နွားထိုးကြီးမြို့နယ် မြင်းခြံလမ်းအထွက် အမှတ်(၈)ရပ်ကွက် ထန်းဇင်ကျေးရွာရှိ ဦးမင်းရွှေ၏ "TREE JADE" ကုမ္ပဏီခြံတွင် ကျင်းပသည်။

နွားထိုးကြီးမြို့နယ်သည် ကျေးရွာအုပ်စု ၆၄ အုပ်စု၊ ကျေးရွာပေါင်း ၁၈၅ ရွာရှိပြီး အစိုးရဌာန ၃၇ ခုရှိကာ လူဦးရေတစ်သိန်းကျော်နေထိုင်သည့်မြို့ဖြစ်သည်။ နွားထိုးကြီးမြို့နယ်တွင် လွန်ခဲ့သောနှစ် သန်းပေါင်းများစွာက အင်ကြင်းတောကြီးရှိပြီး ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် မြေအောက်သို့ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် သဘာဝသယံဇာတ အင်ကြင်းကျောက်ကို မြန်မာနိုင်ငံတွင် နွားထိုးကြီးမြို့နယ်မှ အများဆုံးတူးဖော်ရရှိခြင်းဖြစ်သည်။ သဘာဝသယံဇာတ အင်ကြင်းကျောက်ကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ စီးပွားရေးဈေးကွက်ရရှိခဲ့သည်။ နွားထိုးကြီးမြို့နယ်မှ ထွက်ရှိသောအင်ကြင်းကျောက်များကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပြီး စီးပွားဖြစ်ရောင်းချခဲ့သည်။

အင်ကြင်းကျောက်မှာ အစိမ်းရောင်၊ အနီရောင်၊ အပြာရောင်၊ အဖြူရောင်နှင့် ပယင်းရောင်ဟူ၍ ငါးမျိုးရှိသည်။ အင်ကြင်းကျောက် အစိမ်းရောင်မှာ ဈေးအမြင့်ဆုံးရရှိသည်။ တရုတ်နိုင်ငံဈေးကွက်တွင် အရောင်းရဆုံးကျောက်ဖြစ် သည်။ ပယင်းရောင်မှာ အာရပ်စော်ဘွားနိုင်ငံ၊ ဥရောပနှင့် အိန္ဒိယနိုင်ငံတို့မှ အကြိုက်ဆုံးအင်ကြင်းကျောက်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင် အင်ကြင်းကျောက်ဈေးကွက်ပေါ်လာပြီး စီးပွားဖြစ် ရောင်းချခဲ့ရာ နွားထိုးကြီးမြို့နယ်အတွင်းရှိ ဘုရားကြီး၊ တာပါယ်၊ ထန်းဇင်၊ ဒေါက်မိုး၊ အုတ်တွင်းနှင့် ရွာသာအေးရွာတို့မှာ အင်ကြင်းကျောက် အများအပြား ထွက်ရှိ ရောင်းရသဖြင့် တိုက်ဆောက်၊ ကား၊ ဆိုင်ကယ်များဝယ်စီးနိုင်ကာ စီးပွားရေးအကောင်းဆုံးနှင့် လူနေမှုအဆင့်အတန်း အမြင့်ဆုံး ရွာများဖြစ်သည်။ နွားထိုးကြီးမြို့နယ်မှ အင်ကြင်းကျောက် အများဆုံးထွက်ရှိသဖြင့် အင်ကြင်းကျောက်တူးဖော်ရောင်းဝယ်နေသည့် ကုမ္ပဏီပေါင်း ၂၀ ကျော် ဖွင့်လှစ်ထား သည်။

ဦးမင်းရွှေ၏ TREE JADE အင်ကြင်းကျောက်ပြပွဲတွင် အင်ကြင်းကျောက်တစ်ပင် သိန်းပေါင်း ထောင်ချီတန်သည့် သဘာဝသယံဇာတ အရှည်ပေ ၅၀ မှ ၇၀ အထိရှိသည့် အင်ကြင်းကျောက် သစ်ပင်လေးပင် အပါအဝင် အင်ကြင်းကျောက်ဖြင့် ပြုလုပ်ထားသည့် လက်ကောက်၊ ပုတီး၊ ဆွဲကြိုးနှင့်ရုပ်တုများ၊ အလှဆင်ကျောက်များ ပြသထားပြီး အင်ကြင်းကျောက်မှ ထုတ်လုပ်သော ပစ္စည်းများကို လက်တွေ့ ထုတ်လုပ်ပြသလျက်ရှိသည်။ ယခုအင်ကြင်းကျောက် ပြပွဲတွင် အင်ကြင်းကျောက်များကို ပုံသဏ္ဌာန်အမျိုးပေါင်း ၁၀၀ ကျော် ပြသထားသည်။ ဦးမင်းရွှေက ယခု အင်ကြင်းကျောက်ပြခန်းမှာ နွားထိုး ကြီးမြို့နယ်မှ ထွက်ရှိသော သယံဇာတ သဘာဝအင်ကြင်းကျောက်သည် မြန်မာနိုင်ငံမှသာ ထွက်ရှိပြီး မြန်မာသာမက ကမ္ဘာကပါသိရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသော အင်ကြင်းကျောက်ကို ပြုပြင်ဖန်တီးပြီး တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးနှိမ်အဝယ်ခံရသဖြင့် ဈေးကွက်စီးပွားရေးတွင် တန်ရာတန်ကြေးရရှိလာစေရန်နှင့် အင်ကြင်းကျောက် စိတ်ဝင်စားသူများ၊ နိုင်ငံခြားသားများ နွားထိုးကြီး အင်ကြင်းကျောက်ပြခန်းသို့ လာရောက်လည်ပတ်ဝယ်ယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် လည်းကောင်း ဖွင့်လှစ်ထားကြောင်းရှင်းလင်း ပြောကြားသည်။

ဦးမင်းရွှေ၏ အင်ကြင်းကျောက်ပြခန်းတွင် တရုတ်နိုင်ငံသို့ ရောက်ရှိပြီး ဈေးကွက်တွင် အရောင်းရဆုံး အင်ကြင်းကျောက်များကို မရောင်းချတော့ဘဲ အမျိုးသားရေး အသိစိတ်ဖြင့် ပြန်လည်သယ်ဆောင်ခဲ့သည့် အင်ကြင်းကျောက်လက်ရာများကိုလည်း ပြသထားသည်ကို တွေ့ရသည်။ **တင်လှိုင်(မိတ္ထီလာ)**

ရေသုံးစွဲမှု အထူးသက်သာသည့် ဆည်ရေဖျန်းစနစ်ဖြင့် လယ်ယာစိုက်ပျိုးခြင်း တောင်သူများစိတ်ဝင်စား

ပြည် ဖေဖော်ဝါရီ ၂

မိုးရေးဖလာဆည်ရေသောက်စိုက်ပျိုးစနစ်၏ ရေအရင်းအမြစ် ဆုံးရှုံးလေလွင့်မှုများမှ သက်သာစေသော ဆည်ရေဖျန်းစိုက်ပျိုးနည်းစနစ် သရုပ်ပြအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ် ရွှေပြည်မြေကုမ္ပဏီလီမိတက်ရုံး၌ ကျင်းပသည်။

ယခင်မိုးရေးဖလာအတိုင်း ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးရာတွင် ယင်းစနစ်သည် မြေကြီးပေါ်မှ ရေများဖြတ်သန်းစီးဆင်းရသည့် အတွက် မြေကြီးထဲသို့ စိမ့်ဝင်သွားသော ဆုံးရှုံးရေပမာဏနှင့် ယခုသရုပ်ပြသော ဗဟိုဆုံလည်ရေဖျန်းစနစ် (မိုးအတု)ရွာစနစ်ဖြင့် စိုက်ပျိုးလျှင် ရေသုံးစွဲကုန်ကျမှု လွန်စွာသက်သာကြောင်း၊ ရေဂါလန် ၁၀၀ အသုံးပြုရမည့်လယ်တွင် ဗဟိုပြုဆုံလည်ရေဖျန်းစက် အသုံးပြု၍ ရေဂါလန် ၃၀ သာ အသုံးပြု၍ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိုးရေးဖလာလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ သွားမည့် ပုံစံနှင့် ကိုက်ညီမည့်စနစ်ဖြစ်ကြောင်း ရွှေပြည်မြေ ကုမ္ပဏီလီမိတက်မှ ပြောရေးဆိုခွင့်ရှိသူ ဦးညိုညိုက ပြောကြားခဲ့သည်။

ထို့နောက် သီးနှံများကို ဗဟိုပြုဆုံလည်ရေဖျန်းစက် အသုံးပြုစိုက်ပျိုးခြင်း စမ်းသပ်သရုပ်ပြရာတွင် ဒေသခံတောင်သူလယ်သမားများ၊ ဧည့်သည်တော်များ အထူးစိတ်ဝင်စားကြသည်။ ထို့နောက် မေးမြန်းချက်များကို နယူးဇီလန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင် မစ္စတာ မာရေးဂျိမ်းစ်လင်တန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်လင်းနှင့် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်/ ရပ်ကျေး ဌာနဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်း-ကိုကိုနေ
ဓာတ်ပုံ-မင်းလွင်(ပြည်)

ဂျပန်နိုင်ငံ အိမ်သုတ်ဆေးစက်ရုံ မြန်မာနိုင်ငံတွင် တည်ဆောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကျန်းမာရေးနှင့် ညီညွတ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် ဂျပန်နိုင်ငံ၏ နာမည်ကြီး အိမ်သုတ်ဆေးဖြစ်သော KANSAI PAINT စက်ရုံ မြန်မာနိုင်ငံတွင် ၂၀၁၅ နှစ်လယ်တွင် ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန်၌ တည်ဆောက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၁ ရက်က အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်သည့် ဂျပန်နိုင်ငံ KANSAI PAINT GROUP နှင့် နှင်းသဇင်ဦးကုမ္ပဏီတို့ ဖက်စပ်လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုသည့် အခမ်းအနားမှသိရသည်။

အဆိုပါ စက်ရုံတည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံမှ ဝန်ထမ်းလုပ်သား ၂၀၀ နီးပါးအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်မည်ဖြစ်ကြောင်း နှင်းသဇင်ဦး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အခုလို ဖက်စပ်ကုမ္ပဏီ KPMMကို ထူထောင်ရတာ မကြာမီအချိန်အတွင်းမှာ ကိုယ့်ပြည်တွင်းမှာမြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်နဲ့ ကိုက်ညီတဲ့ အိမ်သုတ်ဆေးတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ထုတ်လုပ်ဖြန့်ဖြူးဖို့အတွက် စက်ရုံတည်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီမှာရှိတဲ့ အင်ဂျင်နီယာတွေကို ဂျပန်နိုင်ငံ KANSAI PAINT စက်ရုံကို နည်းပညာဖလှယ်ရန်အတွက် သင်တန်းစေလွှတ်ထားပြီးဖြစ်ပါတယ်။စက်ရုံလည်ပတ်ချိန်မှာတော့ ပြည်တွင်းပြည်ပပညာရှင်များနဲ့ ဒီမှာပဲထုတ်လုပ်သွားမှာဖြစ်လို့ ပြည်တွင်းမှာရှိတဲ့ လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေပေးသွားနိုင်မှာပါ။ ဝန်ထမ်းတွေနဲ့ ရောင်းဝယ် ဖောက်ကားသူတွေ အဆင်ပြေအောင် ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ ဆောင်ရွက်သွားမှာပါ" ဟု နှင်းသဇင်ဦးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညွန့်သောင်းက ပြောသည်။

KANSAI PAINT သုတ်ဆေးများသည် ဂျပန်နိုင်ငံ၏ အကောင်းဆုံး နံပါတ်တစ်နေရာတွင် ရှိနေပြီး မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ထောက်ခံချက်များရရှိထားသော သုတ်ဆေးများလည်း ဖြစ်သည်။ အဆောက်အအုံ အမျိုးမျိုးအတွက် သာမက ကားများအတွက်လည်း သုတ်ဆေးများထုတ်လုပ်ဖြန့်ချိလျက်ရှိပြီး ခြင်အန္တရယ်မှကင်းဝေးသည့် AntiMosquito Paint အသစ်တစ်မျိုးလည်း ထုတ်လုပ်ထားကြောင်း သိရသည်။

AntiMosquito Paint ကို မလေးရှားနိုင်ငံတွင် စတင်ဖြန့်ဖြူးပြီး ၂ လခန့်အကြာ ဝယ်ယူသုံးစွဲသူများကို စစ်တမ်းကောက်ယူရာ ၉၆ ရာခိုင်နှုန်းကကျေနပ်ကြောင်း၊ ၅၀ ရာခိုင်နှုန်းက ပင့်ကူ၊ ပိုးဟပ်များပြေးကြောင်း ထောက်ခံခဲ့ကြသည်။

အဆိုပါ AntiMosquito Paint သည် အနည်းငယ် ပါးစပ်ထဲဝင်ရုံ၊ အရေပြားနှင့်ထိတွေ့ရုံမျှဖြင့် အန္တရာယ်မရှိကြောင်း၊ Category 5(or) Unclassified အဖြစ်သတ်မှတ်ထားကြောင်းသိရသည်။မကြာမီကာလတွင် လည်းနှင်းသဇင်ဦး ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံ၌ KANSAI AntiMosquito Paintကို ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှသိရသည်။

(သီသီမင်း)

■

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၉-၁-၂၀၁၅ ရက်ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၇၆ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၉၂ ဦး ပေါင်းသက်တမ်းတိုး ၁၆၈ ဦးအားလည်းကောင်း၊ ထုတ်ဝေသူအမည်ပြောင်းနှင့် လိမ်စာပြောင်း လေးဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ရှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ၁၀ ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၄ ဦး၊ သတင်းစာထုတ်ဝေခွင့် နှစ်ဦး၊ သတင်းအေဂျင်စီ တစ်ဦး ပေါင်း ပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၄၂ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ဂျာနယ်အသစ်ထုတ်ဝေခွင့်လျှောက်ထားသူ ငါးဦးအား ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၅၈၆ ဦးနှင့် အသစ်လျှောက်ထားသူ ၇၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၅၉၀ နှင့် အသစ်လျှောက်ထားသူ ၂၅၆ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ လေးဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၁၅၀၉ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦး၊ ဂျာနယ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန)

ရှားပါးဓာတ်ပုံများကို ထုတ်ဖော်လိုက်သည့် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဓာတ်ပုံပြပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် သမ္မတရုပ်ရှင်ရုံအနီးရှိ THINK Art Gallery တွင် ပြုလုပ်ခဲ့ကာ ခေတ်အဆက်ဆက် ရှားပါးဓာတ်ပုံများကို ပွဲထုတ်ပြသခဲ့ကြောင်း သိရသည်။

ထိုပြပွဲသည် မြန်မာ့အလင်း၊ ဟံသာဝတီသတင်းစာတို့တွင် ဓာတ်ပုံသတင်းထောက်အဖြစ်လုပ်ကိုင်ခဲ့သော အာရှဦးကျော့၏ ခေတ်အဆက်ဆက် ရိုက်ကူးထားသော ရှားပါးဓာတ်ပုံများကို မြေးဖြစ်သူက ပွဲထုတ်ပြသခဲ့သည်။ "ဗိုလ်ချုပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်လည်း ပါသလို ကျွန်တော့်အဘိုးရဲ့ လက်ရာတွေကိုလည်း ပွဲထုတ်ပြသတာပေါ့။ ကျောင်းသား ကျောင်းသူတွေနဲ့ အများပြည်သူတွေ လေ့လာနိုင်စေဖို့ပြုလုပ်တာလည်းဖြစ်ပါတယ်။ အဲဒီထဲမှာဆိုရင် အပြင်မှာမရှိသေးတဲ့ ရှားပါးပုံတွေ ပြသထားတာဖြစ်ပါတယ်"ဟု မြေးဖြစ်သူ ကိုတေဇ(အာရှ)က ရှင်းပြသည်။

ထိုပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုပုံများမှာ ပုံ ၃၀ ခန့် ပါဝင်ပြီး ရန်ကုန်၊ မန္တလေးမြို့တို့၏ ရှေးဟောင်းမြို့ပြမြင်ကွင်းပုံများ အပါအဝင် ပုံပေါင်း ၈၀ ကျော် ပြသထားသည်။ "ဗိုလ်ချုပ်နာမည်တွေခွဲရေးဖို့ မရေးတတ်ကြဘူး၊ ဘယ်နာမည်က ဘယ်အချိန်မှာသုံးခဲ့တယ်။ ဘယ်နာမည်ကတော့ ဘယ်ကာလမျိုးမှာ သုံးတယ်ဆိုတာကို ခေတ်လူငယ်တွေ အနေနဲ့ ဗဟုသုတအဖြစ်သိစေချင်လို့လည်းပါပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

သတင်း-ထက်ခိုင်(စမ်းချောင်း)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဘရူနိုင်းအပြည်ပြည်ဆိုင်ရာ အလွတ်တန်းဓားခုတ်ပြိုင်ပွဲတွင် မြန်မာဓားခုတ်အဖွဲ့မှ ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Negara Youth Center တွင် ကျင်းပခဲ့သည့် ဘရူနိုင်းအပြည်ပြည်ဆိုင်ရာ အလွတ်တန်းဓားခုတ်ပြိုင်ပွဲ တစ်ဦးချင်းဓားခုတ်ပြိုင်ပွဲတွင် ဖြူဖြူအောင်က ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက် ဓားခုတ်ပြိုင်ပွဲတွင် ဖြူဖြူအောင်၊ မေသင်ဇာကျော်နှင့် အေးချမ်းထက်နိုင်တို့က ရွှေတံဆိပ်တစ်ခု၊ အမျိုးသား သုံးယောက်တွဲ အသင်းလိုက်ဓားခုတ်ပြိုင်ပွဲတွင် စောစိုင်းမာန်ထွဋ်၊ မင်းသီဟနှင့် နိုင်လင်းအောင်တို့က ငွေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးချင်း ဓားခုတ်ပြိုင်ပွဲတွင် မေသင်ဇာကျော်က ငွေတံဆိပ် တစ်ခု၊ အမျိုးသားတစ်ဦးချင်း ဓားခုတ်ပြိုင်ပွဲတွင် စောစိုင်းမာန်ထွဋ်က ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီး တစ်ဦးချင်းဓားခုတ်ပြိုင်ပွဲတွင် အေးချမ်းထက်နိုင်က ကြေးတံဆိပ်တစ်ခု စုစုပေါင်း ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် အောင်မြင်မှုရရှိခဲ့သော မြန်မာဓားခုတ်အဖွဲ့သည် အသင်းအုပ်ချုပ်သူ ဦးစီးအရာရှိ ဦးကျော်ဝင်းနိုင် ခေါင်းဆောင်၍ ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ ဓားခုတ်အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်၊ အတွင်းရေးမှူးနှင့် ရန်ကုန်အား/ကာသိပ္ပံ ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ပြည်တွင်းရေးရာ

❖ (၆၈) နှစ်မြောက်မှ

၆၁၀၉၀ ကျယ်ဝန်းပြီး တိုင်းရင်းသားမျိုးနွယ်စု ၃၀ ကျော်ခန့် မှီတင်းနေထိုင်ကြကာ လူဦးရေ ၅ ဒသမ ၈ သန်းခန့် မှီတင်းနေထိုင်လျက်ရှိပေသည်။ ရှမ်းပြည်နယ် ပထဝီအနေအထားကိုကြည့်ပါက မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံ၊ တောင်ဘက်တွင် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝန်းရံထားပြီး ခရိုင် ၁၃ ခု၊ မြို့နယ်ပေါင်း ၅၅ မြို့နယ်၊ မြို့ ၈၄ မြို့၊ ရပ်ကွက် ၄၉၈ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၅၆၆ အုပ်စုနှင့် ကျေးရွာပေါင်း ၁၂၅၇၉ ရွာဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာသိရှိရပါသည်။ ၎င်းအပြင်ပြည်နယ်အတွင်းထူးခြားသည့် ဝိသေသမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်ခုဖြစ်သည့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့လေးခုဖြစ်သည့် “ပအိုဝ်း”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ “ဓနု”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ “ပလောင်” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ “ကိုးကန့်”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုပြီး လူမျိုးနွယ်စုများအားလွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူဦးရေ၏ သုည ဒသမ ၀၁ ရာခိုင်နှုန်းအထက်ရှိသည့် ကချင်၊ ကယန်း(ပဒေါင်)၊ ဗမာ၊ လားဟူ၊ လီဆူး၊ အင်းသားနှင့် အခါတိုင်းရင်းသားများအတွက် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ရွေးချယ်တင်မြောက် ခန့်ထားပေးစေခဲ့ကြောင်းလည်း တွေ့ရှိရပြန်ပါသည်။

ရှမ်းပြည်နယ်ဟုဆိုသော်လည်း ရှမ်း၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ မြန်မာ၊ ကိုးကန့်၊ တောင်ရိုး၊ လားဟူ၊ အခါ၊ ဝ၊ ကချင်၊ ကယန်း၊ ပလောင်စသည့် တိုင်းရင်းသားမျိုးစုံ စုပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုအဖြစ် မြင်တွေ့ရမှာဖြစ်ပါသည်။

ရှမ်းပြည်နယ်သည် နယ်စပ်ဒေသ ဝင်ပေါက်များဖြစ်သည့် မူဆယ်၊ လောက်ကိုင်၊ မိုင်းလား၊ တာချီလိတ် စသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြင့် တရုတ်၊ ထိုင်း၊ လာအိုတို့နှင့် စီးပွားရေးအရကူးလူးဆက်ဆံမှုရှိပြီး မူဆယ်၊ လောက်ကိုင်၊ တာချီလိတ်ဝင်ပေါက်များမှ ပြည်ပဧည့်သည်များ ဝင်ထွက်သွားလာခွင့်ရရှိသဖြင့် ခရီးသွားလုပ်ငန်းများလည်း တိုးတက်မှုရှိနေပြန်ရာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်ကောင်းများ ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုဆိုရမည်ဖြစ်သည်။ ရှမ်းပြည်နယ်၏မြို့တော်မှာ တောင်ကြီးဖြစ်ပြီး လူဦးရေ သုံးသိန်းခန့် နေထိုင်လျက် ကားလမ်း၊ ရထားလမ်း၊ လေယာဉ်တို့ဖြင့် ကမ္ဘာကျော်အာဆီယံအမွေအနှစ် ကုန်းတွင်းရေကန်ကြီးဖြစ်သည့် အင်းလေးကန်၊ ရွှေဟောင်းဘုရားပုထိုးစေတီများဖြစ်သည့် မွေတော်ကက္ကူ၊ ပင်းတယရွှေဥမင်၊ ကလောမြင်းမထိဂူ၊ ဟိုပုံးထမ်ဆမ်းဂူနှင့် ဘဝသံသရာတံတားများအားလည်းကောင်း၊ မြောက်ပိုင်းဒေသတွင် လားရှိုးမြို့သည် အကြီးဆုံးဖြစ်ပြီး မန္တလေးမှကားလမ်း၊ ရထားလမ်း၊ ကျေးသီး၊ မိုင်းကိုင်မှ ကားလမ်းဖြင့်လည်းကောင်း၊ လားရှိုးမြို့သို့ လေယာဉ်ဖြင့်လည်းကောင်း သွားရောက်နိုင်ပြီး ဂုတ်တွင်း၊ ဂုတ်ထိပ်မီးရထားတံတား၊ သီပေါ၊ လားရှိုး၊ သိန်းနီမြို့များ၌ စော်ဘွားတို့၏ ဟော်နန်းများ၊ ဘော်ကြိုဘုရား၊ မန်ဆူဘုရား၊ လားရှိုးရေပူစမ်းနှင့် မူဆယ်၊ လောက်ကိုင်မှတစ်ဆင့် နယ်စပ်မြို့များသို့ သွားရောက်လည်ပတ်နိုင်ပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျိုင်းတုံသည် ရှေးဟောင်းစော်ဘွားမြို့တော်ဖြစ်ပြီး တာချီလိတ်သည် ထိုင်းနိုင်ငံနှင့်ဆက်စပ်ပြီး စီးပွားရေးဖွံ့ဖြိုးသည့် မြို့တစ်ခုဖြစ်ကြောင်း တွေ့ရပေမည်။ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ တောင်ကြီးမှ ကားလမ်းဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်း သွားရောက်နိုင်ပြီး ကျိုင်းတုံမြို့၌ သစ်တစ်ပင်တောင်၊ ခေမရဋ္ဌဗျာဒိတ်ပေးဘုရား၊ ရေပူစမ်းနှင့် မဟာမြတ်မုနိဘုရား၊ နောင်တုံကန် အလှအားလည်းကောင်း၊ တာချီလိတ်မြို့၌ ဝမ်ကောင်းဈေး၊ ရွှေတိဂုံပုံတူဘုရားနှင့် နယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံအတွင်းသို့ သွားရောက်လည်ပတ်နိုင်ပေသည်။

သို့ဖြစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အား ထူးထူးခြားခြားဖြင့် ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်အထိ အဝေယာကုန်းသာယာမီးပုံးပျံကွင်းတွင် လူထုအခမ်းအနားကျင်းပခြင်း၊ ပြခန်းများ ခင်းကျင်းပြသခြင်း၊ ရိုးရာဓလေ့ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ အားကစားပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ၊ ဈေးပွဲတော်များဖြင့် ရှမ်းတိုင်းရင်းသားတစ်မျိုးတည်းကိုသာ ကိုယ်စားပြုခြင်းမဟုတ်ဘဲ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုအပေါင်းအား အလေးထားကာ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ရှမ်းပြည်နယ်ကြီးအား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်သော်လည်းကောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အတူယှဉ်တွဲနေထိုင်နိုင်ရေးကိုလည်းကောင်း၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင်လည်းကောင်း၊ ပြည်နယ်အတွင်းရှိသည့် တိုင်းရင်းသားပြည်သူအလွှာပေါင်းစုံမှ မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင်ဆောင်ရွက်သွားကြပါရန် ဆန္ဒပြု၍ ထိုက်ထိုက်တန်တန် ဆင်ယင်ကျင်းပပေးမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်ထွန်း(TGI)

❒ ကျောဖုံးမှ

ဧည့်သည်တော်များ၊ ဒေသခံပြည်သူများက ရပ်ကွက်အလိုက် ရထားဆွဲပွဲယှဉ်ပြိုင်နေမှုနှင့် ရိုးရာသံချပ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ရထားဆွဲပွဲတော်တွင် စစ်တွေမြို့မှ ရပ်ကွက် (၂၈)ရပ်ကွက်တို့ ယှဉ်ပြိုင်ဆွဲငင်လျက်ရှိကာ ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ဆုရရှိသည့်ရပ်ကွက်များကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ရှေးခေတ် ရခိုင်သား၊ ရခိုင်သူတို့သည် ရထားဆွဲပွဲကျင်းပရခြင်းကြောင့် ရာသီဥတုမျှတခြင်း၊ လယ်ယာသီးနှံအထွက်တိုးပေါများခြင်း၊ တိုင်းပြည်နိုင်ငံ အေးချမ်းသာယာခြင်းတို့ဖြစ်စေသည်ဟု သိရသည်။ ရထားဆွဲပွဲတော်ကို နှစ်စဉ်တပို့တွဲလရောက်တိုင်း အစဉ်အလာမပျက် ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ကျင်းပရာတွင်လည်း တပို့တွဲလပြည့်နေ့ကို နောက်ဆုံးထားကျင်းပရကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

လရာသီတပို့တွဲမှာ ထမနဲထိုးပွဲဆင်နွဲ၍ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၂

တပို့တွဲလသည် မြန်မာ့ဆယ်နှစ်လရာသီပွဲတော်ဝင် ထမနဲထိုးပွဲ ကျင်းပချိန်ဖြစ်သည်နှင့်အညီ မန္တလေးမြို့တွင်းရှိ တန်ခိုးကြီးဘုရားများနှင့် ရပ်ကွက်များတွင် ထမနဲထိုးပွဲများ အပြိုင်ဆင်နွဲလျက်ရှိသည်။

ထိုသို့ ထမနဲထိုးပွဲများကို အုပ်စုလိုက်အပြိုင်အဆိုင်ကျင်းပပြီး ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာတစ်ခုကို မပျောက်ပျက်အောင် စောင့်ထိန်းလုပ်ဆောင်ကြရင်း မြတ်စွာဘုရားနှင့် သံဃာတော်များအား အရဏ်ထမနဲဆွမ်းများ ဆက်ကပ်လောင်းလှူခြင်း၊ စတုဒိသာထမနဲ ကျွေးမွေးလှူဒါန်းခြင်းများ ဆောင်ရွက်ကာကုသိုလ်ယူကြသော ပွဲတော်လည်းဖြစ်သည်။

ထို့ပြင် ထမနဲရောင်းချသည့် ဆိုင်များတွင်လည်း ဒေသခံများက မိမိနေအိမ်ရှိဘုရားတွင် တစ်ပိုင်တစ်နိုင်လှူဒါန်းရန်အတွက် ဝယ်ယူလျက်ရှိကြသည်။ အထူးသဖြင့် တပို့တွဲလသည် ထမနဲထိုးပွဲတော်လဖြစ်သည့်အပြင် မန္တလေးမြို့၏ ကျက်သရေဆောင် မဟာမုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပချိန်နှင့် တိုက်ဆိုင်လျက်ရှိနေပေရာ ကုသိုလ်ပြုလှူဒါန်းသူများဖြင့် အထူးစည်ကားလျက်ရှိနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

လုံခြုံရေးတာဝန်ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ မော်တော်ယာဉ်အား မိုင်းထောင်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု သောင်းကောင်းကျေးရွာနှင့် ကောင်းစံကျေးရွာလမ်းဆုံအနီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက်နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ဖားကန့်မြို့ ကြက်တစ်ကောင်ကုန်းရှိ ၎င်းတို့၏တပ်ဖွဲ့ရုံးရှိရာသို့ မော်တော်ယာဉ်နှစ်စီးဖြင့် သွားရောက်စဉ် ဆန်းကြွယ်ကျေးရွာအရောက်၌ ကားလမ်းဝဲဘက်ခြမ်းမှ ကေအိုင်အေ(ကချင်)အဖွဲ့ ထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်များ စီးနင်းလာသော ယာဉ်အမှတ်---(Grand Tiger) နှစ်ခန်းတွဲယာဉ်အား မိုင်းစများ ထိမှန်ခဲ့ပြီး ယာဉ်ပေါ်ပါရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် ယာဉ်မောင်းတို့သည် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

(၂၈)ကြိမ်မြောက် ဆီးဂိမ်းအား စင်ကာပူ၌ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၂၈) ကြိမ်မြောက် ဆီးဂိမ်းသည် နီးကပ်လာပြီဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်မှ ၁၅ ရက်အထိ စင်ကာပူတွင်ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းအား စင်ကာပူနိုင်ငံ၏ နှစ် (၅၀)မြောက် လွတ်လပ်ရေးနှစ်နှင့် တိုက်ဆိုင်နေသဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားနည်း ၃၆ မျိုးကို ပါဝင်ယှဉ်ပြိုင်နိုင်ရန် အားကစားသမား ၉၅၀ ကို လေ့ကျင့်ထားပြီး သာလွန်သော စံချိန်တင်နိုင်ရန် ရေးဆွဲထားကြောင်း၊ Singapore National Olympic Council မှ ယခုနှစ်ဆီးဂိမ်းသည် ဧပြီလတွင် အားကစားသမားများ လျှော့ထားသဖြင့် အကြီးမားဆုံးပွဲ ဖြစ်လာ၊ မလာကိုတော့ သေချာမခန့်မှန်းနိုင်ဟု Straight Times သတင်းတွင် Road to SEA Games ကဏ္ဍတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံတွင် ဆီးဂိမ်းပွဲတော်ကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃၊ ၁၉၉၃ တို့တွင် ကျင်းပနိုင်ခဲ့ကြောင်း၊ ဆီးဂိမ်းကာလအတွင်း ပွဲကြည့်ပရိသတ်များအတွက် လက်မှတ်များ ရောင်းချခြင်းနှင့် နေရာချထားရေးလုပ်ငန်းများကို ဂရုတစိုက် ဝန်ဆောင်မှုပေးအပ်သွားမည်ဟု ၎င်းဆီးဂိမ်းစာမျက်နှာပေါ်တွင် Volunteer များအဖွဲ့မှ ဖော်ပြထားသည်။

အမျိုးသားအားကစားကို အတူဆောင်ရွက်လျက်ရှိသည့် အဓိကအဖွဲ့ National Sports Association ကိုလည်း ရန်ပုံငွေနှင့်တကွ ထောက်ပံ့ပေးလျက်ရှိသည်။ လေးလပတ် ထောက်ပံ့ငွေအစား စင်ကာပူဒေါ်လာ သန်း ၈၀ ဒသမ ၇၇ ကိုလည်း ခြောက်လတစ်ကြိမ် အားကစားအတွက် ထောက်ပံ့ပေးလျက်ရှိသည်။ အားကစားကဏ္ဍအားလုံး ဖွံ့ဖြိုးရေးနှင့် ရေရှည်မြှင့်တင်ပေးနိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၂၅ သန်းအား Innovation Fund အဖြစ် NSA ကိုလည်း ကူညီပေးလျက်ရှိကြောင်း todayonline သတင်းတွင် ဖော်ပြထားသည်။

(သန့်ဇင်ဝင်း)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂

မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ ရက်က တန့်ယန်း-လားရှိုးသွားကားလမ်း၊ EPC ရုံးအနီးတွင် တန့်ယန်းဘက်မှ လားရှိုးဘက်သို့ အောင်ချစ်နိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းရှိ ဘက်ထရီအိုးထားသည့်နေရာမှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ သိမ်းဆည်းရမိသဖြင့် အောင်ချစ်နိုး (ခ)အာမင်း(ခ)အာနိုး (၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

တင်ကိုကို၊ မျိုးအောင်နှင့် ကျော်လေးတို့သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဇန်နဝါရီ ၃၁ ရက်က မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့များသည် ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်နေ တင်ကိုကို၏ နေအိမ်အားရှာဖွေရာ တင်ကိုကို၊ မျိုးအောင်နှင့် ကျော်လေးတို့ သုံးဦးအား တွေ့ရှိရပြီး နေအိမ်တံခါးကြားတိုင်တွင် ချိတ်ဆွဲထားသော ကြွပ်ကြွပ်အိတ်အတွင်းရှိ မြင်းရုပ်ထဲမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀ သိမ်းဆည်းရမိသဖြင့် တင်ကိုကို(၃၆)နှစ်၊ မျိုးအောင်(၃၉)နှစ်နှင့် ကျော်လေး (၃၉)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(ပြည်ထဲရေး)

သတိပြုကာကွယ် လျှပ်စစ်အန္တရာယ်

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အနီး ရွှေကြာပင်လမ်းမလမ်းလယ်ကျွန်းတွင် စိုက်ထူထားသော လျှပ်စစ်တိုင်များ၏ အောက်ခြေအတွင်းရှိ လျှပ်စစ်ဝါယာကြိုးများကို အဖုံး၊ အပိတ်၊ အကာများ လုံလောက်စွာကာရံထားခြင်း မရှိသဖြင့် လူနှင့် တိရစ္ဆာန်၊ ကလေးများအတွက် အန္တရာယ်ရှိကြောင်း တွေ့မြင်ရသည်။

ကိုပေါက်(ဥတ္တရမြေ)

ဂျက်ကီချန်း ဒါတွတ်ခ် ဆု အပ်နှင်းခြင်းခံရ

ဂျက်ကီချန်းသည် ဖေဖော်ဝါရီ ၁ ရက် (တနင်္ဂနွေနေ့)က ကျင်းပသော မလေးရှားနိုင်ငံ၏ ပြည်ထောင်စု ပိုင်နက်နယ်မြေနေ့ အခမ်းအနားတွင် ဒေသဆိုင်ရာ ခေါင်းဆောင်ဆု၊ ဒါတွတ်ခ် (Datuk) ဆုကို အပ်နှင်းခြင်း ခံခဲ့ရသည်ဟု မလေးရှားမီဒီယာများကဖော်ပြခဲ့သည်။

နာမည်ကြီး အက်ရှင်မင်းသားကြီးဂျက်ကီချန်းသည် ယင်းဆုပေးပွဲတွင် ၎င်း၏ နာမည်ကို "Chan Song Kang" ဟု မှားယွင်းစွာခေါ်ဆိုခြင်း ခံခဲ့ရပြီး ၎င်း၏နာမည်အမှန်မှာ "Chan Kong Sang" ဖြစ်သည်။

ယင်းအခမ်းအနားတွင် မင်းသားကြီး ဂျက်ကီချန်းက ဆုလက်ခံရန် ထွက်လာသောအခါ အခမ်းအနားသို့ တက်ရောက်လာသူများ အံ့သြသွားခဲ့ရသည်။ အကြောင်းမှာ မင်းသားကြီးက အနောက်တိုင်းဝတ်စုံအပြင် မလေးလူမျိုးတို့၏ ရိုးရာဦးထုပ် "Songhok" အနက်ရောင်ကိုပါ ဆောင်းထားခြင်းကြောင့်ဖြစ်သည်။

ဂျက်ကီချန်းသည် "Rush Hour" နှင့် "Police Story" ဇာတ်ကားများနှင့် နာမည်ရလာခဲ့သော မင်းသားကြီးဖြစ်သည်။ သူသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ သူ၏ ဇာတ်ကားသစ် "Dargon Blade" အတွက်ပရိုမိုးရှင်းဆင်းရန် သူ၏ တွဲဖက်များဖြစ်သော ဂျွန်တက်စ်စက်ခ်၊ အက်ဒရီယန်ဘရော့ဒီ၊ ချိုအီရှိဝမ်၊ လင်ပန်ဂ်နှင့် ဝမ်ရှုပိုရှင်တို့နှင့်အတူ စင်ကာပူတွင် ရှိနေမည်ဖြစ်သည်။

၂၀၁၅ ဂရမ်မီဆုပေးပွဲတွင် လေဒီဂါဂါ ပါဝင်ဖျော်ဖြေမည်

(၅၇)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို ဖေဖော်ဝါရီ ၈ရက်တွင် ကျင်းပမည်ဖြစ်ရာ အမေရိကန်အဆိုကျော် လေဒီဂါဂါသည် တိုနီဆန်းနက်ထ်နှင့်တွဲဖက်ဖျော်ဖြေမည်ဟု သူ၏ တွစ်တာအကောင့်တွင် ဖော်ပြခဲ့သည်။

လေဒီဂါဂါ (၂၈)နှစ်နှင့် တိုနီ ဘန်းနက်ထ်(၈၈)နှစ်တို့စုံတွဲသီဆိုထားသော "Cheek to Cheek" စီးရီးကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်ကစတင်ဖြန့်ချိခဲ့သည်။ ၎င်းတေးစီးရီးသည် ယခုနှစ် ဂရမ်မီဆုပေးပွဲတွင် အကောင်းဆုံး ရိုးရာပေါ့ပ်ဂီတစီးရီး (Best Tranditional Pop Vocal Album) ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံရသည်။

လေဒီဂါဂါနှင့် ဘန်းနက်ထ်စုံတွဲအပြင် ကွန်မန်းနှင့် ဂျွန်လီဂန်၊ ဟောဇီနှင့် ဘန်နီ၊ လင်နော့၊ ဂျက်စီဂျေနှင့် ကွန်ဂျူန်းစ်၊ အဒမ်လက်ဗင်းန်းနှင့် ဂွင်န် စတီဖန်နီ စသည့်စုံတွဲများလည်းတင်ဆက်ဖျော်ဖြေကြမည်ဖြစ်သည်။

ခင်ခင်သက်-စုစည်းသည်

ပါဝါရိန်းဂျားမင်းသား မက်ဒီနာ အခန်းဖော်သူငယ်ချင်းအားသတ်မှုဖြင့် အဖမ်းခံရ

အသက် (၃၆)နှစ်ရှိပြီဖြစ်သော ပါဝါရိန်းဂျား မင်းသား မက်ဒီနာသည် စနေနေ့ နေ့လယ်ပိုင်းက သူ၏ အခန်းဖော်သူငယ်ချင်းအား ဓားဖြင့်ထိုးသတ်ခဲ့သောကြောင့်ကယ်လီဖိုးနီးယားပြည်နယ် လော့ခ်အိန်ဂျလိစ်တရားရုံးတွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။

မက်ဒီနာသည် စနေနေ့ ညနေ ၄နာရီခန့်က သူနှင့်အသက်ရွယ်တူဖြစ်သော သူငယ်ချင်း ဂျိုရှူဝါခူတာ၏ ဝမ်းဗိုက်ကို သူ့အခန်းတံခါးဘေးတွင် ရှိနေသော ဓားဖြင့်ထိုးခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ မသေဆုံးမီက သူတို့နှစ်ဦးသည် စကားများခဲ့ကြကြောင်းနှင့် မက်ဒီနာသည် ခူတာအား ဓားဖြင့် တစ်ချက်တည်းထိုးခဲ့ရာ သေဆုံးသွားခဲ့ကြောင်း လော့စ်အိန်ဂျလိစ် Times သတင်းစာသို့ ပြောခဲ့သည်။

မက်ဒီနာသည် ၂၀၀၂ ခုနှစ်က ထုတ်လွှင့်ခဲ့သော 'Power Rangers Wild Force' ဇာတ်လမ်းတွင် အနီရောင်ပါဝါရိန်းဂျား ကိုလီအီဗန်နေရာမှ သရုပ်ဆောင်ထားပြီး ၎င်းဇာတ်လမ်းမှာ သူ၏ အကျော်ကြားဆုံးဇာတ်လမ်းဖြစ်သည်။

မက်ဒီနာ၏ကိုယ်စားလှယ် ဂါလက်စ်တာက "ကျွန်တော်တို့တွေ ၁၂ နှစ်ကြာ လက်တွဲလုပ်ကိုင်ခဲ့တယ်။သူက လူကောင်းတစ်ယောက်ပါ။ သူ့ခွေးလေး အပေါ်လည်း ကောင်းကောင်းဆက်ဆံတယ်။ လူတွေနဲ့လည်း ဆက်ဆံရေးကောင်းခဲ့တယ်။ သူက တကယ်ကို လူစွမ်းကောင်းတစ်ယောက်ပါ" ဟု ပြောခဲ့သည်။

သူ့ဘဝ၏ တစ်ဦးတည်းသော လက်တွဲဖော်သည် ဇက်ဒ်ဖြစ်ပါသည်ဟု ဆယ်လီနာဆို

အမေရိကန်အဆိုကျော် ဆယ်လီနာ ဂိုမက်စ်က သူ့ဘဝ၏ တစ်ဦးတည်းသော လက်တွဲဖော်သည် လက်ရှိချစ်သူ ဇက်ဒ်သာဖြစ်ပါကြောင်း Holleywood Life စာမျက်နှာပေါ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းတွင် ပေါ့ပ်အဆိုကျော် ဂျက်စတင်ဘီဘာက ဆယ်လီနာအကြောင်း ရည်ညွှန်းစပ်ဆိုခဲ့သော အချစ်သီချင်းကို အွန်လိုင်းပေါ်မှ ထုတ်လွှင့်ခဲ့ပြီး သူ၏ ဟော်လိုအကောင့်တွင်လည်း သူသည် ဆယ်လီနာအတွက် ချစ်သူကောင်းတစ်ဦးဖြစ်လာရန် ကြိုးစားပါမည်ဟု ကတိပေးစကားများ ရေးသားခဲ့သည်။

ဆယ်လီနာသည် ဂျက်စတင်ဘီဘာနှင့် လမ်းခွဲပြီးနောက် ဇက်ဒ်နှင့်ချစ်သူ ဖြစ်ခဲ့ကြသည်။ ဂျက်စတင်ဘီဘာ၏ သီချင်းနှင့်ပတ်သက်၍ ဇက်ဒ်ကစိတ်ပူခဲ့ရသော်လည်း ဆယ်လီနာကမူ ဇက်ဒ်သည်သာ သူမအတွက် ပြည့်စုံသောအမျိုးသားဖြစ်သည်ဟု ခံစားရကြောင်းနှင့် ဇက်ဒ်သည်သာ သူမအား ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုများကို ပေးစွမ်းနိုင်သူ ဖြစ်ကြောင်း Hollywood life သို့ ပြောကြားခဲ့သည်။

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း
၃-၂-၂၀၁၅ (အင်္ဂါနေ့)

MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
၁၀း၅၅ သွားမယ် စားမယ် (Chatrium- Hotel)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၇၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၀)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၂)
၄း၄၀ ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗိနီ ဓာတ်ပုံပြပွဲ
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၃)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၁)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၁၀၀)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၇၁)
၁၀း၀၀ သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Song

jr0wD

၆း၀၃ တရားတော်
၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၀၀ တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်
၄း၀၈ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြမ္မာခါးခါး" (အပိုင်း-၃၃)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူ ဆူးစူးပါစေ" (အပိုင်း-၁၀)
-ဟာသရုပ်စုံ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဝအားမာန်" (အပိုင်း-၄၆)

Entertainment Channel

-ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၄)
၆း၃၀ ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၂)
၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၂၄)
၇း၁၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ(ဝိုင်း)
၇း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၄၇)
၈း၅၀ ပြည်သူ့နီတိ"အဖြည့်ခံနှလုံးသား"
၉း၀၅ ဟိုးတုန်းက. . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ၊ "စမ်းရေပမာမိမေတ္တာ" (ရိုးရိုး၊ ထူးမြတ်၊ ချိုတေးလွင်လွင်) [ဒါရိုက်တာ- သီတာလင်း(Laural Art Academy)]
၁၀း၀၀ 40th Year OF ASEAN-Japan Friendship And Corporation (Laos)
၁၀း၀၅ Colour Of ASEAN(Laos)
၁၀း၁၀ ASEAN CULTURAL FAIR (2014) (Laos PDR Music Show)
၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း"ဆွေး" (သူထူးစံ၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ ဆုပန်ထွာ) [ဒါရိုက်တာ- မောင်အောင်(ရုပဗေဒ)]

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

New Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅ "ရွှေဟောင်းသမိုင်းဝင် မောခေါရှင်"
၉း၃၅ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ (Borobudur, Indonesia)
၁၀း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၂း၃၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
၆း၃၀ Head Line NEWS
၆း၃၅ "One Vision Part-1-B" (ပထမပိုင်း)
၇း၃၀ Head Line NEWS
၇း၃၅ "ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း"
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
-နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂၅)

MYANMAR INTERNATIONAL
Programme in Brief
(3-2-2015) (Tuesday)

- Insight Myanmar"Responsible Tourism and Economy"
- Made in Myanmar "Mixxo"
- Culture Show: Theatrical Make Up
- Products Of Myanmar-Seashells Products
- Beautiful Mon Choral Dance
- Crocodile Keeper
- Food Trip (EP-4)(Part-1)
- Entrepreneur "Kalayar Pyi Wai Shan"
- Tapestry-A Unique Combination of Painting and Carftsmanship
- Ngapail, Unique Spot To Relax
- Culture Shows:Composer Ma Mya Lay
- Myanmar Puppet
- Taste of Myanmar "Kho Taung Noodle Soup"
- Singapore Myanmar Bilateral Ties
- Youth Filmmaker:Lwin Ko Ko Oo
- Shin Ma Taung Thanakhar

အားကစား

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲပဉ္စမပွဲစဉ် ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR(JGM)က ကြီးမှူးကျင်းပသော 5th JUNIOR GOLF MYANMAR TOURNAMENT 2015 ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် အသက်(၁၀)နှစ်အောက်ပြိုင်ပွဲ စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့် လင်းဖြိုးသူက တတိယ၊ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ထွန်းမြတ်သူက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၈၆ ချက်ဖြင့် မင်းသံလွင်အောင်က ပထမရရှိခဲ့သည်။ ဆုရရှိသူများအား JUNIOR GOLF MYANMARမှ ဦးမြင့်အောင်က လည်းကောင်း၊ အသက်(၁၂)နှစ်အောက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် ဖြိုးဇံက တတိယ၊ စုစုပေါင်းရိုက်ချက် ၁၇၀ ချက်ဖြင့် အောင်စိုင်းဖက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် မသင်းဝေခိုင်က ပထမရရှိခဲ့သည်။ ဆုရရှိသူများအား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက လည်းကောင်း၊ အသက်(၁၅)နှစ်အောက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ထွန်းအောင်ခိုင်က တတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပြည့်မင်းရှိန်က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ဟိန်းစည်သူက ပထမရရှိခဲ့သည်။ ဆုရရှိသူများအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက်(၂၄)နှစ်အောက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ဇင်မင်းသူက တတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၂ ချက်ဖြင့် သီဟဌေးက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ရဲလွင်ဦးက ပထမရရှိသူတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

5th JUNIOR GOLF MYANMAR TOURNAMENT 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို JUNIOR GOLF MYANMAR မှ အဖွဲ့ဝင် မိဘများက အဓိကကူညီပံ့ပိုးပြီး Co-Sponsor များ ဖြစ်ကြသော Elite Tech Group of Companies၊ Double Eagle Golf Co.,Ltd.၊ HAN Golf Masters Pte.,Ltd.၊ KM Golf Centre၊ J'Donuts (J&J Co.,Ltd.)၊ Asian Wings Airways, Sam Par Oo Purified Drinking Waters, Premier Coffee နှင့် Power Life အိမ်ဆောက်ပစ္စည်းဆိုင်တို့က လူငယ်ဂေါက်သီးရိုက် အားကစားသမားများ စိတ်ဓာတ်တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရန်အတွက် ထပ်မံ၍ ကူညီပံ့ပိုးကြကြောင်း သိရသည်။ **(ကြေးမုံ)**

အား/ကာသိပ္ပံမှ မျိုးဆက်သစ်လူငယ်များ လာရောက်ရွေးချယ်

ဖျာပုံ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ မအူပင်ခရိုင်အတွင်းရှိ မျိုးဆက်သစ်လူငယ်များကို အားကစားနည်းအလိုက် အား/ကာသိပ္ပံ(ရန်ကုန်) ဦးစီးအရာရှိ ဒေါ်နှင်းနှင်းအေးနှင့် နည်းစနစ်မှူး သုံးဦးတို့က မအူပင်ခရိုင် အားကစားကွင်းကြီးတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၂ ရက်အတွင်း လာရောက်ရွေးချယ်ရာ မအူပင်ခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖုန်းကျော်၊ ဖျာပုံခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် မြို့နယ်ဦးစီးအရာရှိများ ဦးဆောင်မှုဖြင့် ကျောင်းသားကျောင်းသူများ ၂၅၅ ဦး လာရောက်၍အရွေးချယ်ခံကြသည်။

ယခု စိစစ်ရွေးချယ်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် အားကစားသမားများကို အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)တွင် ခေါ်ယူ၍ နေထိုင်စားသောက်ရေး၊ ပညာသင်ကြားရေးကို နိုင်ငံတော်မှတာဝန်ယူ၍ စီစဉ်ပေးပြီး စားသောက်မှုကို ကိုယ်တိုင်ယူ(ဘူဖေး) စနစ်ဖြင့် ကျွေးမွေးခြင်း၊ ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံ၊ ညနေပိုင်း ထမင်းစားဝတ်စုံ၊ အားကစားအထောက်အကူပစ္စည်း၊ စာရေးကိရိယာ၊ အိပ်ရာသုံးပစ္စည်းများကိုလည်း နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ကို ဒဂုံတက္ကသိုလ်တွင် B.Sc (Sport), B.A(Sport) ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ကြားပေးခြင်း၊ နိုင်ငံ့လက်ရွေးစင်အဆင့်အထိ အားကစားထူးချွန်သူများကို နည်းပြ/နည်းစနစ်၊ ဦးစီးအရာရှိအဖြစ် အားကစားဝန်ကြီးဌာနတွင် အလုပ်ခန့်အပ်ပေးသည်အထိ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျောင်းတက်နေစဉ်အတွင်း ထိုက်သင့်သည့် လစဉ်ကြေးရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

(၅၄၀)

တိုက်စစ်မှူး ဟယ်ရီကိန်း စပါးအသင်းနှင့် စာချုပ်သစ်ချုပ်ဆို

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းနှင့် ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ရာ ၂၀၂၀ ခုနှစ်အထိ ဝှိုက်ဟက်ဒ်လိန်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ အင်္ဂလန်အသက်(၂၁)နှစ်အောက် ကစားသမား ဟယ်ရီကိန်းသည် ဇန်နဝါရီ ၃၁ ရက်က ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့ပြီလည်းဖြစ်သည်။ လက်ရှိတွင် စပါးအသင်းအတွက် ပြိုင်ပွဲပေါင်း ၃၃ ပွဲပါဝင်ကစားပေးထားပြီးဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီ စတင်ကတည်းက စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ခြေစွမ်းကောင်းများပြသနိုင်ခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှုများကြောင့် ကက်ပီတယ်ဝမ်းဖလား နောက်ဆုံးဗိုလ်လုပွဲသို့လည်း စပါးအသင်းတက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ်ပရီမီယာလိဂ်တွင် ခြေစွမ်းကောင်းများပြသကာ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း ထိပ်ဆုံး၌ ဦးဆောင်နေသည့် ချယ်လ်ဆီးအသင်းနှင့် ဇန်နဝါရီ ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ဟယ်ရီကိန်းအနေဖြင့် စပါးအသင်းအတွက် နှစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ကလည်း လစ်သူရေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲနှင့် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် တိုက်စစ်မှူးဟယ်ရီကိန်းအား ခေါ်ယူအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းနှင့် ငါးနှစ်ခွဲသက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီးနောက် တစ်ပတ်လုပ်ခလစာပေါင် ၄၅၀၀၀ ရရှိမည် ဖြစ်ကြောင်း သိရသည်။ ဟယ်ရီကိန်းသည် စပါးအသင်းသို့ ၂၀၀၉ ခုနှစ်ကတည်းက ရောက်ရှိလာခဲ့သူဖြစ်ပြီး မီဝေါလ်၊ နော့ဝှစ်ချ်၊ လက်စတာစသည့်အသင်းများသို့လည်း သွားရောက်ကစားခဲ့ကာ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၄၁ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်သည်။ ယခုနှစ်တွင်မူ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၀၊ မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် သွင်းဂိုး ၁၉ ဂိုး၊ ဆန်းချက်ဇ်သည် သွင်းဂိုး ၁၈ ဂိုး၊ ကော်စတာသည် ၁၇ ဂိုး၊ ဘရာဟီနိုသည် သွင်းဂိုး ၁၄ ဂိုး စသည်ဖြင့် ဟယ်ရီကိန်းသည် ပရီမီယာလိဂ်ကစားသမားများအနက် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ငွေကြယ်

ဘွန်ဒက်လီဂါပွဲစဉ်-၁၉

ဘွန်ဒက်လီဂါပွဲစဉ်-၁၉ ကို ပွဲစဉ်-၁၈ ကစားအပြီး သုံးရက်သာခြားကာ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက် နံနက်ပိုင်းတွင် ကစားမည့်ပွဲစဉ်များမှ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေသည့် ပွဲငါးပွဲကို ကြိုတင်ခံစားကြည့်လိုက်မိပါတယ်။

ဘိုင်ယန်မြူးနစ်-ရှော်လ်ကေး **နံနက် ၁း၃၀ (၄-၂-၂၀၁၅)**

ဒုတိယရာသီဝက်အဖွင့် အဝေးကွင်းပွဲမှာ ရှုံးပွဲကြုံတွေ့ခဲ့ရသည့် ဘိုင်ယန်မြူးနစ်အသင်း ယခုအိမ်ကွင်းပွဲတွင် နိုင်ပွဲမဖြစ်မနေမရရအောင် ရယူပေလိမ့်မည်။ ရှော်လ်ကေးကပြီးခဲ့သည့်ပွဲမှာ အနိုင်ရပြီး အဆင့်လေးနေရာ ရောက်လာ၍ ဘိုင်ယန်မြူးနစ်အသင်းအခက်တွေ့အောင်အားထည့်ရှန်းမည်မှာ သေချာသည်။ သို့သော် အဝေးကွင်း ခံစစ်ပိုင်းလိုအပ်ချက်အားနည်းချက်ရှိနေဆဲဖြစ်သည့် ရှော်လ်ကေးတို့အိမ်ကွင်းအကောင်းဆုံးပုံစံရနေသည့် ဘိုင်ယန်မြူးနစ်ကို ယှဉ်ရန်မလွယ်ကူနိုင်ပါ။ ဘိုင်ယန်အိမ်ကွင်းနောက်ဆုံးနှစ်ကြိမ်တွေ့ဆုံခဲ့စဉ်ကအတိုင်းပင် ဘိုင်ယန်မြူးနစ်အသင်းအောင်ပွဲခံဦးမည်ဖြစ်သည်။

မိုချင်ဂလက်ဘတ်-ဖရိုင်းဘတ် **နံနက် ၁း၃၀ (၄-၂-၂၀၁၅)**

ပွဲစဉ်(၁၈)မှာ နိုင်ပွဲကိုယ်စီရခဲ့ကြသည့် နှစ်သင်းတွေ့ဆုံမှုဖြစ်၍ ကြည့်ကောင်းမည့်ပွဲဖြစ်သည်။ အမှတ်ပေးဇယားတတိယနေရာကို တက်လာသည့် မိုချင်ဂလက်ဘတ်အနေဖြင့် လက်ရှိနေရာတည်မြဲရေးအတွက် အိမ်ကွင်းမှာ ဖရိုင်းဘတ်ကို အနိုင်ရအောင်အားထည့်ကစားမည်ဖြစ်သည်။ ဧည့်သည်အသင်းက အဝေးကွင်းစွမ်းဆောင်ရည် အားနည်းမှုရှိသည်ကို မိုချင်ဂလက်ဘတ်အခွင့်ကောင်းယူအသုံးချသွားပေလိမ့်မည်။

ဟန်နိုဗာ-မိန့်စ် **နံနက် ၁း၃၀ (၄-၂-၂၀၁၅)**

ဒုတိယရာသီဝက်အစ အိမ်ကွင်းပွဲတွင် ပါဒါဘွန်းကို ဂိုးပြတ်အနိုင်ယူပြီး အဖွင့်လှခဲ့သည့် မိန့်စ်အသင်း ဟန်နိုဗာကွင်းသွားကစားရမည့်ပွဲမှာ စိတ်ဝင်စားစရာကောင်းနေသည်။ ဟန်နိုဗာက အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းသည့် စာရင်းဝင်အသင်းဟု ဆိုနိုင်သည်။ ဟန်နိုဗာအိမ်ကွင်းနောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုတွင် အိမ်ရှင်က အသာစီးရယူနိုင်၍ ယခုတစ်ကြိမ် ဧည့်သည်အသင်းချေဖျက်ပြနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ မာလီဒီဘယ်လ်လာဆစ်တို့၏ တိုက်စစ်တိုးအားကြောင့် မိန့်စ်တို့ သရေတစ်မှတ်မျှော်လင့်နိုင်သည့် ပွဲဖြစ်သည်။

ဖရန့်ဖတ်-ဝုဖ်ဘတ် **နံနက် ၁း၃၀ (၄-၂-၂၀၁၅)**

ဘိုင်ယန်မြူးနစ်ကို အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ရခဲ့၍ ဘက်ဒို့စ်၊ ဒီဘရူနီတို့အုပ်စု စိတ်ဓာတ်ပိုင်းအမြင့်ဆုံးအနေအထားရောက်ရှိနေသည်။ ဤအောင်မြင်မှုစိတ်ဓာတ်နှင့် ဖရန့်ဖတ်ကွင်းသွားကစားကြမည်မှာ သေချာနေ၍ ဝုဖ်ဘတ်အသင်းနိုင်ပွဲဆက်ဦးမည်ဟု သုံးသပ်မိသည်။

ကိုလုံး-စတုဂတ် **နံနက် ၁း၃၀ (၅-၂-၂၀၁၅)**

ပထမရာသီဝက်အိမ်ကွင်း ရှစ်ပွဲကစားခဲ့ရာ တစ်ပွဲသာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်သည့် ကိုလုံးအသင်း စတုဂတ်နှင့်ပွဲမှာ ဒုတိယမြောက် အိမ်ကွင်းနိုင်ပွဲအဖြစ် မှတ်တမ်းဝင်နိုင်အောင် ခြေကုန်ထုတ်ကြိုးစားကစားမည်ဖြစ်သည်။ ပထမအကျော့ စတုဂတ်ကွင်းတွင် ကိုလုံးကိုနှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ စတုဂတ်ကလည်း တန်းဆင်းဇုန်အဆင့် (၁၇)အထိ ကျဆင်းသွား၍ အိမ်ရှင်ကိုလွယ်လွယ်နှင့်တော့အလျှော့ပေးမည်မဟုတ်၊ အနိုင်မရရင်တောင် သရေတစ်မှတ်ရနိုင်ရေး ဦးတည်ကစားသွားဖွယ်ရှိသည်။ နှစ်သင်းအားပြိုင်မှုပြင်းထန်နိုင်သော်လည်း အနိုင်/အရှုံးမပေါ်ဘဲ သရေနှင့်သာ ပွဲပြီးသွားနိုင်သည်ဟု မျှော်လင့်မိသည်။ **(ဝင်းထွဋ်ဦး)**

ပရီမီယာလိဂ်တွင် ကစားရန် ကွန်ထရာအိုဆန္ဒရှိနေ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီလက်ရွေးစင် နောက်ခံကစားသမား ဖေဘီယိုကွန်ထရာအိုသည် လာမည့်ဘောလုံးရာသီတွင် အင်္ဂလန်မြေ၌ ကစားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကွန်ထရာအိုမှာ ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ပုံမှန် နေရာရရှိရန် ရုန်းကန်နေရသလို နည်းပြဖြစ်သူ အန်ဆယ်လော့တီနှင့်လည်း အဆင်မပြေဖြစ်နေကြောင်း သတင်းများထွက်ပေါ်နေသည်။ လက်ရှိအချိန်တွင် ကွန်ထရာအိုအနေဖြင့် ရီးယဲလ်အသင်းတွင် မပျော်မရွှင်ဖြစ်နေပြီး ၎င်း၏အသင်းဖော်ဖြစ်သူ ဘရာဇီး နောက်ခံလူ မာဆယ်လို၏ နောက်တွင် အရန်အဖြစ်သာပါဝင်ကစားခွင့် ရရှိသူဖြစ်သည်။

ထို့ပြင် အင်္ဂလန်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူး၊ စပါး၊ အဲဗာတန်စသည့် အသင်းများမှာလည်း ၎င်းအားခေါ်ယူရန်စိတ်ဝင်စားလျက်ရှိနေပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်အသင်းထံ တရားဝင် ကမ်းလှမ်းသွားရန်ပြင်ဆင်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

ထို့ကြောင့် ကွန်ထရာအိုက "ကျွန်တော့်အနေနဲ့ ရီးယဲလ်မှာကစားရတာကို မပျော်ရွှင်တော့ပါဘူး၊ အမြဲတမ်းအရန်ခုံမှာပဲထိုင်နေဖို့ဆိုတာ ကစားသမားတိုင်းအတွက် ကျေနပ်စရာမဟုတ်သလို ကျွန်တော့်ရဲ့အိပ်မက်လည်း မဟုတ်ပါဘူး။ ပရီမီယာလိဂ်ကလပ်အသင်းအချို့က ကျွန်တော့်ကို စိတ်ဝင်စား နေတာကိုသိရတာတကယ်ကို ဝမ်းမြောက်မိပါတယ်။ လာမယ့်ဘောလုံးရာသီမှာတော့ အင်္ဂလန်ကလပ်အသင်း တစ်သင်းကို ပြောင်းရွှေ့ကစားခွင့်ရရှိဖို့ ကြိုးပမ်းသွားမှာပါ" ဟု ထုတ်ဖော်ပြောကြားသွားခဲ့သည်။ **(ကိုရဲ)**

ဝက်စ်ဟမ်းတိုက်စစ်မှူး ကာရိုး မန်ယူအသင်းနှင့် ပွဲစဉ် လွဲချော်မည်

ဝက်စ်ဟမ်းတိုက်စစ်မှူး အန်ဒီကာရိုးသည် ဇန်နဝါရီ ၃၁ ရက်က လီဗာပူးအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ခြေသလုံးဒဏ်ရာရရှိခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းနှင့်အတူ ပါဝင်ကစားနိုင်မည်မဟုတ်ဘဲ ရက်သတ္တတစ်ပတ် သို့မဟုတ် နှစ်ပတ်အထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ကာရိုးသည် အဆိုပါပွဲစဉ်တွင် လီဗာပူးနောက်ခံလူ အမ်မရီကန်နှင့် ဘောလုံးယှဉ်လုရာမှ ခြေသလုံးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည့် မန်ယူအသင်းနှင့် ပွဲစဉ်တွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ငလိုင်တွင်းရွာသစ်ကျေးရွာတွင် မသန့်ရှင်းသောစိမ့်စမ်းရေသောက်သုံးမိသဖြင့် ကျေးရွာပြည်သူ ၇၁ ဦး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

စလင်း ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ငလိုင်တွင်းကျေးရွာအုပ်စု ငလိုင်တွင်းရွာသစ်ကျေးရွာတွင် အများသုံးစိမ့်စမ်းရေအိုင်မှ ရေကိုသောက်သုံးခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ယင်းကျေးရွာနေ အမျိုးသား ၃၀ နှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၇၁ ဦးတို့ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားရာရွာသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မြတ်အောင်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောဆေးဝါးများနှင့်အတူ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စစ်ဆေးခဲ့ရာ အဆိုပါ ရွာအရှေ့ဘက်တွင်ရှိသော အများသုံး စိမ့်စမ်းရေအိုင်၏ အရှေ့ဘက်တွင် ကျွဲ၊ နွား တိရစ္ဆာန်များမှ သောက်သုံးခြင်း၊ အညစ်အကြေး စွန့်ပစ်ခြင်း၊ ရေမှာစီးဆင်းမှုမရှိသည့် ရေအိုင်အဖြစ်တည်ရှိခြင်း၊ သန့်ရှင်းမှုမရှိသည့် အနည်အနှစ်များပါရှိသော ရေကိုသောက်သုံးမိရာမှ ဖြစ်ပွားခြင်းဖြစ်ကြောင်း ကျန်းမာရေးဌာနမှ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာရှိ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ အိမ်သာများမှကူးစက်မှု မဖြစ်ပွားအောင်ကာကွယ်ခြင်း၊ ရေကိုကျိုချက်သောက်သုံးရေး ပညာပေးပြောကြားခြင်း၊ စိမ့်စမ်းရေအိုင်မှ တိရစ္ဆာန်များသောက်သုံးရန် သီးခြားအသုံးပြုစေခြင်း၊ ရောဂါဖြစ်ပွားနေသူများအား ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာသုံးဦးအား စလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထိုကျေးရွာတွင် အိမ်ခြေ ၇၆ အိမ်၊ အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၃၂၃ ဦး နေထိုင်ကြပြီး အမျိုးသား အမျိုးသမီးစုစုပေါင်း ၇၁ ဦး ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ကျော်ဇေယျ)**

ပုလောမြို့တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် အိမ် ၂၈ လုံး မီးလောင်ကျွမ်း

ပုလော ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အမှတ်(၁) ရပ်ကွက် မြဝတီလမ်းတွင် ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ဦးခင်ကျော်ဦး၏ နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို ပုလောမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ ပလောက်မြို့ မီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဌာနဆိုင်ရာ များ၊ သန္တော၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ ငြိမ်းသတ် ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၅ နာရီတွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ် ၂၈ လုံး မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဦးခင်ကျော်ဦးအား ပုလောမြို့ မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်ကြား မင်းဓမ္မလမ်းပေါ် ဂက်(စ်)ဆိုင်ရှေ့၌ ဖေဖော်ဝါရီ ၁ ရက် ည ၁၀ နာရီ ၅ မိနစ်ခန့်က ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဓမ္မလမ်းအတိုင်း တောင်မှမြောက်သို့ ဦးစောအောင်သန်းရင်မောင်းနှင်လာသော (1I---)Alphard ခဲရောင် ကိုယ်ပိုင်မော်တော်ယာဉ်နှင့် ရှေ့ဆင့်နောက်ဆင့်မောင်းနှင်လာသော 5E/---- ပရာဒို နီညိုရောင် ကိုယ်ပိုင်မော်တော်ယာဉ်တို့ အရှိန်ပြင်းစွာတိုက်မိကြသည်။

ယင်းသို့ တိုက်မိမှုကြောင့် Alphard ခဲရောင်ယာဉ်မှာ ဦးခေါင်းလည်ထွက်သွားကာ ရပ်တန့်သွားပြီး ပရာဒိုယာဉ်မှာ ပက်လက်ဖြစ်သွားသည်။ နောက်မှလိုက်ပါလာသော မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိရိပ်သာ(၃)လမ်းနေ ဦးထွန်းလွင်မောင်းနှင်လာသော 9E/---- မာစီဒီး အနက်ရောင် ကိုယ်ပိုင်ယာဉ်က တိုက်ပြီးစ ရပ်တန့်နေသော Alphard ခဲရောင်ယာဉ်ကို အရှိန်အနည်းငယ်ဖြင့် ဆက်၍တိုက်မိခဲ့ကြောင်း သိရသည်။

(ဝ၁၅)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများကို ပြည်သူလူထုအကျိုးအတွက် စနစ်တကျစီမံနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင်သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း အရှိန်အဟုန်မြှင့်ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

ဇန်နဝါရီ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် တန်ပိုဂိတ်အနီးမှ တရားမဝင် ပိတောက်ခွဲသား ၃၇ ချောင်း (၁ ဒသမ ၅၁၆၆ တန်)၊ ယာဉ်တစ်စီးနှင့် တရားခံတစ်ဦးကိုလည်းကောင်း၊ ဘုတလင်မြို့နယ် ဘုတလင်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၀၃/၃)အနီးမှ တရားမဝင် တမလန်းခားရွှေ ၅၉ ချောင်း (၆ ဒသမ ၉၉၇၄ တန်)နှင့် ယာဉ်တစ်စီးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျောက်မစင်ကြိုးဝိုင်း အကွက်အမှတ် (၁၄)အတွင်းနေရာမှ ကျွန်းသစ် ငါးလုံး (၁ ဒသမ ၁၇၄ တန်) ရိုးမကြိုးပြင်ကာကွယ်တောအကွက် (V)အတွင်းမှ ပျဉ်းကတိုးသစ်လုံး ၃၆ လုံး (၈ ဒသမ ၀၈၂ တန်)၊ ပန်းတောင်း မြို့နယ် ရေကျော်အုပ်စု လယ်တီကျေးရွာအနောက်မြောက်ဘက် သနီချောင်းကမ်းဘေးနေရာမှ တရားမဝင် ပျဉ်းကတိုးနှင့် အခြားခွဲသား ၁၈ ချောင်း (၁ ဒသမ ၇၆၂၄ တန်)ကို ပိုင်ရှင်မဲ့အဖြစ် အသီးသီးသိမ်းဆည်းရမိခဲ့သည်။

ဇန်နဝါရီ ၃၀ ရက်တွင် ပန်းတောင်းမြို့နယ် သံလယ်ကြီးကျေးရွာ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်အနီးနေရာမှ တရားမဝင် ပျဉ်းကတိုး/အခြားသစ် ၄၈ ချောင်း (၅ ဒသမ ၇၉ တန်)ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ သံလယ်ကြီးကြိုးဝိုင်း အကွက်အမှတ်(၂၀)အတွင်းမှ ပျဉ်းကတိုးသစ် ၂၂ လုံး (၅ ဒသမ ၁၀၀ တန်)၊ လက်ပံတန်းမြို့နယ် ကဒင်ဘီးလင်းကြိုးဝိုင်း အကွက်အမှတ် (၄၅) အတွင်းမှ တရားမဝင်ကျွန်းသစ် ၁၂ လုံး (၆ ဒသမ ၃၇၆၀ တန်)ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်း အကွက်အမှတ်(၄၁) အတွင်းမှ တရားမဝင် ပျဉ်းကတိုး/အခြားသစ် (သုည ဒသမ ၉၀၈၀ တန်)ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချင်းတွင်းတံတားအဆင်းနေရာမှ တရားမဝင် ပိတောက်ခွဲသား ၁၃ ချောင်း (သုည ဒသမ ၅၁၂၂ တန်) တင်ဆောင်ထားသော ယာဉ်တစ်စီးကို တရားခံနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သစ်တောဦးစီး)**

အများသိစေရန်ကြေညာခြင်း

၃၀-၁-၂၀၁၅ ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၂၃တွင်ပါရှိသော "မြေကွက်နှင့်ကား/တိုက်ခန်းလဲမည်" ပဲခူးမြို့လေယာဉ်ကွင်းအနီး၊ ပေ (၄၀×၆၀)မြေကွက်၊ လှည်းကူးမြို့နယ်၊ ရဲမွန်တပ်အနီး မြေကွက်(၇. ၈)ဧက ပိုင်ဆိုင်မှုအထောက်အထားရှိ ညှိနှိုင်းနိုင်သည်။ ဆက်သွယ်ရန်ဖုန်း- ၀၉-၅၁၅၂၅၂၂၊ ၀၉-၇၃၀၀၉၉၉၄သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၅ခုနှစ်၊ တရားမကြီးမှု အမှတ်-၉၊ အမှုမှအမှုဖြစ်ပွားနေသော မြေကွက်(၂)ကွက်ဖြစ်ပါသည်။ အောက်ဖော်ပြပါ-

၁။ အမှတ်-၇၇/၇၉၊ အခန်းအမှတ်(၄-D)၊ ရတနာမြိုင်ကွန်ဒို၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂။ အမှတ်-၁၇၉၊ အခန်းအမှတ်(၈-B)၊ ဂန္ဓဝန်နန်းတော်ကွန်ဒို၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃။ သနပ်ပင်မြို့၊ ဖရဲကွင်းအမှတ်-၈၅၅၊ ဖရဲကွင်းအနောက်၊ ဦးပိုင်အမှတ်-၃၅/၄၊ (၆. ၃၇)ဧက၊ ဦးပိုင်အမှတ်-၃၆/၂ (၂. ၉၂)ဧကရှိ လယ်မြေ။
၄။ ဒေါ်စန်းစန်းညွန့်အမည်ပေါက် ပဲခူးမြို့နယ်၊ ဝါးမရမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-OSS၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်းအတွင်းရှိ မြေလွတ်မြေရိုင်းဧက(၅၀)မှ ဧက(၂၀)
၅။ ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဒေါ်ယဉ်ယဉ်ရွှေ အမည်ပေါက် လှည်းကူးမြို့နယ်၊ ကွေးကုန်းကွင်း၊ ကွင်းအမှတ်-(၁၀၀၈) ဦးပိုင်အမှတ် (N-၂၀) ဧရိယာ(၇. ၄၃)ဧက
၆။ ပဲခူးမြို့၊ လေယာဉ်ကွင်းအနီး ပေ (၄၀×၆၀)မြေကွက်တစ်ကွက်။
၇။ နေပြည်တော်နှင့်လယ်ဝေးမြို့ မိုင်တိုင်(၁၈၉)ရှိ (၁၀)ဧက မြေကွက်(၁)ကွက်။
၈။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်ရှိ မြေကွက်(၁)ကွက်တို့သည် အထက်ဖော်ပြပါအမှုမှ အမှုဖြစ်ပွားနေသောပစ္စည်းများဖြစ်ကြောင်း ရောင်းမှားဝယ်မှားမဖြစ်စေရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးနိုင်လင်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြညွန့် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၀)
ဖုန်း- ၀၉-၇၃၀၆၀၂၁၆







ကျေးဇူးဆပ်ပါမည်

ကျွန်မ နန်းခိုင်မာထွေး၏ နိုင်ငံကူးလက်မှတ် M.725491 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ။ မနန်းခိုင်မာထွေး
Ph. 09- 5076638



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သိမှတ်ဖွယ်ရာ ပထဝီဘာသာ

ဒီကနေ့ပို့ချမှာကတော့ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြု လေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင် ဆိုပြီး အပိုင်းကြီး (၅)ပိုင်း ပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာ လှုပ်ရှားခြင်း၊ ကမ္ဘာ့ ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သောတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ် နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံ ပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ် ဖြေဆိုရမှာ ဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်း အတွက် စုစုပေါင်းအမှတ် (၆၀) ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ စကေးနှင့်ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာ တစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးဖြေရမယ်။ မေးခွန်း၁၄(ခ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ် ပေးထားတယ်။ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့ လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန် လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘော ပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီးမှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသောအိမ်နီးချင်းနိုင်ငံများကို သိရ မယ်။ ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေး ပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့်မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေး လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်း မှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနဲ့ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာစကေးနဲ့ ကောင်းကင် ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာ ဖြစ်တယ်။ ဒီအပိုင်းမှာ လေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာ ဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံ များကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင် အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့အလျားဟာ လေးလက်မနဲ့ ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန် အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး **ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်း**အကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင် ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့် ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုတ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြား နိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့် အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ်အကွာ အဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ် တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသော အမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ
အသုံးပြုရမယ့် ပုံသေနည်း(က)ကတော့

$$\text{Scale or RF} = \frac{f}{H}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

H ဆိုတာကတော့ ကုန်းမြေအထက် လေယာဉ်ပျံသန်းသောအမြင့်
(Flying Height above the ground) ဖြစ်တယ်။

ဥပမာ ။ ကင်မရာဆုံတာ ၆လက်မ ဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကို ရှာပါ။

တွက်နည်း



ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF)= ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?

အသုံးပြုသောပုံသေနည်း $RF = \frac{f}{H}$

H = ၆ ×၆၀၀၀

၃၆၀၀၀လက်မ / ၁၂လက်မ

H = ၃၀၀၀ ပေ

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး
(Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် (H) ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့် (A) မှ ကုန်းမြေအမြင့် (h) ကို နုတ်ပေးခြင်းအားဖြင့် (H) ကို ရနိုင်ပါတယ်။

စာမျက်နှာ ၁၆ သို့ »»

»» စာမျက်နှာ ၁၅ မှ

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ
ကင်မရာဆုံတာ (f) = ၆လက်မ
တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ
ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



အသုံးပြုသောပုံသေနည်း Scale or RF = $\frac{f}{(A-h)}$

$$RF = \frac{\text{၆လက်မ}}{\text{၁၂၀၀၀-၁၅၀၀ ပေ}}$$
$$= \frac{\text{၆လက်မ}}{\text{၁၀၅၀၀×၁၂လက်မ}}$$
$$= \frac{\text{၆လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$
$$= \frac{\text{၁လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

RF = ၁း၂၁၀၀၀
အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

Scale or RF = $\frac{PD}{GD}$

သင်္ကေတရှင်းလင်းချက်အနေနဲ့
Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance)နဲ့
GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏ စကေးမှာ ၁း၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

တွက်နည်း

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀
မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?



အသုံးပြုသောပုံသေနည်း $RF = \frac{PD}{GD}$

PD = GD x RF

$$PD = (\text{၃၀၀၀×၁၂}") \times \frac{\text{၁}}{\text{၁၂၀၀၀}}$$
$$PD = \text{၃၆၀၀၀}" \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

PD = ၃ လက်မ
အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းမှာ အသုံးပြုရမည့် ပုံသေနည်းကတော့

Scale or RF = $\frac{PD}{MD}$ X Map Scale

သင်္ကေတရှင်းလင်းချက်အနေနဲ့
Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)
MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး(Map Distance)နဲ့
Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မ ဖြစ်လျှင် ဓာတ်ပုံ၏စကေးကိုရှာပါ။

တွက်နည်း

မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ
မြေပုံ၏စကေး MS = ၁း၅၀၀၀
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ
ဓာတ်ပုံ၏စကေး RF = ?

အသုံးပြုသောပုံသေနည်း RF = $\frac{PD}{MD}$ x Map Scale

$$= \frac{\text{၄}}{\text{၁၂}} \times \frac{\text{၁}}{\text{၅၀၀၀}}$$
$$= \frac{\text{၄}}{\text{၆၀၀၀၀}}$$
$$= \frac{\text{၁}}{\text{၁၅၀၀၀}}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁း၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့ နေရာမှာမေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီးတွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့သင်္ကေတွေရဲ့ အဓိပ္ပာယ်ကို သိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဇရိယာနဲ့ လတ္တီကျု၊ လောင်ဂျီကျုရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ဆမှ၁၀ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ် မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမယ်။ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ဒေါင်လိုက်စကေးရှာရာမှာ အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင် ဒေါင်လိုက်အဆချဲ့ခြင်း (၅ ဆ)ချဲ့တဲ့အခါ
၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)
၁ လက်မပေါ်မှာပြန်ရှာရင် = $\frac{\text{၅၂၈၀}}{\text{၅}}$ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံးယူပါ)

ဒါကြောင့် ဒေါင်လိုက်စကေး၁လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက်ရေးဆွဲပေးရမယ်။ ရေးဆွဲပုံ အဆင့်ဆင့်ကတော့

- ပထမဦးဆုံး ပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နဲ့ (ခ)အမှတ် တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမယ်။

- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

- ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနဲ့ 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

- ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက်အမှတ်များချပြီး မှတ်ပါ။

- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများလိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။



စာမျက်နှာ ၁၇ သို့ »»

ကျောင်းသင်ခန်းစာ

»»» စာမျက်နှာ ၁၆ မှ

- ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန် လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ V ပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက် (သို့မဟုတ်) အညိုရောင်ချယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နဲ့ ဒေါင်လိုက်စကေးနှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း (၂)နည်းနဲ့ ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျုနှင့်လောင်ဂျီကျုများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂˚) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျုမျဉ်းများဖြစ်ပြီး ကျန် (၂၈˚) အောက်၂ ခုဟာ မြောက်လတ္တီကျု ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျု ၂၁˚ ၄၅' နဲ့ ၂၁˚ ၄၉' အတွင်း အရှေ့လောင်ဂျီကျု ၉၆˚ ၉'နှင့် ၉၆˚ ၁၃' အတွင်းတွင် ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနဲ့ မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ၊ ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ် အလယ်ဗဟိုမှ ဖြတ်စီးနေပါက "မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနဲ့ ပတ်ဝန်းကျင်ဒေသဖြစ်သည်" အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့) ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်"ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီတွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ မြေပုံ၏ စကေးဟာ (၂)လက်မလျှင် (၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈)လက်မနဲ့ (၄)လက်မရှိပါက စကေးအရ မြေပြင်မှာ အလျား (၄)မိုင်နဲ့ အနံ (၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့် ပေးထားတဲ့မြေပုံပါဒေသရဲ့ အကျယ်အဝန်း ဧရိယာဟာ (အလျား ၄မိုင် × အနံ ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့် မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့ တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာပါဝင်တဲ့ မြို့၊ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စတဲ့အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင် ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့တွေ့ရရင် မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတယ်လို့ ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။

အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏ အရှေ့တောင်ခန့်တွင်ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။

'က'နေရာသည် အမြင့်ပေ ၃၀၀ အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ဆက်ရာ ဆားပွတ်ချောင်းနှင့် ချောင်းငယ်များ၊ပေ၂၀၀ကွန်တိုမျဉ်း၊ပေ၃၀၀နှင့်ပေ၄၀၀ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ 'ခ' အမှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

မြေပုံပါဒေသ၏ ရူပ ပထဝီဝင်

တည်နေရာနှင့် အကျယ်အဝန်း

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး မြောက်လတ္တီကျု ၂၀˚ ၈' မှ ၂၀˚၁၃' အတွင်းနှင့် အရှေ့လောင်ဂျီကျု ၉၄˚ ၄၉' မှ ၉၄˚ ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ ၂၁. ၆၂ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်း တွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ ၄၃၈ ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ ၂၀၀ ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှု မရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင် ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကို တွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်း စီးဆင်းပြီး ချောင်းအတွင်း သဲများတွေ့ရှိရသည်။

အောက်ခံကျောက်

မြေပုံပါဒေသတွင် ရေနံတွင်းများ တွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

ရာသီဥတု

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ပေ ၃၀၀ အောက်နိမ့်သောအပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသော ဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကိုရရှိမည်။

သဘာဝပေါက်ပင်

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ထနောင်းစသော ခြောက်သွေ့တောများပေါက်နိုင်သည်။

မြေဆီလွှာ

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော ဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

လူဦးရေ

မင်းဘူးမြို့နှင့်ကျေးရွာအများအပြား တွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာ အဓိကကိုးကွယ်ကြသည်။

မြို့ရွာပျံ့နှံ့တည်ရှိမှု

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီ ရွှံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ(ဥပမာ- ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။ အချို့ ရွာများကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင် တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ) ဖြစ်ကြသည်။

စီးပွားရေးပထဝီဝင်

အဓိကလုပ်ငန်းမှာစိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

စိုက်ပျိုးရေး မြေပဲ၊နှမ်း၊ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

ငါးဖမ်းလုပ်ငန်း ဧရာဝတီမြစ်နှင့်ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သည်။

တွင်းထွက်တူးဖော်ရေး ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မည်။

စက်မှုလုပ်ငန်း မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

လမ်းပန်းဆက်သွယ်ရေး

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြု ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့ လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့ လှည်းလမ်းဖြင့်လည်းဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်-ရေနံချောင်းသို့၊ တောင်ဘက်-မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံပြွန်လမ်းများတွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

ကုန်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့်ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်းများစွာ လိုအပ်တယ်။ ဒါ့ကြောင့် ကွန်တို မြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။

ဒေါက်တာထွန်းကို
ပါမောက္ခ (ဌာနမှူး)
ပထဝီဝင်ဌာန
ရန်ကုန်တက္ကသိုလ်

သန့်ရှင်းသပ်ရပ်မှုရှိလာသည့် ဂေါ်ဝိန်ဆိပ်ကမ်း

မန္တလေး ဖေဖော်ဝါရီ ၂

မန္တလေးမြို့ ဧရာဝတီမြစ်ဆိပ်သည် ရေကြောင်းသယ်ယူပို့ဆောင်မှုတွင် အရေးပါလျက်ရှိသည်။ ကုန်စည်များကို အနယ်နယ်အရပ်ရပ်သို့ တင်ဆောင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေးလျက်ရှိသည်။ ၂၀၁၄-၂၀၁၅ တွင် ဂေါ်ဝိန်ဆိပ်ကမ်းသည် သန့်ရှင်းသာယာမှုရှိကာကုန်စည်သယ်ယူပို့ဆောင်မှု အဆင်ပြေချောမွေ့လာကြောင်း သိရသည်။ မရမ်းခြံဆိပ်တွင်လည်း မင်းကွန်းဘက်သို့ကူးသည့် နိုင်ငံတကာခရီးသွားဧည့်သည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။ အခြားဆိပ်ကမ်းများတွင်လည်း သက်ဆိုင်ရာမြို့များသို့ ကုန်စည်များ သယ်ယူပို့ဆောင်မှုအဆင်ပြေလာသည်။

မန္တလေးမြို့ ဧရာဝတီမြစ်ဆိပ်ရှိ သင်္ဘောဆိပ်များတွင် အလုပ်အကိုင်အခွင့်အလမ်း များပြားလျက်ရှိသည်။ လုပ်ငန်းခွင်များ၌ အလုပ်သမားခေါင်းဆောင်များက ကိုယ်ပိုင်ထော်လာဂျီများဖြင့် ကျောက်တင်ရန် အလုပ်သမားများကို အကြို-အပို့လုပ်ပေးကာ ခေါ်ဆောင်ကြသည်။ နေ့စဉ် အလုပ်သမားများစွာ၊ ထော်လာဂျီများစွာဖြင့် လမ်းခင်းကျောက်၊ ဆောက်လုပ်ရေးသုံး ကျောက်များကို သင်္ဘောပေါ် တင်ဆောင်ကြသည်။

သင်္ဘောပေါ်ကျောက်တင်ရာတွင် သင်္ဘောတစ်စင်း ပြည့်ရန် လူများစွာဖြင့်တင်ဆောင်ကြရပြီး တင်ဆောင်သော ဆောက်လုပ်ရေးသုံးကျောက်များကို ဧရာဝတီတိုင်းဒေသကြီးအထိ သယ်ဆောင်ကြကြောင်း သိရသည်။ ထိုကျောက်များကို အုန်းချောမှခြောက်ဘီးကားဖြင့် သယ်ကာ တာပေါင်သို့ချပေးထားသည်။ ကျောက်ကားတစ်စီး သင်္ဘောပေါ်တွင်တင်သည့် နှုန်းထားမှာ ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ပုတ်ပြတ်တင်ဆောင်ကာ ခွဲယူလေ့ရှိသည်။

ရာသီဥတုပေါ်မူတည်၍ သင်္ဘောတစ်စင်းပြည့်ရန် ငါးရက်မှ ခုနစ်ရက်အထိကြာတတ်သည်။ သင်္ဘောတစ်စင်းလျှင် ကျောက်ကားအစီး ၅၀မှ ၆၀အထိ ရေကြောင်းပေါ် ကြည့်ကာ တင်ဆောင်ကြသည်။ အများစုသော ဆောက်လုပ်ရေးသုံးကျောက်များကို ဧရာဝတီတိုင်းဒေသကြီးအထိ ပို့ဆောင်ကြသည်။ အများစုသော ကျောက်တင်သည့် သင်္ဘောဆိပ်နေရာမှာ ဒေသအခေါ် ရေကြောင်းရုံး (ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနရုံး)အနီး အမြောက်ကြီးနှစ်လက်ဆိပ်ဟုခေါ်သောနေရာတွင် အများဆုံးတင်ကြသည်။ ထိုဆိပ်ကမ်းသို့ ကျောက်တင်လာသည့် အလုပ်သမားများမှာ တံတားဦးမြို့နယ်နှင့် အခြားမြို့နယ်စုံများမှ ထော်လာဂျီများဖြင့် လာရောက်ကာ နေ့ချင်းပြန်လုပ်ကြကြောင်း ကျောက်တင်လုပ်သားတစ်ဦးထံမှ သိရသည်။

(တိမ်တမန်)

ဆိပ်ကမ်းမြို့နယ်၌ စုပေါင်းအမှိုက်ကောက်ပွဲပြုလုပ်၍ အများပြည်သူသို့ ပညာပေးလှုံ့ဆော်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီမှစတင်၍ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် အများပြည်သူသို့ ပညာပေးလှုံ့ဆော်ရေးအတွက် စုပေါင်းအမှိုက်ကောက်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က သဘော်ဆိပ်ဝန်းကျင် ကမ်းနားတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ခရီးသွားပြည်သူများ အနှောင့်အယှက်ဖြစ်စေမည့် အရာဝတ္ထုများအားဖယ်ရှားခြင်း၊ ကမ်းနားတစ်လျှောက်ရှိ ဈေးဆိုင်များအား အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှိုက်ကောက်ပွဲတွင် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့များ ပါဝင်ခဲ့သည့်အပြင် မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆိပ်ကမ်းကုန်တင်ကုန်ချ၊ NGO အဖွဲ့အစည်းများနှင့် လူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

မော်လူးဒေသ ကိုးတိုက်နယ်ဆယ်အုပ်စု၏ သမိုင်းဝင် ဒီပင်္ကရာမဟာစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

မော်လူး၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ကိုးတိုက်နယ် ၁၀ အုပ်စု၏ သမိုင်းဝင် ဒီပင်္ကရာမဟာစေတီတော်မြတ်၏ (၁၀၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

သမိုင်းဝင် ဒီပင်္ကရာ မဟာစေတီတော်မြတ်၏ (၁၀၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မြိုင်သာယာကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်၊ မော်လူးဘုရားကြီးကျောင်း ဆရာတော်၊ နန့်စီးအောင်-ပေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်၊ ဒီပင်္ကရာစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

သမိုင်းဝင် ဒီပင်္ကရာစေတီတော်၏ (၁၀၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၀ ရက်မှ တပို့တွဲလပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းတွင် ဒေသတွင်းရဟန်းသံဃာတော်များ၊ ပင့်သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။

ယင်းဗုဒ္ဓပူဇနိယပွဲတော်တွင် ပျော်ပွဲရွှင်ပွဲအဖြစ် မန္တလေး ဆန်းလင်းဇာတ်အဖွဲ့မှ ဖျော်ဖြေမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၈၀၀ ကျော်ဖြင့် အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ ကလေးကစားစရာပစ္စည်း အစရှိသည့်တို့ကို စုံလင်စွာရောင်းချကြမည်ဖြစ်သည်။ **(၆၈၅)**

မိုးပွင့်အထူးစီမံချက်ရှင်းလင်းပွဲ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ကျင်းပ

မော်လိုက်၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မိုးပွင့်အထူးစီမံချက် ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် မော်လိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းတန်က မိုးပွင့်အထူးစီမံချက်နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာ စာရေးတို့က သိလိုသည့်မေးခွန်းများအား မေးမြန်းခဲ့ကြရာ ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ကျော်ပွား(မော်လိုက်)

ဖတ်စရာ

ငယ်စဉ်ကစ သွားကောင်းမှ

à ,kwEDfD

ပါးစပ်ဆိုသည်မှာ လူ့ခန္ဓာကိုယ်၏ တံခါးပေါက်ဝနှင့်တူ၏။ သွားဆိုသည်မှာ တံခါးနှင့်တူ၏။ တံခါးမခိုင်၍ ကျိုးပဲ့ပျက်စီးပြန်လျှင် လူ့ခန္ဓာကိုယ်၏ ကျန်းမာရေးသည်လည်း ချို့ယွင်းလာမည်ဖြစ်ပေသည်။

ကလေးငယ်တစ်ယောက် သွားကောင်းကောင်းပေါက်နိုင်ရန်၊ အရပ်အမောင်းထွားကြိုင်းလာရန်၊ သွေးအားကောင်းလာပြီး ကျန်းမာသန်စွမ်းလာရန်တို့မှာ မိခင်လောင်းတို့၏ အစားအသောက်အပေါ်တွင် များစွာမူတည်နေပေသည်။ ကိုယ်ဝန်ရှိစဉ်တွင် မိခင်သည် အာဟာရဖြစ်ထွန်းစေသော အစာအာဟာရများကို သုံးဆောင်ရပါမည်။ မီးဖွားမည့်မိခင်ရော ၎င်းရင်သွေး၏ လူတစ်လုံးသူတစ်လုံးအဖြစ် အခြေခံစရတော့မည် ဝမ်းတွင်းပါ ကျန်းမာရေးကောင်းမှသာ ဘဝကိုရင်ဆိုင်နိုင်ရန် အင်အားစုံပြည့်စုံပြီးသား ဖြစ်ပေလိမ့်မည်။

ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဟုဆိုခြင်းထက် သွားနှင့် သွားဖုံးကောင်းလျှင် တစ်သက်လုံး ခေါင်းမခဲဟုဆိုလေလျှင် ပို၍သဘာဝကျပေမည်။ သွားမကောင်းလျှင် အစာမကြေဖြစ်မည်။ သွားဖုံးမကောင်းဘဲ သွေးနှင့် ပြည်တည်နာတို့ တည်ရှိနေပါက တစ်ကိုယ်လုံးတွင် အဆိပ်ပျံ့နှံ့သလို ရောဂါပြန့်ပွားနိုင်၏။ ထို့ကြောင့် သွားကိုဂရုစိုက်ရန်ဆိုသည်မှာ လူကြီးဖြစ်မှ သွားကိုဂရုစိုက်ခြင်းထက် ငယ်စဉ်ကစ၍ ဂရုစိုက်ပေးခြင်းသာလျှင် အဓိပ္ပာယ်မှန်ကန်ပေလိမ့်မည်။

အများအားဖြင့် 'မေမေသွားနာနေတယ်' ဟု ကလေးငယ်က ငိုယိုတော့မှ မိခင်သည် ကလေးပါးစပ်ကိုဖွင့်ကြည့်ကာ သွားဆရာဝန်ဆီပြေးပြီး နောက်မှကလေးငယ်၏ သွားကိုဂရုစိုက်ဖော်ရလျှင် အချိန်နောက်ကျနေမည်ဖြစ်၏။

ကလေးငယ်ခြောက်လအရွယ်ရောက်လျှင် အရှေ့မှအောက်ငယ်သွားနှစ်ချောင်း စ၍ပေါက်တတ်သည်။ ထိုအရွယ်မှစ၍ အစာမာမာကလေးများကို တစ်စတစ်စဝါးစေခြင်းဖြင့် ကလေး၏မေးရိုးသန်မာရန်လေ့ကျင့်ပေးဖို့ လိုအပ်၏။ အောက်ငယ်သွားပေါက်ပြီးလျှင် အပေါ်ငယ်သွား၊ ထို့နောက် ဘေးမှသွားများသည် အပေါ်နှင့်အောက်တွဲ၍ တစ်ဖက်တစ်ချက်စီ လပေါင်းသုံးဆယ်အတွင်း ထွက်လာမည်ဖြစ်ပေသည်။

ငယ်သွားမှာ အားလုံးပေါင်း အချောင်း ၂၀ ရှိ၏။ ၎င်းငယ်သွားထွက်နေစဉ်တွင် မထွက်သေးသော ကြီးသွားများမှာ သွားဖုံးအောက်တွင် တစ်ခုပြီးတစ်ခု ပေါက်နေကြပေပြီ။ ငယ်သွားတို့သည် အချိန်နှင့်ထွက်၍ အချိန်နှင့်ကျွတ်ရ၏။ ဥပမာ ရှေ့တန်းမှ အောက်ငယ်သွားသည် ခြောက်လ၊ ခုနစ်လမှာထွက်ပြီး ခြောက်နှစ်၊ ခုနစ်နှစ်မှာ ကျွတ်တတ်သည်။ ယေဘုယျအားဖြင့် ဘေးမှသွားများမှလည်း ခုနစ်လမှ ကိုးလအတွင်းထွက်ပြီး ခုနစ်နှစ်၊ ရှစ်နှစ်တွင် ကျွတ်ထွက်တတ်ကြ၏။

သို့ရာတွင် ငယ်သွားကို ပိုးစား၍ အချိန်မကျခင်နုတ်ပစ်လိုက်ရပါမူ ကြီးသွားသည်လည်း သွားဖုံးအောက်မှနေ၍ ပုံပန်းကျနစွာ ထွက်ပေါ်လာနိုင်မည်မဟုတ်ပေ။ အရေးအကြီးဆုံးမှာ ငယ်သွားများ ခိုင်ခံ့သန်မာစွာပေါက်ရန် မိခင်ကိုယ်ဝန်ရှိစဉ်ကတည်းက အာဟာရဖြစ်ရန် စားသောက်ရုံနှင့်မပြီးသေးဘဲ ငယ်သွားစထွက်ကတည်းကလည်း ဂရုစိုက်ပေးရမည်။

"ဟော-ကလေးငယ်သွားထွက်တော့မယ်ထင်တယ်။ နည်းနည်းကိုယ်ပူလာသလိုပဲ၊ အစားအသောက်ပျက်ပြီး သိပ်အီတာပဲ" စသည်ဖြင့် သွားထွက်ချိန်တွင် မိခင်တို့သည် စိုးရိမ်ပူပန်တတ်ကြသည်။ စင်စစ်ငယ်သွားထွက်ချိန်တွင် သွားဖုံးပျော့ပျော့မှ သွားမာမာထွက်လာရ၍ ကလေးသည် မအီမသာဖြစ်ရပေလိမ့်မည်။ ၎င်းအီနေချိန်တွင် အစာစားလိုမည်မဟုတ်ပေ။ ထိုအချိန်တွင် ကလေးကငိုသောအခါ မိခင်ကဗိုက်နာသည်။ လေအောင့်သည်ထင်တတ်ကြပေသည်။

သွားထွက်ချင်၍ သွားဖုံးယားလျှင် ခပ်မာမာမုန့်လက်ညှိုးကဲ့သို့ မုန့်များများစားရန် ကလေးကို ပေးထားနိုင်သည်။ "ဒေါက်တာ ကျွန်မကလေးသွားထွက်လာပါပြီ ဘာကျွေးရမလဲဟင်" ဟု ကလေးမိခင်များမေးတတ်ကြသည်။ ထိုသွားထွက်စအချိန်တွင် ကလေးအား အသားငါး၊ စွပ်ပြုတ်ရည်၊ အာလူး၊ ပဲတို့နှင့်ပြုတ်ထားသော ဟင်းချိုရည်နှင့် ထမင်းကိုဆမ်းပြီး ပျော့နေအောင်ချေ၍ တဖြည်းဖြည်းကျွေးနိုင်၏။ ပန်းသီး၊ သစ်တော်သီး၊ မုန့်လက်ညှိုးစသည်တို့ကို ကိုက်ဝါးနိုင်သည်။

တဖြည်းဖြည်း သွားစုံလာသောအခါ လူကြီးစားသကဲ့သို့ စားနိုင်ပေပြီ။ သွားစုံသောအခါ သွားတိုက်ပေးပါဆိုလျှင် 'သွားပွတ်တံနှင့် သွားတိုက်ဆေးက ဈေးကြီးလွန်းလို့' ဟုဖြေလေသည်။ သွားပိုးစားခြင်းမှာ အချိုများများစားပြီး ချက်ချင်းသွားကို ရေနှင့်ပလုတ်ကျင်းပြီး မဆေးသောကြောင့်ဖြစ်သည်။ အချိုစားပြီးသောအခါ ပါးစပ်ထဲတွင် သဘာဝအားဖြင့်ရှိသော ပိုးမွှားများက ၎င်းအချိုကို အက်စစ်ဓာတ်သို့ ပြောင်းလဲစေသည်။

ထိုအက်စစ်ဓာတ်တို့က သွားအပေါ်မှအဖြူခွံကို စားလိုက်သဖြင့် တဖြည်းဖြည်းနှင့် အပေါက်ဖြစ်သွားလေသည်။ တစ်ဖန် ၎င်းသွားပေါက်ရှိရာမှအစ သွားပိုးစားခြင်းဖြစ်လာခဲ့ရခြင်းဖြစ်၏။ အကောင်းဆုံးနည်းမှာ အစာစားပြီးလျှင် ချက်ချင်းသွားကိုတိုက်၍ ဆေးကြောသင့်သည်။ သို့မဟုတ် ပလုတ်ကျင်းပစ်သင့်သည်။

တစ်ခါတစ်ရံ မည်မျှပင် သွားကိုဆေးကြောသန့်ရှင်းစေကာမူ အရောင်မကောင်းသော၊ ဝါကျင်နေသော၊ အညိုကွက်ထနေသော၊ စိမ်းဖန့်နေသော သွားများကိုလည်းတွေ့ရပေသည်။ ၎င်းတို့မှာ မိခင်ကိုယ်ဝန်ဆောင်နုစဉ်က တက်ထရာစိုင်ကလင်းစားဆေးကို စားမိပါက ကလေးငယ်၏ ငယ်သွားထွက်လာသောအခါ ဝါစိမ်းစိမ်းဖြစ်လာနိုင်၏။ ထို့အပြင် လသားကလေးပေါက်စကတည်းက ၎င်းတက်ထရာစိုင်ကလေးဆေးများ၊ အများအပြားသောက်ထားရသော ကလေးငယ်၏ ငယ်သွားအရောင်သည် ဝါဝါစိမ်းစိမ်းဖြစ်လာနိုင်သေးသည်။

၎င်းအပြင် လသားကတည်းက အသည်းရောင်အသားဝါဖြစ်လာသော ကလေးပေါင်းများစွာသည်လည်း ငယ်သွားအရောင်မလှဘဲ ဝါညိုညိုဖြစ်နေသည်ကိုတွေ့ရ၏။

ဖလော်ရင်းခေါ် ဓာတ်များသောက်ရေထဲတွင် လိုသည်ထက်ပိုနေပါကလည်း သွားအရောင်ညိုကွက်တတ်ပေသေးသည်။ မည်သို့ပင်ဖြစ်စေ ကလေးငယ်အား ငယ်သွားစုံသည့်အရွယ်ကတည်းက သွားဆရာဝန်နှင့် ပြသထားလျှင် ကလေးငယ်၏ကျန်းမာရေးသည် စိတ်ချရပေသည်။

သားငယ်၊ သမီးငယ်တို့သည် ငါးနှစ်၊ ခြောက်နှစ်အရွယ်ဆိုလျှင် ဆရာဝန်ကြီးထံသွားရမည်ကို လန့်နေကြပေသည်။

သို့ရာတွင် သွားကိုဂရုစိုက်ဆေးရန်၊ ပိုးမစားအောင်ထားရန် ကလေး၏စိတ်ဓာတ်ကို ဆွဲဆောင်၍ပြောပြပြီး သွားဆရာဝန်ထံသွားရမည်ဆိုလျှင် ကလေးတို့ ပျော်နေကြရပေမည်။ သွားကအရေးကြီးပေသည်။ သွားသည် ခန္ဓာကိုယ်၏ အလှတစ်ပါး၊ အင်အားတစ်ပါးဖြစ်၏။ မိခင်တိုင်း ရင်သွေးငယ်တိုင်းတို့၏သွားကို ဂရုစိုက်ပြုပြင်နိုင်ကြပါစေ။ ။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ပွင့်ဖြူ၊ ဖေဖော်ဝါရီ ၂

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်ဖြူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်သော လယ်ကိုင်း-ရွှေလှေလမ်းအား ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ဦးစီးဌာနမှူး ဦးတင့်လွင်ဦးတို့က ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော် (ဦးစီးအရာရှိ-နည်းပညာ) နှင့် သက်ဆိုင်ရာကုမ္ပဏီ တာဝန်ရှိသူများမှရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးမှ လုပ်ငန်းများအား အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

သန်းနိုင်ဦး(ငဖဲ)

လူကုန်ကူးမှု တိုက်ဖျက်ရေးအသိပညာပေးဟောပြော

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၂

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (၁၂) မြစ်ကြီးနားမှကြီးမှူး၍ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့နယ် ပ. လ. န ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရဲအုပ်မင်းအောင်က လူကုန်ကူးမှုဆိုင်ရာမှုခင်းဖြစ်စဉ်များ မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးသူများ၊ လူပွဲစားများ၏ စည်းရုံးဖြားယောင်းသွေးဆောင်ပုံနည်းလမ်းများ၊ လူကုန်ကူးခံရမှုကြောင့်ရရှိနိုင်သော ဆိုးကျိုးများနှင့်စပ်လျဉ်း၍ ဟောပြောခဲ့သည်။

ယင်းနောက် ရဲအုပ်နေမျိုးခန့်က ရပ်ကွက်၊ ကျေးရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းပုံ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဟောပြောကြပြီး တက်ရောက်လာကြသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တံတားချောင်း ကျေးရွာအုပ်စုတွင် ချောင်းတူးဖော်ရေးဆောင်ရွက်

ဒလ၊ ဖေဖော်ဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် တံတားချောင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးလယ်ယာမြေများ ရေနစ်မြုပ်မှုကင်းဝေးစေရန် ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တော်များ၏ တင်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ ပေအရှည် ၈၃၀၀၊ အကျယ် ပေ ၁၈၊ အနက် ပေ ၈ ရှိ တံတားချောင်းအား စက်ယန္တရားဖြင့် ဇန်နဝါရီ ၂၉ ရက်မှ စတင်တူးဖော်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ တူးဖော်ရာ၌ ဒလမြို့နယ် ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက အနီးကပ်ကြီးကြပ်ဆောင်ရွက်နေပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ ဦးဌေးရှိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးနှင့် တာဝန်ရှိသူများမှ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ ပိတ်ဆို့တိမ်ကောနေသော တံတားချောင်းနှင့် ချောင်းမှချုံနွယ်သစ်ပင်များ ရှင်းလင်းဖယ်ရှားပေးခြင်း၊ တိမ်ကောနေသော မြေသားများကို ချဲ့ထွင်တူးဖော်ပေးခြင်းကြောင့် ယခင်က လယ်ယာမြေဧက ၁၄၀၀ ကျော်ခန့်မှာ မိုးရာသီစပါးစိုက်ပျိုးကာလရောက်တိုင်း ရေနစ်မြုပ်ခဲ့သည်။

အဆိုပါ ရေနစ်မြုပ်ခြင်းကြောင့် ပျိုးကြဲပြီး မျိုးစပါးများ ပျက်စီးဆုံးရှုံးရခြင်း၊ ပျိုးထောင်စိုက်ပျိုးရန်ခက်ခဲနေခြင်း၊ မျိုးစပါးများနှင့်စိုက်ပျိုး ပင်များ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်မှုမရှိခြင်းစသည့် အခက်အခဲများ မကြုံတွေ့နိုင်တော့ကြောင်း စံပြ တံတားချောင်းကျေးရွာမှ ဦးစိန်လှက ပြောသည်။

ဝါဝါ

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့် အကြိုစာပေဟောပြောပွဲ ပခုက္ကူမြို့နယ်တွင် ကျင်းပ

ပခုက္ကူ၊ ဖေဖော်ဝါရီ ၂

ပခုက္ကူမြို့နယ် ကမ္မကျေးရွာအုပ်စုတွင် ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်မွေးနေ့အကြို အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၈ ရက်အထိ ကမ္မကျေးရွာအုပ်စု ပြည်သူ့အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် ည ၇ နာရီတွင် စာရေးဆရာများဖြစ်ကြသော ဆရာကျော်ရင်မြင့် (မန္တလေး)၊ ဆရာအောင်ဖြိုးကျော်(ပခုက္ကူ) နှင့် ဆရာကိုငြိမ်း (မန္တလေး) တို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်ညတွင် ဆရာညီပုလေး(မန္တလေး)၊ ဆရာထွဏ်းသွေးအိမ်(မန္တလေး)နှင့် ဆရာမချောအိမာန်(မန္တလေး) တို့က ဟောပြောကြမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ကမ္မမူလတန်းကျောင်းပေါင်းစုံ အပြေးပြိုင်ပွဲများနှင့် နံရံကပ်စာစောင်များ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျေးရွာပြည်သူ ၇၅၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ဘားအံ၊ ဖေဖော်ဝါရီ ၂

ကရင်ပြည်နယ် ဘားအံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC တို့ပူးပေါင်း၍ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီခွဲက မှိုင်းကံကျေးရွာအုပ်စု ရွာကြီးဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကျော်သူညွှန့်က ပြည်သူလူထုအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် ကိုယ်တိုင်လျှောက်ထားရမည်ဖြစ်ပြီး လိုအပ်သည့်ဓာတ်ပုံ၊ သွေးစစ်ချက်၊ မိတ္တူကူးခနှင့် ခရီးစရိတ်များ ကုန်ကျမည်ဖြစ်ကြောင်း၊ ယခုလို မြို့နယ်နှင့် NRC ပူးပေါင်းကာ ရွာအရောက် အခမဲ့ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ကျစရိတ်မရှိတော့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မင်းဇီကျေးရွာ၊ ကော့ကူးကျေးရွာ၊ မိဖံကျေးရွာ၊ စံဖရီးကျေးရွာ၊ ပေါ့ထော်ကျေးရွာ၊ နောင်ကမြိုင်ကျေးရွာ၊ ကော့ထော်ကျေးရွာနှင့် မှိုင်းကံကျေးရွာ အုပ်စုရှစ်အုပ်စုမှ ကျေးရွာပြည်သူ ၇၅၂ ဦးအား တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။ **နေမျိုးလွင်(ဘားအံ)**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်အထူး လမ်းဘေးဝဲ၊ ယာစိုက်ခင်းများ စိုက်ပျိုးသွားမည်

ရေစကြို၊ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးဆောင်၍ လမ်းဘေးဝဲ၊ ယာစိုက်ခင်းများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးမှုကို အပင်ရေ ၆၂၃၀ ပင်တိတိ စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးမှုအခြေအနေများကိုရေစကြိုမြို့နယ် အပူပိုင်းဒေသ သစ်တောဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်မင်းသိန်းက "ကျွန်တော်တို့ဌာနက ရှင်မတောင်လမ်းဘေးဝဲ၊ ယာစိုက်ခင်းတွေကို အစအဆုံးဆောင်ရွက်ပေးရပါတယ်။ ပျိုးပင်ကို ရုံးမှာပျိုးရတယ်။ စိုက်ပျိုးဖို့ မြေကျင်းကို မစိုက်ခင်ကတည်းက တူးဖော်ထားရတယ်။ ကျင်းအကျယ် (၃×၃×၁)ပေ (၁×၁×၁) ပေ အခုလက်ရှိမှာတော့ ကျင်းတူးငှားတွေကို တစ်ကျင်း ၁၇၀ ကျပ်နဲ့ တူးခိုင်းပြီး လိုက်လံဂရုစိုက်ပေးရတာပေါ့။ မိုးရာသီရောက်မှ အပင်တွေသယ်ပြီး အစိုက်ငှားတွေနဲ့ စိုက်ရပါတယ်" ဟု ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ဦးစီးဦးမှူး ကျော်မင်းသိန်းထံမှ သိရသည်။

ရင်အောင်ဦး(ရေစကြို)

၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်မှု ၃၅ ရာခိုင်နှုန်း ပြီးစီး

မော်လမြိုင်ကျွန်း၊ ဖေဖော်ဝါရီ ၂

မော်လမြိုင်ကျွန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော တိုင်းရင်းဆေးရုံတည်ဆောက်မှုလုပ်ငန်းများအား ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်တိုင်းရင်းဆေးရုံ တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဝင်များ၊ အရည်အသွေးစိစစ်ရေးကော်မတီဝင်များက ဆေးရုံတည်ဆောက်ပြီးစီးမှုလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

ထိုဆေးရုံဆောက်လုပ်နေမှုမှာ ဇန်နဝါရီ ၃၁ ရက်ထိ ၃၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ မြို့နယ်တိုင်းရင်းဆေးရုံတစ်ထပ်အဆောက်အအုံမှာ အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၄ ပေရှိပြီး ကျပ်သိန်း ၁၂၀၀ ဖြင့် ဒီပဝတီဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများ၏ကျန်းမာရေးအတွက် ၁၆ ခုတင်ဆံ့ မြို့နယ်တိုင်းရင်းဆေးရုံကို မော်လမြိုင်ကျွန်းမြို့အနောက်ပိုင်းရပ် အောင်ဇေယျ ၅ လမ်းထိပ်အရှေ့ဘက်မြေနေရာတွင် ဇန်နဝါရီ ၃ ရက်မှ စတင်၍တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းကြည့်ရှု

နတ်တလင်း၊ ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်ကျေးရွာအုပ်စုသို့ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဗဆွေနှင့် တာဝန်ရှိသူများသည် တာပွန်ကျေးရွာအုပ်စုအတွင်းရွှေကျွန်းတောလမ်းကို မြေသားလမ်းဖောက်လုပ်ပြီး မြေနီလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းမှာ အကျယ် ၁၀ ပေ၊ အရှည် ၂၈၀၀ ပေ၊ အမြင့် ၆ လက်မရှိပြီး မြို့နယ်အလိုက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ချထားပေးသော ကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တာပွန်ကျေးရွာအတွင်း စိန်တန်းရပ်ကွက်လမ်းကို မြေသားလမ်းတိုးမြှင့်၍ မြေနီလမ်းအဖြစ် ကိုယ့်အားကိုယ်ကိုးခင်းခြင်း ပြီးစီးနေသည်ကို ကြည့်ရှုရာ လမ်းအကျယ် ၈ ပေ၊ အရှည် ၂၀၀၀ ပေ၊ အမြင့် ၆ လက်မရှိကြောင်း သိရသည်၊

ယခုအခါ တာပွန်ကျေးရွာအတွင်း ကတ္တရာလမ်း၊ မြေနီလမ်းများအားလုံးကောင်းမွန်နေခြင်းမှာ နိုင်ငံတော်မှပံ့ပိုးကူညီပေးမှု၊ ဒေသခံပြည်သူများ၏ တတ်နိုင်သမျှ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မှုတို့ကြောင့် ရွာအတွင်းလမ်းများအားလုံးအပြင် တံတားများနှင့် သောက်သုံးရေများ အဆင်ပြေနေပြီဟု အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြောသည်။

နတ်တလင်းမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ကျေးရွာအုပ်စု ၄၄ အုပ်စုသို့ လမ်း၊ တံတား၊ သောက်သုံးရေရရှိရေးများ ဆောင်ရွက်ကြရန် ခွဲဝေချထားပေးကြောင်း သိရသည်။

ယခုအခါ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကျေးရွာအထောက်အကူပြုကော်မတီများ၏ တင်ပြချက်နှင့် လုပ်ဆောင်မှုများ ကိုက်ညီမှု ရှိ-မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်နေသည်ဟု မြို့နယ်ဒုဦးစီးမှူး ဦးစတီးဘိုဘိုက ပြောသည်။

(၀၇၁)

ဗုဒ္ဓဘာသာယဉ်ကျေးမှုကျင့်ဝတ်နှင့် အခြေခံအဘိဓမ္မာအောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

ညောင်တုန်း၊ ဖေဖော်ဝါရီ ၂

ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် လိမ္မာရေးခြားရှိစေရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပညာရေးအဖွဲ့ငယ်)မှ ကြီးမှူး၍ အခြေခံဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးလိမ္မာသင်တန်းနှင့် (၃၁) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အခြေခံအဘိဓမ္မာဘာသာနှင့် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာစာမေးပွဲတွင် ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မအူပင်ခရိုင်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က အခြေခံအဘိဓမ္မာဘာသာရပ်၌ ထူးချွန်စွာဂုဏ်ထူးများဖြင့်အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ ဂုဏ်ထူးရရှိသူများနှင့် အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား ဒုတိယမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါဗုဒ္ဓဘာသာယဉ်ကျေးမှုကျင့်ဝတ်နှင့် အခြေခံအဘိဓမ္မာဘာသာရပ်တွင် ငါးဦးနှင့် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်တွင် ၁၃ ဦးအောင်မြင်ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

သွေးတိုးရောဂါအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

à ay|ufy|uf

ကမ္ဘာတစ်ဝန်း လူသန်းပေါင်းတစ်ထောင်မှာ သွေးတိုးရောဂါခံစားနေကြရပြီး နှစ်စဉ် ၇ ဒသမ ၁ သန်း သေဆုံးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း သွေးတိုးရောဂါခံစားနေရသူဦးရေဟာ တစ်နှစ်ထက်တစ်နှစ် ပို၍မြင့်တက်လာနေကြောင်း အရှေ့တောင်အာရှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းများမှာ ဖော်ပြထားပါတယ်။ ဒါကြောင့်လည်း ကျွမ်းကျင်ဆေးပညာရှင်များက သွေးတိုးရောဂါကို တိတ်တဆိတ်လူသတ်သမား (Silent Killer) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ သွေးတိုးရောဂါဟာ အချိန်အခါမရွေး၊ ရာသီဥတုမရွေးဖြစ်တတ်တဲ့ ရောဂါအမျိုးအစားဖြစ်ကာ အပူအကြောင်းခံ၍ သွေးတိုးခြင်း၊ အအေးအကြောင်းခံ၍ သွေးတိုးခြင်းနဲ့ အပူအအေးနှစ်ပါးပြိုင်၍ သွေးတိုးခြင်းဆိုပြီး သွေးတိုး၊ သွေးတက်ရောဂါ သုံးမျိုးရှိပါတယ်။

(၁) သွေးပေါင်မတိုင်းမီနာရီဝက်အတွင်း အစာစားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်း မလုပ်ပါနှင့်။

(၂) ဝမ်းနည်းဝမ်းသာ၊ စိတ်လှုပ်ရှားချိန်တွင် မတိုင်းပါနှင့်။

(၃) မတိုင်းမီ ၁၀ မိနစ်ခန့် ကိုယ်ရောစိတ်ပါ ဖြေလျှော့အနားယူပါ။

(၄) လက်မောင်းပတ်လေအိတ်နှင့် နှလုံးကို ရေပြင်ညီတစ်တန်းတည်းရှိနေပါစေ။

(၅) တိုင်းနေစဉ် ငြိမ်ငြိမ်နေပါ၊ စကားမပြောပါနှင့်၊ မလှုပ်ပါနှင့်။

သွေးဖိအားကို မီလီမီတာမာကျူရီယူနစ်ဖြင့်တိုင်းတာပြီး နှလုံးကြွက်သားညှစ်ထုတ်စဉ် သွေးကြောအတွင်း ဖြစ်ပေါ်နေတဲ့ဖိအားကို အပေါ်သွေးဟု ခေါ်ပြီး နှလုံးကြွက်သားမူလအတိုင်းပြန်ဆန့်စဉ် ဖြစ်ပေါ်နေတဲ့သွေးဖိအားကို အောက်သွေးဟုခေါ်ပါတယ်။ အသက် ၁၈ နှစ်နှင့်အထက် လူကြီးများအားလုံး၏ သွေးဖိအားအခြေအနေကို -

(က) ပုံမှန်သွေးဖိအား

(ခ) ပုံမှန်ထက်မြင့်မားပြီး သွေးတိုးမဟုတ်သည့်အခြေအနေ

(ဂ) အဆင့်တစ် သွေးတိုးရောဂါ

(ဃ) အဆင့်နှစ် သွေးတိုး ရောဂါဟူ၍ အပိုင်း လေးပိုင်း ခွဲခြားသတ်မှတ်လေ့ရှိပါတယ်။

(က) အပေါ်သွေး ၁၂၀ နှင့် အောက်သွေး ၈၀ အောက်က ပုံမှန်သွေးဖိအားဖြစ်ပါတယ်။

(ခ) အပေါ်သွေး ၁၂၀ မှ ၁၃၉ ကြားနှင့် အောက်သွေး ၈၀ မှ ၈၉ ကြားက ပုံမှန်ထက်မြင့်မားပြီး သွေးတိုးမဟုတ်သေးတဲ့အခြေအနေလို့ ယူဆလေ့ရှိပါတယ်။

(ဂ) အပေါ်သွေး ၁၄၀ မှ ၁၅၉ ကြားနှင့် အောက်သွေး ၉၀ မှ ၉၉ ကြားကိုတော့ သွေးတိုးရောဂါ အဆင့်တစ်အဖြစ်သတ်မှတ်ပါတယ်။

(ဃ) အပေါ်သွေး ၁၆၀ နှင့် အထက်၊ အောက်သွေး ၁၀၀ နှင့်အထက်က သွေးတိုးရောဂါအဆင့်နှစ်ဖြစ်ကာ စိုးရိမ်ရပါတယ်။

သွေးတိုးရောဂါရှိသူတွေရဲ့ ပျမ်းမျှသုံးပုံတစ်ပုံခန့်မှာ မည်သည့်လက္ခဏာမျှ ထွေထွေထူးထူးမပြတာကြောင့် မိမိကိုယ်ကို သွေးတိုးနေမှန်းတောင် မသိကြပါဘူး။ လူအများစုမှာဖြစ်တတ်တဲ့ ရောဂါအစလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ မူးဝေခြင်း၊ အသက်ရှူမြန်လာခြင်း၊ အမြင်ဝေဝါးလာခြင်း၊ နားအူခြင်း၊ မျက်နှာရောင်အန်းအမ်းခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ မျက်ခွံမို့အစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်းတွေ ဖြစ်တတ်ပါတယ်။ အမျိုးသမီးများ ဓမ္မတာရာသီလာနေစဉ်မှာလည်း သွေးဖိအားတိုးတတ်ပါတယ်။ (သွေးတိုးရောဂါရဲ့ သဘောသဘာဝဟာ ရောဂါစဖြစ်ပြီဆိုတာနှင့် ဆက်တိုက် သွေးတိုးသွားဖို့သာရှိပါတယ်။

ပြန်ကောင်းသွားစရာ အကြောင်းမရှိပါ။ ရောဂါလက္ခဏာပေါ်သည်နှင့် မပေါ်သည်သာ ဖြစ်ပါတယ်။ သွေးတိုးကျဆေးအမျိုးအစားဟာ အခြားသော ပဋိဇီဝအကိုက်အခဲပျောက်ဆေးများကဲ့သို့ သောက်သုံးသူကို ဆေးယဉ်သွားခြင်း (ဆေးမတိုးခြင်း) မျိုး လုံးဝမဖြစ်စေပါဘူး။ ဒါကြောင့် မိမိသဘောဖြင့် လက္ခဏာပေါ်လျှင် ဆေးသောက်မည်။ မပေါ်လျှင် ဆေးမသောက်ဘဲနေတာမျိုး မပြုသင့်ပါဘူး။ မည်သည့်ရောဂါလက္ခဏာမျှမပြဘဲနှင့်လည်း သွေးတိုးရောဂါ ဆိုးဆိုးရွားရွားရှိနေနိုင်တာကို သတိပြုပါ။

သွေးတိုးရောဂါ ရှိသူများ၏ ၉၀-၉၅ ရာခိုင်နှုန်းခန့်မှာ အကြောင်းရင်းတိတိကျကျမသိရဘဲ သွေးတိုးနေကြပြီး ကျန် ၅-၁၀ ရာခိုင်နှုန်းခန့်က ခန္ဓာကိုယ်တွင်း ရောဂါတစ်မျိုးမျိုး စွဲကပ်နေခြင်းကြောင့် သွေးတိုးရောဂါခံစားလာရပါတယ်။ အထူးသဖြင့် ကျောက်ကပ်ရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သိုင်းရွိုက်ဟော်မုန်းအထွက်လွန်ကဲသောရောဂါ၊ Cocaine, Cyclosporin, Erythropoietin, Adrenergic စတဲ့ ပဋိဇီဝဆေးမှီဝဲသောက်သုံးရခြင်း၏ ဘေးထွက်ဆိုးကျိုးကြောင့် ဖြစ်ပေါ်လာတဲ့ သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင်သွေးတိုးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် ပူပြင်းသောနေရောင်ခြည်အောက် အချိန်ကြာမြင့်စွာသွားလာရခြင်း စသည့်အကြောင်းများကြောင့်လည်း သွေးတိုးရောဂါ ဖြစ်လာရပါတယ်။

(၁) သွေးတိုးရောဂါကြောင့် နှလုံးသွေးကြောများ မာကျောကျစ်လျစ်လာပြီး နှလုံးသွေးကြောကျဉ်းခြင်း (သို့မဟုတ်) ပိတ်ဆို့ခြင်း ၊ နှလုံးကြွက်သားများ ထုထဲလာခြင်း၊ နှလုံးညှစ်အား လျော့နည်းလာခြင်း စသည့်နှလုံးရောဂါအမျိုးမျိုး ဖြစ်လာနိုင်ပါတယ်။

(၂) သွေးတိုးကြောင့် ဦးနှောက်သွေးကြောပိတ်ခြင်း၊ သွေးကြောပေါက်ခြင်းဖြစ်လာကာ ထိုမှတစ်ဆင့် လေဖြတ်လေငန်းရောဂါ ဖြစ်လာနိုင်ပါတယ်။

(၃) သွေးတိုးရောဂါ နာတာရှည်လာပါက ကျောက်ကပ်ပျက်စီးသွားပြီး၊ ဆီးထဲသွေးပါခြင်း၊ ဆီးဆိပ်တက်ခြင်းများ ဖြစ်လာပါတယ်။

(၄) သွေးတိုးရောဂါပြင်းထန်မှုကြောင့် မျက်စိတွင်းရှိ မျက်ကြည်လွှာနှင့် သွေးကြောများ ထိခိုက်ပျက်စီးပြီး အမြင်အာရုံ ထိခိုက်ယိုယွင်းသွားနိုင်ပါတယ်။

> သွေးတိုးရောဂါဟာ အချိန်အခါမရွေး၊ ရာသီဥတုမရွေးဖြစ်တတ်တဲ့ ရောဂါအမျိုးအစားဖြစ်ကာ အပူအကြောင်းခံ၍ သွေးတိုးခြင်း၊ အအေးအကြောင်း. . .

(၅) သွေးတိုးရောဂါရှိသူများက သွေးဖိအားကို 140/90 mmHg ထက်မကျော်လွန်အောင် ထိန်းထားသင့်ပြီး၊ ဆီးချိုနှင့် ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် သွေးဖိအားကို 130/80 mmHg အောက် ရှိနေရမှာဖြစ်ပါတယ်။

ကိုယ်အလေးချိန် အဝမလွန်စေရန် ထိန်းသိမ်းထားရမှာဖြစ်လို့ Body Mass Index(BMI) ကို ၁၈ ဒသမ ၅ မှ ၂၄ ဒသမ ၅ အတွင်း ရှိနေပါစေ။ လမ်းမြန်မြန်လျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း စတဲ့ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို တစ်နေ့ မိနစ် ၃၀ ပုံမှန်လုပ်ပေးပါ။ စိတ်ဖိစီးမှုများခြင်း၊ သောကများခြင်း၊ ဒေါသအမျက်ထွက်ခြင်းတို့က သွေးတိုးစေနိုင်တာကြောင့် အတတ်နိုင်ဆုံး စိတ်အေးချမ်းသာစွာနေထိုင်ပါ။

တရားမှတ်ပါ။ ယောဂကျင့်ပါ။ အိမ်မွေးတိရစ္ဆာန်ခွေး၊ ကြောင်လေးများဖြင့် အချိန်ပေး၍နေပါ။ အိပ်ရေးမဝခြင်းကလည်း သွေးတိုးစေနိုင်ပါတယ်။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ၊ အဆီထုတ်ထားတဲ့ နို့နှင့် နို့ထွက်ပစ္စည်းများကို များများစားပါ။ ဆား (ဆိုဒီယမ်) ပမာဏပါဝင်မှုနည်းတဲ့ အစားအစာများကိုရွေးချယ်ပါ။ အရသာကောင်းစေရန် ပြုပြင်ထားသော အစားအစာများနှင့် အသင့်စားအစားအစာအထုပ်တွေမှာလည်း ဆားပါဝင်မှုများလို့ သတိပြုပါ။ ငါးများများစားပါ။ အဆီပါဝင်မှုများတဲ့ အနီရောင်အသားများနှင့် ကြက်၊ ဘဲ အရေခွံများကို ရှောင်ပါ။

ကိုလက်စထရောများတဲ့ အဆီ၊ အဆိမ့်၊ အချိုများကို ရှောင်ပါ။ အရက်အလွန်အကျွံသောက်သုံးခြင်းက သွေးတိုးစေတတ်သဖြင့် အထူးရှောင်ကြဉ်ပါ။ တိရစ္ဆာန်ထွက်ဆီနှင့် အုန်းဆီမစားပါနှင့်။ ဟင်းခတ်မှုန့် (အချိုမှုန့်) နှင့် ကြက်သားမှုန့် လျှော့ပါ။ ငါးဟင်းလျာကို အနည်းဆုံး တစ်ပတ်သုံးရက်စားပါ။ အရက်ကို တစ်နေ့နှစ်ပက်ထက်ပိုမသောက်ပါနှင့်။ သွေးတိုးရောဂါအတွက် ဆရာဝန်ညွှန်ကြားထားသော သွေးကျဆေးများကို တိတိကျကျ လိုက်နာသုံးစွဲပါ။

သင်ခံစားနေရသော ရောဂါလက္ခဏာပေါ်မူတည်၍ မိမိဘာသာ ဆေးအတိုးအလျှော့မလုပ်ပါနှင့်။

(၁) ဒန့်သလွန်ရွက်ကို ရေစင်အောင်ဆေးပြီး ထောင်းကာ အရည်ညှစ်ယူပြီး လက်ဖက်ရည်ဇွန်း နှစ်ဇွန်းခန့် သောက်ပေးခြင်းဖြင့် ချက်ချင်းသက်သာသွားစေပါတယ်။ ဒန့်သလွန်ရွက်ဟင်းခါးရည် သောက်နိုင်ပါတယ်။

(၂) သံပရာသီးအစေ့ ငါးစေ့ခန့် ဝါးစားလိုက်တဲ့အခါ၊ သွေးတိုး ချက်ခြင်းသက်သာသွားပါလိမ့်မယ်။ သံပရာပင်၏ အခေါက်ကို ဆေးကြောပြီး ရေနှင့်သွေး၍ သောက်နိုင်ပါတယ်။ ယင်းအပြင် သံပရာသီးတစ်လုံးကို အလယ်မှ ထက်ခြမ်းလှီးကာ ရေနွေးအပူချိန် ၇၅ ဒီဂရီဖာရင်ဟိုက်ထဲသို့ ၄၅ မိနစ်ခန့်ထည့်ပြီး ယင်းပြုတ်ရည်ကို သောက်သုံးပါက တစ်ခဏအတွင်း သွေးတိုးကျစေပါတယ်။

(၃) မြင်းခွာရွက်ကို အရည်ညှစ်သောက်ခြင်း၊ သုပ်စားခြင်း၊ ဟင်းခါးချက်သောက်ခြင်းဖြင့် သွေးတိုးကျစေပါတယ်။

(၄) ကေရာဇ်ပင်၏ အရွက်နှင့် အမြစ်တို့ကို အရည်ညှစ်၍ တစ်နေ့သုံးကြိမ်သောက်ပေးပါ။

(၅) ဗာဒံရွက်အနုသုံးရွက်လေးရွက်ခန့်ကို ရေစင်အောင်ဆေးပြီး ငါးမိနစ်ခန့်ပြုတ်၍ သောက်ပေးပါ။ တစ်နေ့ကို လက်ဖက်ရည်ခွက်သုံးခွက်ခန့် သောက်ပေးခြင်းဖြင့် ရက်သတ္တပတ်အတွင်းစမှာပင် သွေးတိုးရောဂါ သက်သာသွားပါလိမ့်မယ်။ အထူးသတိပြုရန်မှာ ဗန်ဒါရွက်ပြုတ်ရည်ကို အလွန်အကျွံသောက်ပါက ဝမ်းချုပ်တတ်ပါတယ်။

(၆) ကြက်သွန်ဖြူ ဥတစ်လုံးအမျိုးအစားကို ထမင်းစားတဲ့အခါတိုင်းမှာ သုံးလုံးမှ ငါးလုံးအထိ စားပေးပါက သွေးပေါင်တက်ခြင်းကို ကျစေသလို သွေးပေါင်ကျနေသူကိုလည်း ပြန်လည်သွေးညှိပေးနိုင်ပါတယ်။

(၇) တောင်ဆီးဖြူပင် ပဥ္စငါးပါး (အရွက်၊ အပွင့်၊ အကိုင်းအခက်၊ ပင်စည်၊ အမြစ်) တို့ကို သုံးခွက်တစ်ခွက်တင်ကျို၍ သောက်ပေးပါ။

(၈) ခရာမြစ်ကိုသွေးပြီး ဆားအနည်းငယ်ထည့်၍ သောက်ပါ။

(၉) နှင်းဆီပန်း၏ ပွင့်ဖတ်များကိုခြွေ၍ ရေနွေးပူပူတွင်ခပ်ကာ နေ့စဉ်သောက်ပါ (ရေမွှေးနှင်းဆီမဟုတ်ပါ။)

(၁၀) နနွင်းခါးနှင့် ပျားရည်ကိုရောစပ်၍ လက်ဖက်ရည်တစ်ဇွန်းခန့် နေ့စဉ်စားသုံးပေးပါ။

(၁၁) ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးပါ။

(၁၂) အရွယ်တူ ကွမ်းရွက်ငါးရွက်နှင့် ရဲယိုရွက်ငါးရွက်တို့ကို ရောစပ်ကြိတ်ချေပြီး အရည်ညှစ်ယူပါ။ ထိုအရည်ကို တစ်နေ့သုံးကြိမ်ခွဲ၍ ကုန်အောင်သောက်ပါ။

မြန်အောင်မြို့ရှိ သပြေကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းသစ်ဖွင့်ပွဲကျင်းပ

မြန်အောင်၊ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငပိဆိပ်ကျေးရွာနှင့် သပြေကုန်းကျေးရွာတို့တွင် တည်ဆောက်ပြီးစီးသွားသော ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလိုင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းသစ်ဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဝန်ကြီးဌာနအသီးသီးတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းသစ်ဖွင့်ပွဲများဖြစ်သော ငပိဆိပ်ကျေးရွာ လျှပ်စစ်မီးလိုင်းသစ်နှင့် သပြေကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလိုင်းသစ်များကို ဝန်ကြီးချုပ် သီရိပျံချီဦးသိန်းအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် သပြေကုန်းကျေးရွာ အ. ထ. က(၁) ဗဟိုမဏ္ဍပ်ကြီးတွင် ကျေးရွာရပ်ကွက်အသီးသီးမှ တက်ရောက်လာကြသော ပြည်သူများနှင့်တွေ့ဆုံကာ ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းသစ်ဖွင့်ပွဲနှင့် ပြည်သူများ အားတွေ့ဆုံပွဲကို အောင်မြင်စွာကျင်းပနိုင် ခဲ့သည်။

သားစိန်ဒိုင်

အပေါ့စားမီးသတ်စက်နှင့် မီးသတ်ဝတ်စုံများပေးအပ်ပွဲ ကျင်းပ

မော်လိုက်၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် အပေါ့စားမီးသတ်စက်နှစ်လုံးနှင့် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၄) သင်တန်းသား ၁၀၀ အတွက် ထောက်ပံ့ပေးသည့် မီးသတ်ဝတ်စုံပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီတွင်မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။

ထိုသို့ပေးအပ်ရခြင်းနှင့် လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းမှာ ကျေးလက်နေပြည်သူများ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက်ရည်ရွယ်၍ ပေးအပ်ခြင်းဖြစ်သည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အပေါ့စားမီးသတ်စက်ရရှိကြသော တွန်းပင်ကျေးရွာနှင့် တောင်းအင်ကျေးရွာများသို့လည်းကောင်း၊ အရန်မီးသတ်ဝတ်စုံများရရှိသော ကင်းတပ်ကျေးရွာများသို့ ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ အသီးသီးလက်ခံရရှိခဲ့ကြောင်း သိရသည်။

ကျော်ပွား(မော်လိုက်)

ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ လူငယ့်အားမာန် လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

ချောင်းဦး၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ ရွှေဒေါင်းရပ်ကွက် လူငယ့်အားမာန် လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်လှူဒါန်းပေးအပ်ပွဲကို မဟာဇောတိကာရာမကျောင်းတိုက်၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ ရွှေဒေါင်းရပ် လကမ္ဘာမိသားစု ဦးထွန်းကြည်-ဒေါ်သင်းကြိုင် (သား) ရန်ကုန်မြို့နေ ဦးမင်းလှဲ့ဝင်း-ဒေါ်နွယ်နွယ်မိုး (မိသားစု)တို့က မဟာဇောတိကာရာမကျောင်းတိုက် ဆရာတော်ဦးတိတ္ထစာရအား အမှူးထား၍ လူငယ့်အားမာန် လူမှုကူညီရေးအသင်းသို့ ALPHARD မော်တော်ယာဉ် အမျိုးအစားအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲသို့ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံငွေး၊ ဌာနဆိုင်ရာများ ခင်မွန်စံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦးနှင့် လူငယ့်အားမာန် လူမှုကူညီရေးအသင်းသူ၊ အသင်းသားများ တက်ရောက်ကြခဲ့ကြသည်။

ယုယုဝင်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ခင်ဦး၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ မြို့နယ်လဝကဦးစီးမှူး ဦးစောဦးတို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ဆန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းကိုဆက်လက်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ကျေးရွာအုပ်စု ၆၃ အုပ်စုမှ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်း နဘူးအိုင်ကျေးရွာတွင် ဖွင့်လှစ်

မြင်းခြံ၊ ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၂၅ ရက်မှစတင်၍ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးလှ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်မြင့်၊ ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်စံပယ်လှိုင်တို့က သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းသို့ နဘူးအိုင်၊ ညောင်ဝန်း၊ သက္ကယ်ကျင်း၊ ပေတော၊ ရွှေပေါက်ကျွန်း၊ ကန်ဦး၊ ချောင်းလည်ကျေးရွာများမှ တစ်ရွာလျှင်ငါးဦးဖြင့် သင်တန်းသား ၃၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျေးရွာချင်းဆက် မြေသားလမ်းတိုးချဲ့ဖောက်လုပ်

ဖြူး၊ ဖေဖော်ဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ စက်အား အကူအညီ၊ ဒေသခံကျေးလက်ပြည်သူများ၏ လုပ်အားများဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးဘန်းလောင်းကားလမ်းမ ကင်ပွန်းခြံကျေးရွာမှ ငှက်ကြီးသိုက်ရွာ ကျေးလက်ဆက်သွယ်ရေး မြေသားလမ်းကို ယခင် လေးပေလူသွားလမ်း မြေသားလမ်းအား အကျယ် ၁၂ ပေ၊ မြေသားလမ်းအဖြစ် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားအကူအညီများဖြင့် ဇန်နဝါရီ တတိယပတ်မှ စတင်ဖောက်လုပ်လျက်ရှိသည်။

အဆိုပါမြေသားကျေးလက်ဆက်သွယ်ရေး ၁၂ ပေလမ်းကို ငှက်ကြီးသိုက်မှ ကျီးရိုးကျေးရွာအုပ်စုအထိ ဖောက်လုပ်သွားမည်ဖြစ်ရာ အဆိုပါမြေသားလမ်း ဖောက်လုပ်ပြီးစီးပါက ကျီးရိုးအုပ်စု၊ ပေါက်ဇလုပ်အုပ်စု၊ လိပ်ပေါ်အုပ်စု၊ သာယာကုန်းအုပ်စု၊ ရွာတန်းရှည်အုပ်စုတို့မှ ကျေးလက်နေပြည်သူများ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဖြူးမြို့နှင့် လျင်မြန်ချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်၍ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ တိုးတက်ကောင်းမွန်လာကြမည်ဖြစ်၍ ကျေးလက်နေပြည်သူများ အထူးဝမ်းသာကျေနပ်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

လူသွားစင်္ကြံလမ်းအဖုံးများ မလုံလောက်၍ ခရီးသွားများအန္တရာယ်ဖြစ်နိုင်

ပဲခူး၊ ဖေဖော်ဝါရီ ၂

ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် သနပ်ပင်မြို့သို့သွားရာလမ်းဆုံအနီး ဆက်သွယ်ရေးရုံးရှေ့ ရေနုတ်မြောင်းများပေါ်တွင် ယာဉ်အန္တရာယ်ကင်းအောင် စင်္ကြံလမ်းဆောက်လုပ်ထားပြီး ၎င်းစင်္ကြံလမ်းသည် လေးပေခန့် အနက်ရှိ၍ အကျယ်အဝန်းသည်လည်း လေးပေခန့်ရှိသည်။

အဆိုပါ စင်္ကြံလမ်းသည် ဖုံးအုပ်ထားသည့် အင်္ဂတေကျောက်ပြားများ လုံလောက်စွာမရှိသည့်အပြင် ရှိသည့် အင်္ဂတေကျောက်ပြားများမှာလည်း အကျိုးအပဲ့များဖြစ်နေသည့်အတွက် လုပ်သားပြည်သူများ ညအချိန်သွားလာသည့်အခါ အန္တရာယ်များစွာရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်တွင် လမ်းချဲ့ခြင်း၊ လမ်းပြင်ခြင်း၊ ကုန်းကျော်တံတားဆောက်လုပ်ခြင်း၊ မိုးရာသီအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ တူးမြောင်းများအားချဲ့ထွင်ခြင်းတို့ကို ဆည်မြောင်းဝန်ကြီးဌာနနှင့် စည်ပင်သာယာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများက စီမံကွပ်ကဲပြီး ပြင်ဆင်ဆောက်လုပ်နေကြောင်း သိရသည်။

ယင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ စင်္ကြံလမ်း ဖုံးအုပ်ထားသည့် အင်္ဂတေကျောက်ပြားများအား ပြုပြင်ပေးစေလိုကြောင်း ပြည်သူတစ်ဦးကပြောသည်။ **သုလင်း(ဟံသာမြေ)**

တွံတေးမြို့နယ်တွင် မြို့နယ်ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးငွေပဒေသာပင် စိုက်ထူပွဲကျင်းပ

တွံတေး၊ ဖေဖော်ဝါရီ ၂

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် ဘာသာရပ်ထူးချွန် ဆရာ၊ ဆရာမများအား မြို့နယ်အဆင့် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးငွေပဒေသာပင် စိုက်ထူပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဇော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင်ငါးဦးအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆုချီးမြှင့်ပေးခဲ့သည်။

ကျန်လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၁ ဦး၊ စုစုပေါင်း၁၃၄ ဦးနှင့် ဘာသာရပ်ထူးချွန် ဆရာ၊ ဆရာမ ၄၉ ဦး စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် ၁၃၅ ဒသမ ၅ သိန်းကို ဆုချီးမြှင့်ပေးခဲ့သည်။

အောင်ချက်အကောင်းဆုံးပထမဆုရ အ. ထ. က (ခွဲ) အလယ်ချောင်းကျေးရွာ၊ ဒုတိယဆုရ အ. ထ. က (ခွဲ) အဘောကျေးရွာ၊ တတိယဆုရ အ. ထ. က ကရင်ချောင်းကျေးရွာတို့အား တာဝန်ရှိသူအသီးသီးမှ ဆုချီးမြှင့်ခဲ့သည်။

ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ကျပ်သိန်း ၁၀၀၊ တွံတေးမြို့နယ် ၇၃ အုပ်စုမှ ၁၄၆ သိန်းနှင့် အလှူရှင်များမှလှူဒါန်းငွေကျပ် စုစုပေါင်း ၃၈၉ သိန်း ရရှိခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် တစ်လထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် ကျောင်းပြီးသည်အထိလည်းကောင်း၊လေးဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငါးသောင်းကျပ် ကျောင်းပြီးဆုံးသည်အထိ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

မျိုးလှိုင်(တွံတေး)

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့တွင် ရွှေဘိုပေါ်ဆန်းမိုးစပါးစံကွက်ရိတ်သိမ်း

ဝက်လက်၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့တွင် ကွင်းအမှတ် (၃၄၅၈) ဦးပိုင်အမှတ် (၇) ရှိ တောင်သူဦးမောင်မောင်ဝင်းနှင့် ဦးမြင့်ခိုင်တို့၏ ရွှေဘိုပေါ်ဆန်းစပါး မျိုးစေ့ထုတ်စိုက်ကွက်ဧက ၂၀ ကိုရိတ်သိမ်းရာ တစ်ဧက ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါရိတ်သိမ်းပွဲတွင် တက်ရောက်လာသော တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ဝင်းက စံကွက်ရိတ်သိမ်းရခြင်း ရည်ရွယ်ချက်များ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ စပါးမျိုးများကို မိမိတို့မျိုးစေ့ မိမိတို့ထားရှိနိုင်ရန် ကြိုးစားကြဖို့လိုကြောင်း၊ စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြင်းသည် လူဖြင့်ရိတ်သိမ်းခြင်းထက် အထွက်နှုန်း ၅၊ ၆ တင်းပိုစေပြီး စပါးအရည်အသွေးပါကောင်းမွန်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်းတော်မြို့နယ် မော်လူးတွင် နွေစပါး(ပုလဲသွယ်စပ်မျိုးစပါး) စိုက်ပျိုး

မော်လူး၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စီးမော်ကျေးရွာအုပ်စု စီပိန်းကျေးရွာတွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီက နွေစပါး (ပုလဲသွယ်စပ်မျိုး) စိုက်ပျိုးနေကြောင်း သိရသည်။

အဆိုပါ နွေစပါး (ပုလဲသွယ်စပ်မျိုး) ကောက်စိုက်ခြင်းကို စီပိန်းကျေးရွာနေ တောင်သူဦးချစ်ထွန်း၏ လယ်ယာမြေတွင် စိုက်ပျိုးခြင်းဖြစ်ပြီး GAP စနစ်ဖြင့် ကောက်စိုက်သမငါးဦးက စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနွေစပါးစိုက်ပျိုးရာသို့ အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးစိုးရွှေ၊ ဒုလက်ထောက်ဦးစီးမှူး ဦးမင်းညွန့်ဦး၊ စီပိန်းကျေးရွာအထောက်အကူပြုကော်မတီဝင် ဦးသန်းဦးတို့က လာရောက်အားပေးကြည့်ရှုရာ လယ်ပိုင်ရှင် နွေစပါးစိုက်ပျိုးသူ ဦးချစ်ထွန်းက နွေစပါးစိုက်ပျိုးနေမှုကို လိုက်လံပြသခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ**

ကျူးကျော်တဲ ၁၄၀ ကျော်ရှင်းလင်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်) ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၅ နာရီခွဲခန့်က (၁၆၈/၁၇၅) ရပ်ကွက် ကျိုစုစက်မှုဇုန်အတွင်းရှိ ကရဏာလမ်း၊ ပန်းဝါလမ်းနှင့် ကနောင်မင်းသားလမ်းမကြီး ဘေးရှိ မြေကွက်ပေါ်တွင် တရားမဝင် ကျူးကျော်ဝင်ရောက်အိမ်ဆောက်တဲများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လုံခြုံရေးအတွက် ကွပ်ကဲမှုအဖွဲ့ ရဲမှူးချုပ်မြဝင်းဦးစီး၍ တိုင်း၊ ခရိုင်၊ မြို့နယ်ရဲမှူးကြီး၊ ဒုရဲမှူးကြီးများနှင့် ရဲတပ်ဖွဲ့ဝင်အင်အားများ၊ အရှေ့ပိုင်းခရိုင်စည်ပင်သာယာရဲတပ်ဖွဲ့ အင်အားများနှင့် လုံခြုံရေးပူးပေါင်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရပ်ကွက်ပေါင်းစုံမှ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပေါင်းစုံမှ ဝန်ထမ်းများပူးပေါင်းပါဝင်သောအဖွဲ့ ခြောက် ဖွဲ့အပါအဝင် စုစုပေါင်းအင်အား ၂၀၀၀ ကျော်ဖြင့် တရားမဝင် ကျူးကျော်ဝင်ရောက်၍ ဆောက်လုပ်ထားသည့်တဲ ၁၄၀ ကျော်ကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ကျူးကျော်တဲများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် အကြောင်းကြား နှိုးဆော်သတိပေးထားသည်။ **(၅၁၂)**

ရွှေစကြာစေတီ ထီးတော်တင်၊ ဌာပနာပိတ်ပွဲနှင့် မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်

သထုံ၊ ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် သထုံမြို့နယ်၌ ထေရဝါဒဗုဒ္ဓသာသနာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ ဝင်းပတောင်ပေါ်တွင် ရှေးနှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော ရွှေစကြာစေတီထီးတော်တင်လှူပွဲ၊ ဌာပနာပိတ်ပွဲနှင့် မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက်က စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

ဝင်းပကျောင်းတိုက်ဆရာတော် ဦးပညာအမှူးထား၍ ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် ညနေ ၄ နာရီတွင် စေတီတော်ပြန်လည်ပြုပြင်စဉ်ကတွေ့ရှိခဲ့သော ရှေးဟောင်း ရုပ်ပွားတော်တစ်ဆူနှင့် လှူဖွယ်ပစ္စည်းတို့ကို ထည့်သွင်း ဌာပနာပိတ်ခဲ့သည်။

ညနေ ၅ နာရီတွင် ရွှေစကြာမဏ္ဍပ်၌ မဟာပဋ္ဌာန်း မြတ်ပူဇော်ပွဲကို စတင်ကျင်းပပြီး ညနေ ၇ နာရီတွင် ရွှေစကြာစေတီတော် ထီးတော်အသစ်တင်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

တပို့တွဲလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် ပင့်ကျောင်း ၁၀ ကျောင်းမှ ပင့်သံဃာအပါး ၈၀ အား လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ တရားနာယူခဲ့ကြောင်းသိရသည်။ **(၁၄၉)**

ကောက်ရသောရွှေ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

ရေကြည်၊ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အသုတ်မြို့၌ ရွှေဆွဲကြိုးသုံးမတ်သားတစ်ကုံး တန်ဖိုးငွေကျပ် ၅၅၀၀၀၀ အား လျှပ်စစ်ပစ္စည်းအရောင်းဝန်ထမ်းမိန်းကလေးတစ်ဦးမှ ကောက်ရသဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူဦးကိုကိုအောင်အား ဇန်နဝါရီ ၂၈ ရက်တွင် အပ်နှံပြီး ပိုင်ရှင်ကိုစုံစမ်းရှာဖွေရာ သာပေါင်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာနေ ဦးကိုထွေး-ဒေါ်စန်းမြင့်တို့ပိုင်ဆိုင်ကြောင်းသိရ၍ ဇန်နဝါရီ ၃၀ ရက်တွင် ဆိုင်ပိုင်ရှင်ဦးကိုကိုအောင်နှင့် ပစ္စည်းကောက်ရသူ အရောင်းဝန်ထမ်း မမေသူအောင်တို့က ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရာ ရွှေဆွဲကြိုးပိုင်ရှင်က ကောက်ရသူ မသူဇာအောင်အား ငွေကျပ် ၅၀၀၀၀ အား ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

သုခကာရီ အခမဲ့ဆေးခန်း ဖွင့်လှစ်၍ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

စစ်ကိုင်း၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းမြို့ သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းကြီးမှ ကြီးမှူးဖွင့်လှစ်မည့် 'သုခကာရီ အခမဲ့ဆေးခန်း' မြေနေရာ မြေသန့်မင်္ဂလာအခမ်းအနားကို ဆေးခန်းတည်ဆောက်ဖွင့်လှစ်သွားမည့် မရှိခဏဘုရား၏ အနောက်မြောက်ထောင့်တွင် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ အလှူရှင်များ၊ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ၊ ဖိတ်ကြားထားသည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

စစ်ကိုင်းမြို့၊ သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းကြီးကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၈ ရက် တွင် စတင်တည်ထောင်ခဲ့ပြီး စစ်ကိုင်းမြို့နယ်နှင့် အနီးဝန်းကျင်ဒေသများ၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ သွားရောက်ကာ နာရေးကူညီဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ထောက်ပံ့မှုများပေးခြင်း၊ ဆေးဝါးငွေကြေးကူညီခြင်း၊ သွေးလှူဒါန်းခြင်း စသည့်လူမှုကူညီရေးပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လာခဲ့ရာ အသင်းကြီး၏သက်တမ်းငါးနှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း သိရသည်။

အသင်းကြီး၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများကြောင့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ကို ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

အသင်းကြီး၏ သက်တမ်းငါးနှစ်ပြည့်ကာလတွင် အခမဲ့ဆေးဝါးကုသမှုဆောင်ရွက်ပေးနိုင်ရန် သုခကာရီအခမဲ့ဆေးခန်းကို ဆောက်လုပ်တည်ထောင်သွားမည်ဖြစ်ပြီး ဆေးခန်းမြေနေရာကို အသင်းကြီး၏ အလုပ်အမှုဆောင်၊ မရှိခဏအောင်သုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသဆရာတော်ကြီးမှ လှူဒါန်းတော်မူခဲ့ကြောင်း၊ ဆေးခန်းဆောင်နှစ်ဆောင်ကို ဆောက်လုပ်သွားမည်ဖြစ်ပြီး ဆေးခန်းတစ်ဆောင်လျှင် ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံ ဆောက်လုပ်သွားမည်ဖြစ်ကာ ဆေးခန်းဆောက်လုပ်ပြီးစီးပါက ဆင်းရဲနွမ်းပါးသူများအား အခမဲ့ဆေးဝါးစမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နန္ဒာမင်းလွင်

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ကွန်ကရစ်တံတားနှင့် ကျေးရွာချင်းဆက်မြေသားလမ်းသစ်ဖွင့်ပွဲ ကျင်းပ

တွံတေး၊ ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) ဒေါက်တာခင်ရွှေ၏ လှူဒါန်းမှု၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းဖော်ထုတ်သည့် ကွန်ကရစ်တံတားနှင့် ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါမြေသားလမ်းသည် ဇောတိ-စံပြမြိုင်-ဆယ်အိမ်စု-ဂိုဒေါင်ကုန်း-ကံကြီးကုန်း-သာယာဌေး-ရန်ကင်-ခလုပ်ရွာချင်းဆက် မြေသားလမ်းသစ် ၇ ဒသမ ၁ မိုင်နှင့် ဆယ်အိမ်စုကျေးရွာ ကွန်ကရစ်တံတားဖွင့်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဇောတိ၊ စံပြမြိုင်၊ ဆယ်အိမ်စု၊ ကံကြီးကုန်း၊ ရန်ကင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများသို့ ငါးသိန်းစီနှင့် ကျေးရွာများ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ရွာလျှင် ငါးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားလမ်းဖောက်လုပ်မှုကြောင့် ကျေးရွာအုပ်စုသုံးအုပ်စုမှ ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ယခင်ကထက် ကောင်းမွန်သွား၍ ပိုမိုအဆင်ပြေသွားသဖြင့် ဒေသခံပြည်သူတစ်သောင်းကျော် ဝမ်းမြောက်ပီတိဖြစ်နေကြကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **မျိုးလှိုင်(တွံတေး)**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှတွင် မိုးပွင့်အထူးစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ကျွန်းလှ၊ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ မိုးပွင့်အထူးစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကိုဇန်နဝါရီ ၂၇ ရက်ညနေ ၄ နာရီက အ. ထ. က ကျွန်းလှခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူတို့က ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၄ ကတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးလျက်ရှိ

ကလေး ဖေဖော်ဝါရီ ၂

ကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံသားအခွင့်အရေးရှိသူ ပြည်သူများအားနိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းများကို One Stop Service စနစ်ဖြင့်မိုးပွင့်အဆင့်(၁)မှအဆင့်(၇) အထိ ဆောင်ရွက်ခဲ့ရာအိမ်ထောင်စုပေါင်း ၁၁၂၁၅ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၅၉၈၆၉ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

အခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲကျင်းပ

ငါန်းဇွန် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်းမြို့နယ် ငါန်းမြာကြီးကျေးရွာ၌ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ဆုရသင်တန်းသားများအား မြို့နယ်မီးသတ်ဦးစီးဌာန ဒုဦးစီးမှူး ဝင်းကျော်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

ရေစကြိုမြို့လမ်းဘေးဝဲ/ယာတွင်အပင်ရေ၆၂၃၀စိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှဦးဆောင်၍လမ်းဘေးဝဲ/ယာစိုက်ခင်းများစိုက်ပျိုးသွားမည်ဟုသိရသည်။

အဆိုပါစိုက်ပျိုးမှုကိုအပင်ရေ ၆၂၃၀ ပင်တိတိစိုက်ပျိုးသွားမည်ဟုသိရသည်။ စိုက်ပျိုးမှုအခြေအနေများကိုရေစကြိုမြို့နယ်အပူပိုင်းဒေသသစ်တောဦးစီးဌာနမှလက်ထောက်ဦးစီးဦးကျော်မင်းသိန်းက “ကျွန်တော်တို့ဌာနကရှင်မတောင်လမ်းဘေး/ဝဲယာစိုက်ခင်းတွေကိုအစအဆုံးဆောင်ရွက်ပေးရပါတယ်။ ပျိုးပင်ကိုရုံးမှာပျိုးရတယ်။စိုက်ပျိုးဖို့ မြေကျင်းကိုမစိုက်ခင်ကတည်းကတူးဖော်ထားရတယ်။ ကျင်းအကျယ်(၃×၃×၁)ပေ (၁×၁×၁) ပေအခုလက်ရှိမှာတော့ကျင်းတူးငှားတွေကိုတစ်ကျင်း ကျပ်၁၇၀နဲ့တူးခိုင်းပြီးလိုက်လံဂရုစိုက်ပေးရတာပေါ့။မိုးရာသီရောက်မှအပင်တွေသယ်ပြီးအစိုက်ငှားတွေနဲ့စိုက်ရပါတယ်”ဟုရေစကြိုမြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှလက်ထောက်ဦးစီး ဦးကျော်မင်းသိန်းထံမှသိရသည်။

ရင်အောင်ဦး(ရေစကြို)

ရှစ်တန်းသွားကောက်စိုက်စက်ဖြင့် မုံရွာမြို့နယ်တွင် နွေစပါးများ သရုပ်ပြစိုက်ပျိုး

မုံရွာ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိစပါးစိုက်တောင်သူများ အချိန်ကုန်သက်သာခြင်း၊ လူအင်အား၊ ငွေအင်အားများ လျှော့ချနိုင်ပြီး အချိန်မီစိုက်ပျိုးနိုင်သည့် ရှစ်တန်းသွားကောက်စိုက်စက်ဖြင့် နွေစပါးသရုပ်ပြစိုက်ပျိုးခြင်းကို မုံရွာမြို့နယ် ကျွဲရဲကျေးရွာမှတောင်သူဒေါ်ချိုမာ နွေစပါး ၁၀ ဧကစိုက်ခင်းတွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရှစ်တန်းသွားကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး “စပါးစိုက်ပျိုးရာသီတွေဆို လုပ်သားအခက်အခဲရှိတယ်၊ အဲဒီအခြေအနေကိုလည်းကျော်လွှားနိုင်တယ်၊ လယ်တစ်ဧကကိုလူ ၁၀ ဦးနဲ့ စိုက်ရင် တစ်ရက်စိုက်ရတယ်၊ စိုက်ခငွေ ၄၀၀၀၀ ကျပ်ကုန်မယ်၊ ဒီကောက်စိုက်စက်နဲ့စိုက်ရင် တမန်းကောင်းတဲ့လယ်ဆိုရင် တစ်ရက်ကို လေးဧကစိုက်နိုင်တယ်၊ တစ်ဧကကို ဒီဇယ်ဆီ တစ်ဂါလန်ပဲကုန်တယ်၊ ကုန်ကျမှုလည်း အများကြီးသက်သာတယ်၊ ကောက်ကွက်ပြည့်မီတယ်၊ အပင်သက်တမ်းနုနုနဲ့ စိုက်တာဆိုတော့ အပင်ပွားနှုန်း လည်းကောင်းတယ်၊ စိုက်ပျိုးလိုသူတောင်သူများအနေနဲ့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ဈေးနှုန်းချိုသာစွာနဲ့ ငှားရမ်းအသုံးပြုနိုင်သလို၊ ဝယ်ယူလိုသည့်တောင်သူများအနေဖြင့်လည်း လွတ်လပ်စွာ ဝယ်ယူနိုင်ပါတယ်”ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးထွန်းနိုင်သန်းက ပြောသည်။

အဆိုပါရှစ်တန်းသွားကောက်စိုက်အား လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူပါက ငွေကျပ် သိန်း၂၀ဖြစ်ပြီး အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူပါက စတင်ဝယ်ယူစဉ်ငွေကျပ် ခုနစ်သိန်းအားပေးသွင်းရမည်ဖြစ်ပြီး ပထမနှစ်ကုန်ပါက ငွေကျပ် ခုနစ်သိန်းအား ပေးဆပ်ရမည်ဖြစ်ပြီး ဒုတိယနှစ်ကုန်ပါက နောက်ဆုံးငွေကျပ် ခုနစ်သိန်းအား ပေးသွင်းရမည်ဖြစ်ရာအရစ်ကျစနစ်ဖြင့်ဝယ်ယူပါက နှစ်နှစ် သုံးရစ်ဖြင့် ငွေကျပ် ၂၁ သိန်းကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးချမ်း-မုံရွာ)

■

ကျေးလက်ဒေသမီးလင်းရေးအတွက်ဆောင်ရွက် ဆိုလာပြားများနှင့် တစ်ရွာလုံးမီးလင်း၍ အဆင်ပြေ

မကွေး ဖေဖော်ဝါရီ ၂

မကွေးမြို့နယ် သပြေစမ်းအုပ်စု တောင်မင်းရွာကျေးရွာတွင်၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဆိုလာပြားများဖြင့်မီးလင်းရန်လုပ်ဆောင်ခဲ့ရာ မီးများလင်းထိန်ပြီးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆိုလာပြား ၂၀ နှင့် ဘက်ထရီအိုး အလုံး ၂၀ တို့ကို တပ်ဆင်ထားပြီး ကုန်ကျငွေ သိန်း ၂၀၀ ခန့်ကုန်ကျမည်ဟုဒေသခံတစ်ဦး၏ပြောပြအချက်အရ သိရသည်။

ကုန်ကျငွေအားလုံးကိုကျွန်တော်တို့ရွာကမပေးရပါဘူး။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးက လာရောက်လုပ်ကိုင်ပေးတာဖြစ်ပါတယ်ဟု ၎င်းက ဆိုသည်။

ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်သလို၊ လူနေမှုဘဝမြင့်မားရေးနှင့် အသိအမြင်ကျယ်စေမည့် တီဗွီတို့ကိုကြည့်ရှုနိုင်ရန်မီးများရရှိရန်လိုအပ်ပါတယ်။ အခုတော့ကျွန်တော်တို့ရွာမှာ ဆိုလာပြားများနှင့် မီးလင်းရန်ပြုလုပ်ပေး၍ ပြောမပြတတ်အောင်အထူးဝမ်းသာပါကြောင်း ၎င်းပုဂ္ဂိုလ်ကပင် ပြောကြားခဲ့သည်။

ဓာဓာ(မကွေး)

ဓနိဖက်တံလုပ်ငန်းဈေးကောင်းရ

ရေဖြူ ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဆန်းချီနှင့် ဒူးတောင်ကျေးရွာတို့သည် ရေခံမြေခံကောင်းမွန်ပြီး သစ်ဝါးများ ပေါများသော ဒေသဖြစ်သည်။ ကျေးရွာများတွင် ပေါက်ရောက်သော နွယ်ဝါးများမှ လောင်းလုံးမြို့နယ်မှ အထွက်များသော ဓနိတောများမှ ဓနိဖက်တံရရှိရန် ဆန်းချီကျေးရွာ၊ ဒူးတောင်ကျေးရွာထွက် ဖက်တံကို အဓိက အားထားဝယ်ယူနေရသည်။

ဆန်းချီကျေးရွာတွင် ၃ပေ ဖက်တံအချောင်း တစ်ထောင်လျှင် ၃၀၀၀ကျပ်နှုန်း ရရှိသည်။ တစ်နေ့လျှင် လူတစ်ဦး ၂၀၀၀ မှ ၃၀၀၀ အထိ စိတ်နိုင်ပြီး ဝင်ငွေ အနည်းဆုံး ၆၀၀၀ ကျပ်ရရှိသည်။မိသားစု သုံးဦး၊ လေးဦးရှိသော အိမ်တွင် တစ်နေ့အချောင်းရေ တစ်ထောင်ကျော်အထိ စိတ်နိုင်သဖြင့် ဝင်ငွေကျပ် ၃၀၀၀၀ အထိ ရရှိသည်။

ဝါးတစ်ရက်ခုတ်ပြီး ၁၃၆ ရက်စိတ်လိုက်ရင် ဝင်ငွေ ၅၀၀၀၀ လောက်ရတယ်ဟု ဖက်တံစိတ်သူ ဦးခင်ဆန်း က ပြောသည်။ ဝယ်ယူသူများမှာ ငွေကို ကြိုတင်ပေးလေ့ရှိကြောင်းနှင့် ဖက်တံရာသီ နိုဝင်ဘာမှ ဧပြီအထိ လုပ်ငန်းလုပ်ကိုင်ရမှာဖြစ်သဖြင့် ဝင်ငွေကောင်းမွန်ကြောင်း သိရှိရသည်။

ရေဖြူ(ပြန်/ဆက်)

ငွေးတောက်စမ်းကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၃ သန်းဖြင့် စက်ရေတွင်းတူးဖော်

မကွေး ဖေဖော်ဝါရီ ၂

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄ ဒသမ ၃ သန်းဖြင့် မကွေးမြို့နယ် ငွေးတောက်စမ်းကျေးရွာတွင် လေး လက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ထွန်းဒဂုံကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်ရေတွင်းကို အနက်ပေ ၇၈၀ ရေထိပ် ၃၅၅ပေရှိပြီး ရေထွက်နှုန်းမှာ တစ်နာရီဂါလန် ၁၅၂၀ ထွက်ရှိ၍ ဂါလန်၅၀၀၀ဆံ့ရေကန်၊ ရေစက်ရုံတို့ပါဝင်ကြောင်းသိရသည်။

အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၄ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၅ရက်တွင် ကျေးရွာမှရေစတင်အသုံးပြုနိုင်ခဲ့ကြောင်းသိရသည်။

“ကျွန်တော်တို့ရွာက ယခင်စက်ရေတွင်း တစ်တွင်းသာရှိခဲ့ရာအဲဒီတွင်း ပျက်သွားတဲ့အခါ နှစ်မိုင် လောက်ဝေးကွာတဲ့ ဘုရားပြိုကျေးရွာ အထိ ရေသွား ခပ်ရတာ အခုတော့ ကျေးလက် ဦးစီးဌာနက စက်ရေတွင်း တူးဖော်ပေးတဲ့ အတွက် တိုးတက်လာတဲ့ လူဦးရေ အတွက် မပူရတော့ဘူး”ဟု ဒေသခံ တစ်ဦးကပြောသည်။

အဆိုပါ ကျေးရွာတွင် အိမ်ခြေ၂၆၀၊ အိမ်ထောင်စု ၂၈၀၊ လူဦးရေ ၁၀၉၅ဦး မှီတင်းနေထိုင်လျက်ရှိကြောင်းသိရသည်။

ကျော်ဇေယျ

ပညာရေး

စင်ကာပူ၏အကောင်းဆုံးအနုပညာကောလိပ်မှ မြန်မာကျောင်းသားများအား ပညာသင်ဆု ပေးအပ်မည်

စင်ကာပူနိုင်ငံ၏အကောင်းဆုံးအနုပညာကျောင်းဖြစ်သော LASALLE အနုပညာကောလိပ်မှ ထူးချွန်သော မြန်မာကျောင်းသားများအတွက် အနုပညာနှင့်သက်ဆိုင်သော ဘာသာရပ်များအား ပညာသင်ဆုများနှင့် စင်ကာပူဝန်ကြီးဌာနမှ Study Grant ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

ယင်းအစီအစဉ်မှ ပညာသင်ဆုရရှိသော မြန်မာကျောင်းသားများသည် Interior Design၊ 3D Animation၊ Fashion၊ Music နှင့် Film ဘာသာရပ်များကိုသင်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် စင်ကာပူဝန်ကြီးဌာန(MoE) မှ ပညာသင်ဆုရရှိသော ကျောင်းသားများအား နှစ်စဉ် Study Grant ချီးမြှင့်သွားမည်ဖြစ်ရာ ဒီပလိုမာဘာသာရပ်များအတွက် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၁၄၀၀၀သုံးနှစ်အတွက် စင်ကာပူဒေါ်လာ ၄၂၀၀၀နှင့် ဒီပလိုမာ ပညာသင်ဆုအတွက် စင်ကာပူဒေါ်လာ ၅၀၀၀အထိနှင့် ဒီဂရီ ပညာသင်ဆုများအတွက် ဒေါ်လာ ၁၀၀၀၀အထိလည်းကောင်း ထပ်မံချီးမြှင့်ပေးမည်ဖြစ်သည်။

ယင်းပညာသင်ဆုကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ iGCSE အောင်မြင်ထားသူများနှင့် တက္ကသိုလ်တွင် တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ပြီး ၂၀၁၅ ဖေဖော်ဝါရီလတွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

ယခုပညာသင်ဆု ချီးမြှင့်သော LASALLE College (စင်ကာပူ)သည် အင်္ဂလန်နိုင်ငံ နာမည်ကျော်တက္ကသိုလ်များဖြစ်သော Goldsmiths နှင့် London တက္ကသိုလ်များနှင့်လည်း ချိတ်ဆက်ထားကြောင်း သိရသည်။ **(ခင်ခင်သက်)**

University of Maineမှ May Intakeအတွက် ကျောင်းဝင်ခွင့် လျှောက်လွှာများ စတင်လက်ခံလျက်ရှိ

အင်္ဂလိပ်ဘာသာရပ်ကို စိတ်ဝင်စားသောကျောင်းသားကျောင်းသူများအနေဖြင့် အမေရိကန်ပြည်ထောင်စု Orono မြို့၌ရှိသော University of Maine တွင် Electrical, Mechanical.Bio Engineering, Environomental Engineering အစရှိသည့် ဘာသာရပ်များကို တက်ရောက်သင်ကြားလိုပါက May Intake အတွက် ကျောင်းလျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ကြောင်း 'Eduvision Worldwide Education Specalist မှ Executive Director မစုမြတ်မွန်ကပြောသည်။

"တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးတဲ့သူတွေ၊ ဒါမှမဟုတ် IGCSE ပြီးထားတဲ့ ကျောင်းသားကျောင်းသူတွေ တက်ရောက်နိုင်ပြီး IELTS ၅ ဒသမ ၅ ရှိဖို့ လိုအပ်ပါတယ်။ပညာသင်နှစ် လေးနှစ်တက်ရောက်ရမှာဖြစ်ပြီးကျောင်းလခကို အရစ်ကျပေးချေနိုင်ပါတယ်။ ထူးခြားတာက Foundation တန်းကို တက်စရာမလိုဘဲ တက္ကသိုလ်ပထမနှစ်ကို တန်းပြီး တက်လို့ရမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

University of Maine ကို (၁၈၆၅) တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံပေါင်း ၆၀ မှ ကျောင်းသား ကျောင်းသူပေါင်း ၁၀၀၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ အစိုးရအသိအမှတ်ပြု ကျောင်းများထဲတွင် နံပါတ် ၁၀၀ အတွင်းရှိသောကြောင့် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများစွာ ရရှိနိုင်သည်။ အင်္ဂလိပ်ဘာသာရပ်ကို အခြေခံမှစ၍ လုပ်ငန်းခွင်ဝင်ရန်အထိ စာတွေ့တင်မကလက်တွေ့ပါ သင်ကြားပေးသောကြောင့် အင်္ဂလိပ်ဘာသာရပ်ကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများအတွက် အထူးသင့်လျော်သော ကျောင်းတစ်ကျောင်းဖြစ်သည်။ **(စန္ဒာဝင်း)**



အမည်ပြောင်းခြင်း

အဖ ဦးအောင်ဇော်လင်း၏သား မြောင်းမြ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ အထက(၃) စတုတ္ထတန်းမှ မောင်သီဟအား မောင်သော် ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ပြည်မြို့၊ အထက (၅)၊ သတ္တမတန်း တန်းခွဲ(က)မှ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး [၇/နတလ(နိုင်) ၀၃၉၆၆၁] ဖြစ်ပါကြောင်း။



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အမှတ်(၉၉)၊ ၃၉လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ဟုခေါ်တွင်သည့် (၂)ခန်းတွဲ(၈)ထပ်တိုက်၏ ပထမထပ်(ယာဘက်ခြမ်း)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးကျော်ဇင်ဝင်း[၁၂/သကတ(နိုင်)၁၄၆၆၈၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ — ဒေါ်ဖြိုးဖြိုးမြင့်
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ — ဒေါ်ဝေဖြိုးအောင်
တရားလွှတ်တော်ရှေ့နေများ — အထက်တန်းရှေ့နေများ

အမှတ်(၆၀)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂

SKYSUITES
SHOW FLAT LAUNCH
QUALITY HOME FOR FAMILY & INVESTMENT
Drive Home BMW 5 series
BEST PAYMENT PLAN
BMW 5 Series
FREEHOLD
LAND
Q HOME
Quality Home, Quality Life
No.23, Yanshin Road,
Yankin Township, Yangon Myanmar
Hotline +959 – 252 80 8200, 252 80 8300

ဖြူးဆရာတော်ကြီး၏ တပည့်ကြီး
ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏အထူးတရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ နိုင်ငံတော် - ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D၊ သာသနာပြု နယ်လှည့်ဓမ္မကထိက၊ အရှင်သူမြတ်သည်

